# ဗုဒ္ဓဉာဏပကာသနီကျမ်း

ပေါင်းတည်မြို့၊ ရွှေကျောင်းကြီးတိုက်

သဒ္ဓမ္မဇောတိကာရုံကျောင်း

## အရှင်သုမင်္ဂလ

(ပရိယတ္တိသာသနဟိတ မူလဓမ္မာစရိယ

ဆင့်သင်္ဂီတိပါဠိပဋ္ဌိဝိသောဓကမထေရ် ရေးသားသည်။)

သာသနာနှစ်-၂၅၄၄ (၁.၆.၂၀၀၀) ကောဇာနှစ်-၁၃၆၂

ပေါင်းတည်မြို့

ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံကျောင်း



သုဓမ္မာဂိုဏ်းကြီး၏ ဦးစီးအချုပ် နိုင်ငံတော် သြဝါဒါစရိယ

**အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး အရှင် "ပုညာဘိဝံသ"**


ကျမ်းပြုအရှင်၏ ကျေးဇူးတော်ရှင်

**ပြည်မြို့ ဓာတိကာရုံတိုက်**




ပါဠိတက္ကသိုလ် ဗဟို ဥက္ကဋ္ဌ နိုင်ငံတော် ဝိနယဓရ အဂ္ဂမဟာပဏ္ဍိတ

**အရှင် တေဇနိယ ဆရာတော်**



**အရှင် သုမင်္ဂလ ပုံတော်။**

ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသသို့ ကျမ်းပြုအရှင်ကိုယ်တော်တိုင်
ကြွရောက် ဖူးမြော်တော်မူပြီးလျှင်
ကျမ်းစာ အစောင်စောင်တို့မှ ညှိနှိုင်း၍
တင်ပြအပ်သောကြောင့် သူတော်ကောင်း အပေါင်းတို့သည်
သဒ္ဓါတရား ရှေ့ထား၍ နှစ်ခြိုက်ကြည်ဖြူစွာ
ကြည့်ရှုနိုင်ကြပါစေကုန်သတည်း။



သာသနာရေးဝန်ကြီးဌာန၊ အမှတ် (၁၆) ဘုရားဖူးအဖွဲ့
၁၆/၂၀၀၀ ဗုဒ္ဓဂါယာ ဘုရားဖူးအဖွဲ့။

ပေါင်း တည် မြို့
ရွှေ ကျောင်း ကြီး တိုက်

# သဒ္ဓမ္မဇောတိကာရုံကျောင်း
# ပရိယတ္တိသာသနဟိတ

မူလဓမ္မာစရိယ

## ဆဋ္ဌသံဂီတိ ပါဠိ ပဋိပိဋကဝေ

## အရှင်သုမင်္ဂလ

မထေရ်သည်

ပါဠိတော် အဋ္ဌကထာ ဋီကာတို့မှ ထုတ်နုတ်၍
စီရင်ရေးသားတော်မူအပ်သော

# ဗုဒ္ဓဉာဏ ပကာသနီကျမ်း

# နိဒါန်း

သေဠဖေဠ်၊ ဂုဏ်ပေါင်းရုံသား၊ ရောင်လျှံဦးစိုက်၊ မကိုဋ်ရတနာ၊
မဟာပရမေ၊ စောဘုန်းဝေသည်၊ များထွေဂါမ၊ နိဂမနှင့်၊ ရာဇဓာနီ၊
မင်းနေပြည်ကြီး၊ အသီးသီးတို့ကို၊ ဂေါစရဂါမ်၊ ဆွမ်းခံရွာပြု၍၊ သီတင်း
သုံးတော်မူပြီးလျှင်၊ ဆုံးမခြင်းငှာ၊ ထိုက်ကြကုန်သား–ဝေနေယျ သတ္တဝါ
အများတို့အား တရားရေအေး၊ အမြိုက်ဆေးကို၊ တိုက်ကျွေးတော်မူ
ကြောင်း၊ ထိုထိုဝိနယ၊ သုတ္တန္တ၌၊ ပထမဦးစွာ၊ အစဖြာသား၊ သင်္ဂါယနာ၊
ထေရ်ဆရာတို့၊ မိန့်မှာနှုတ်ထွက်၊ စကားမြွက်နှင့်၊ အားတက်စရာ၊
ဗုဒ္ဓဃောသ ထေရ်မဟာသည်၊ ကြည်သာရွှင်လျ၊ ဖွင့်ဆိုပြသော၊ အဋ္ဌ
ကထာ၊ ကျမ်းလာစကား၊ ယင်းနှစ်ပါးတို့ကို၊ ကြားရနာရ လေ့ကျက်
ရကြောင့်၊ ဗုဒ္ဓဘုန်းမို၊ ခန္ဓာကိုယ်နှင့်၊ ထိုထိုဂုဏ်များ၊ အစားစားကို၊
ယုံမှားမဖက်၊ ယုံကြည်ခြင်း သဒ္ဒါတရား တက်လာကြကုန်၏။ ယင်းသို့
ကျမ်းစာအတွေ့၊ ကြားရနာရလေ့ကြောင့်၊ ယုံမှားမဖက်၊ ယုံကြည်ခြင်း
သဒ္ဒါတရား၊ တက်လာကုန်သောထက်၊ ဗုဒ္ဓမဟာ၊ စောမြတ်စွာ၏၊
ဂေါစရဂါမ်၊ ဆွမ်းခံပြုရာ၊ ရပ်ဌာနာနှင့်၊ ကိန်းအောင်းတော်မူရာ၊
ကျောင်းတိုက်တော် အဖြာဖြာတို့သည်၊ ယနေ့ထက်တိုင် မပျောက်နိုင်ဘဲ၊
အခိုင်အမာ၊ ရှိတုံပါသောကြောင့်၊ ထိုဂေါစရဂါမ်၊ ဆွမ်းခံပြုရာ၊ ရပ်
ဌာနာနှင့်၊ မြတ်စွာရွှေဘုန်း၊ တိုက်လုံးမှန်သကူ၊ သယမ္ဘူ၏ စံမတူ
ထိပ်ဆောင်း၊ ကိန်းအောင်းတော်မူရာ၊ ရွှေကျောင်းတိုက် အဖြာဖြာတို့ကို၊

အတိအကျ၊ သိရလေအောင်၊ သေချာမယွင်း၊ ဖော်ပြလျှင်းသော်၊ မူလ ရင်းရှိ၊ ထူးကဲဘိသား၊ သဒ္ဒါတရားထက်၊ စွမ်းအားထက်သန်၊ အဖိုးတန် အကဲရောက်၊ သဒ္ဒါအလျှံ တောက်ပလျက်၊ ကမောက်ကမ မဖြစ်၊ ဓောက်ချသောအဖြစ်ဖြင့်၊ ဆည်းကပ်ကိုးကွယ်ကြသော၊ မဟာမျိုး မဟာ အနွယ်တို့သည်၊ မညှိုးမငယ်၊ တန်ခိုးကြွယ်ပြီး၊ ဆိုဖွယ်မရှိ၊ သုဂတိဘုံ တည်းဟူသော၊ ရုံတော်ပွဲသို့၊ စုံပျော်နွှဲရန်၊ လက်မှတ်ယူပြီးသဖွယ်၊ ဖြစ်ကြလိမ့်မည်ဟု၊ မျှော်လင့်လျက်၊ ကျမ်းဂန်အထွက်နှင့်၊ မျက်မြင် အချက်တို့ကို၊ ဆက်စပ်ကာမသွေ၊ ပဋိသန္ဓေ ယူနေရာဌာနမှ၊ အစပြ၍၊ ခန္ဓပရိနိဗ္ဗာန်၊ ဝင်စံပြီးလစ်၊ ဓာတ်တော်စစ်တို့၊ ကြွင်းရစ်သည့်အဆုံး၊ ထိုဌာနအားလုံးတို့ကို၊ စုရုံးပေါင်းစည်း၍၊ အကျယ်နည်းပယ်၊ အကျဉ်း ဆွယ်လျက်၊ ဖွယ်ဖွယ်ရာရာ၊ လင်္ကာ သံပေါက်၊ ကျမ်းထောက်စကား၊ ကိုးကားသက်သေ၊ ဖော်ပြဖွေပြီးလျှင်၊ ဘော်ငွေတမူ၊ ဖွေးဖွေးဖြူလက်၊ မြငွေရွက်အလွှာတွင်၊ ခရာတင်လျက်၊ စီစဉ်ကာ ဖြန့်ချိထုတ်ဝေလိုက် ပါသတည်း။

# အမိတူစွာ မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁။ | ပဏ္ဏာမနှင့် ပဋိညာဉ် | ၉ |
| ၂။ | ပဋိသန္ဓေ၊ စွဲယူနေ | ၁၀ |
| ၃။ | ပုဗ္ဗနိမိတ်၊ ဖြစ်ပေါ်ရိပ် | ၁၁ |
| ၄။ | ကြည့်ခြင်းငါးမျိုး၊ ကြည့်ရရိုး | ၁၁ |
| ၅။ | အလောင်းဗုဒ္ဓင်၊ ပဋိညာဉ် | ၁၆ |
| ၆။ | ဗုဒ္ဓင်လောင်းလျာ၊ ဖွားမြင်ရာ | ၁၈ |
| ၇။ | အမည်ပေးခြင်း၊ စည်းစိမ်နှင်း | ၂၀ |
| ၈။ | ဥယျာဉ်ထွက်စဉ်၊ နိမိတ်ထင် | ၂၂ |
| ၉။ | တောထွက်တော်မူ၊ ဗုဒ္ဓကျုံ | ၂၄ |
| ၁၀။ | အနော်မာမည်၊ မြစ်နဒီ | ၂၅ |
| ၁၁။ | လက်နှစ်သစ်ညီ၊ လည်၍တည် | ၂၇ |
| ၁၂။ | ပရိက္ခရာရှစ်သွယ်၊ ကိုယ်၌လွယ် | ၂၈ |
| ၁၃။ | ဆန္နပြန်စေ၊ မြင်းကသေ | ၂၉ |
| ၁၄။ | ရာဇဂြိုဟ်ဝယ်၊ ဆွမ်းခံလယ် | ၃၀ |
| ၁၅။ | အနွယ်အမည်၊ စုံစမ်းသည် | ၃၁ |
| ၁၆။ | ကာမကိုပယ်၊ ထွက်ခဲ့တယ် | ၃၁ |
| ၁၇။ | လက်မွန်ဦးစွာ၊ ကြွသင့်ပါ | ၃၂ |
| ၁၈။ | ဥရုဝေဠ၊ တောဝန | ၃၂ |
| ၁၉။ | နည်းယူကျင့်ဖွယ်၊ ဝတ္ထုဆွယ် | ၃၃ |
| ၂၀။ | သေနာခေါ်သုံး၊ ရွာနိဂုံး | ၃၅ |
| ၂၁။ | မြို့ ရွာ နိဂမ၊ အထူးပြ | ၃၇ |
| ၂၂။ | နေရဉ္စရာမြစ်ကမ်း၊ ကြွချီမြန်း | ၃၈ |

၂၃။ ရွှေခွက်အစစ်၊ ရေဆန်ပစ် ၄၀
၂၄။ နေ့သန့်စင်ရာ၊ ကုန်းတော်သာ ၄၁
၂၅။ ဗောဓိပင်မျှော်၊ ကြွလှမ်းသော် ၄၂
၂၆။ မြက်ရှစ်ဆုပ်ယူ၊ လှူဒါန်းသူ ၄၂
၂၇။ ဗောဓိပလ္လင်၊ အောင်ပွဲဆင် ၄၃
၂၈။ သတ္တဌာန်၊ စံနေပြန် ၄၅
၂၉။ သဟံပြဟ္မာ၊ တောင်းပန်ထွာ ၅၁
၃၀။ တရားဟောမည်၊ ဝန်ခံသည် ၅၂
၃၁။ ဆွမ်းခံမှီရာ၊ မြို့ဗာရာ ၅၃
၃၂။ သားမျိုးချမ်းသာ၊ မိဂဒါ ၅၅
၃၃။ တောင်ငါးလုံးခို၊ ရာဇဂြိုဟ် ၅၈
၃၄။ ပြိတ္တာအစုတ်၊ ဂိစ္ဈကုဋ် ၆၀
၃၅။ ဣသိဂိလိ၊ ထူးဆန်းဘိ ၆၂
၃၆။ ပထမ သင်္ဂါယနာ၊ တင်နေရာ ၆၄
၃၇။ တပေါဒါရာမ်၊ ရေပူကန် ၆၆
၃၈။ ပိပ္ပလိဂူ၊ တောင်စွန်းငူ ၆၈
၃၉။ ဝါးတောခြံရံ၊ ဝေဠုဝန် ၆၉
၄၀။ ခမ်းနားကြီးဈွာ၊ နာလန္ဒာ ၇၁
၄၁။ မြို့ရှေ့ရွှေဘုံ၊ ပုဗ္ဗာရုံ ၇၅
၄၂။ ဇေတမြေခံ၊ ကျောင်းရွှေဘုံ ၇၇
၄၃။ ကျောင်းတိုက်တည်ပုံ၊ အလုံးစုံ ၇၈
၄၄။ အဖိုးငွေပြတ်၊ ကျောင်းလေးရပ် ၇၉
၄၅။ အာနန်ဗောဓိ၊ ယခုရှိ ၈၅
၄၆။ ကြာမျိုးစုံဖန်၊ ဇေတကန် ၉၀
၄၇။ ပင်မျိုးစုံနှော၊ သူကာဏ်းတော ၉၀

၄၈။ ဘုရားစွပ်စွဲ၊ မိန်းမရဲ	၉၂
၄၉။ ဘုရားပုတ်ခတ်၊ ဒေဝဒတ်	၉၄
၅၀။ ယမကမည်၊ လွှမ်းစေတီ	၉၆
၅၁။ စက္ခုပါလ၊ ကုန်းသာစွ	၁၀၀
၅၂။ လက်ယာခြေချ၊ သကျသ	၁၀၁
၅၃။ နိဗ္ဗူစံရာ၊ ကုသိနာ	၁၀၄
၅၄။ မီးသင်္ဂြိုဟ်ရာ၊ မကုဋ	၁၀၈
၅၅။ မစွန့်အပ်ရာ၊ ရပ်လေးဖြာ	၁၁၁
၅၆။ သံဝေဇနီယ၊ လေးဌာန	၁၁၂
၅၇။ အကြွင်းဌာန၊ ညွှန်းဖော်ပြ	၁၁၄
၅၈။ အပြီးအဆုံး၊ စီကာကုံး	၁၁၆
- ပဲခူးတိုင်း သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ဘုကြီး မဟာစည်သာသနာ့ရိပ်သာ တရားစခန်းများတွင် မဟာစည် သံဃာ့ ပရိဏာယက ဆရာတော် ဘဒ္ဒန္တဝါယာမ မဟာထေရ် မြွက် ဟောကြားအပ်သော ဝိပဿနာ အလုပ်ပေး ဟောစဉ် တရားတော်	၁၁၈
- သာသနာရေးဝန်ကြီးဌာန အမှတ်(၁၆) ဘုရားဖူးအဖွဲ့ ၁၆/၂၀၀၀ ဗုဒ္ဓဂါယာ ဘုရားဖူးအဖွဲ့ ခရီးစဉ်မှတ်တမ်း	၁၄၃

## ပဏာမနှင့် ပဋိညာဉ်

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဝန္ဒိတွာ ဘိနတာရဟံ။
မဟာစေရဉ္စ သိရသာ၊ ကပ္ပရုက္ခူပမံ ဂုရုံ။
ဂန္ထေ ဒီပနဋ္ဌာနဉ္စ၊ ဒိဋ္ဌသမ္ဗဋ္ဌာနကံ။
သုဒ္ဓမာနသာ ကရိဿံ၊ ဗုဒ္ဓဋ္ဌာန ပကာသနိံ။

အဟံ–ငါသည်။ အဘိနတာရဟံ–ဗြဟ္မာနတ်လူ သုံးဘုံသူတို့ ကြည်ဖြူလေးမြတ် စိတ်ကောင်းဓာတ်ဖြင့် ဦးညွတ်ခြင်းငှာ မချွတ်မသွေ ထိုက်တော်မူပေသော။ ဗုဒ္ဓဉ္စ– ဒုက္ခသမုဒယ နိရောဓနှင့် မဂ္ဂတဖြာ လေးသစ္စာကို ဆရာမရှိ ကိုယ်တော်တိုင် သိတော်မူတတ် သော မြတ်စွာဘုရားကိုလည်းကောင်း။ ဓမ္မဉ္စ–ယုတ်မြတ်မဟူ ကျင့်ဆောင်သူကို လေးဆူပါယ်ဝ ဝဋ်ဒုက္ခ၌ မကျလေအောင် ကယ်ဆောင်ပေတတ် မဂ်လေးတန်–ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စ–အယူသီလ တူအမျှဖြင့် မုချမသွေ ပေါင်းအပ်ပေသော မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် ဘုရားသားအမော် သံဃာတော်အပေါင်းကိုလည်းကောင်း။ ကပ္ပရုက္ခူပမံ–အစားအစာ လိုရာတောင့်တ ယူတိုင်းရကြောင့် ပြည့်ဝစုံလင် ပဒေသာပင်ကြီးနှင့် တူတော်မူပေထသော။ ဂုရုံ–ကျောင်းထီးတန္တို၊ အလေးပြုအပ်ထသော။ ဝါ–အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်ဖြင့် ဟိတ်ဓာတ်ကြော်ညာ မင်းဆရာဖြစ်တော်မူထသော။ မဟာစေရဉ္စ–

မေတ္တာကရုဏာ ထင်ပေါ်စွာဖြင့် သိဿာအများ အစားစားကို မြစ်တားဆုံးမ ဩဝါဒညွှန် ကဲလွန်စွာ ကျင့်တော်မူတတ်သော ဆရာတော်မြတ်ကိုလည်းကောင်း။ သိရသာ– ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒိတွာ ဝန္ဒာမိ– ဘယ–လာဘ စသည် မကပ် ကြည်ညိုသော သဒ္ဓါစာတ်ဖြင့် လေးမြတ်လှစွာ ရှိခိုးပါ၏။ ဝန္ဒိတွာ–ဘယ လာဘ စသည်မကပ် ကြည်ညိုသော သဒ္ဓါစာတ်ဖြင့် လေးမြတ် ကြည်နူး၊ ရှိခိုးဦး၍–

ဂန္ထေ –ဝိနည်းသုတ္တန်များ ကျမ်းဂန်၌။ ဒီပနဋ္ဌာနဥ–ပြအပ်ဖော်ကြား ရှင်တော်ဘုရား၏ သီတင်းသုံးတော်မူရာရပ်ဌာနကို လည်းကောင်း။ ဒိဋ္ဌသမ္ဗန္ဓဋ္ဌာနကံစ–မျက်မှောက်ထင်ထင် ယခုဖူးမြင်အပ်သော အရပ်ဌာနနှင့် စပ်သော အရပ်ဌာနကို လည်းကောင်း။ သမ္ဗန္ဓံ–စပ်ခြင်းကို။ ကတွာ–ပြု၍။ ဗုဒ္ဓဋ္ဌာနပကာသနိံ– ရှင်တော်ဘုရား၏ ဖြစ်ထွန်းတော်ရာ၊ သီတင်းသုံးတော်မူရာ အရပ်ဌာနအဝဝကို ပြရာပြကြောင်းဖြစ်ခြင်းကြောင့် ဗုဒ္ဓဋ္ဌာနပကာသနီမည်သော စာစောင်ကို။ သုဒ္ဓမာနသာ–ကိလိဋ္ဌမညှပ် စင်ကြယ်သော စိတ်ဓာတ်ဖြင့်။ ကရိဿံ–ရတနာသုံး အမြတ်ဆုံးဟု နှလုံးသွင်းကြ သဇ္ဇနတို့ သိကြပစေ စီရင်ဖော်ပြပေ အံ့သတည်း။

## ပဋိသန္ဓေ၊ စွဲယူနေ

'သေတကေတု' အမည်တော်ရှိသော 'ဗုဒ္ဓင်္ကုရ' ဘုရားညွှန့်လျာ အလောင်းတော်မြတ်မဟာသည် သစ္စာလေးတန် တရားမှန်ကို ဧကန်သိတတ် ဗောဓိဉာဏ်မြတ်၏ ရင့်ကျက်ခြင်းကို ဆိုင်းငံ့လျက် 'တုသိတာ' မည် နတ်တို့ပြည်၌ လူတို့၏ နှစ်အရေအတွက်အားဖြင့် (ငါးဆယ့်ခုနစ်ကုဋေ–အနှစ်ခြောက်သန်း) ကာလပတ်လုံး မဟာသမ္ပတ် ကြီးမြတ်ရိပ်ငြိမ် နတ်စည်းစိမ်ကို ခံစားတော်မူစဉ်–

ဤအရာ၌… ဘုရားလောင်းအမည်ကို "သေတကေတု"ဟူ၍လည်းကောင်း၊ သန္တုသိတ–ဟူ၍လည်းကောင်း နှစ်မျိုးနှစ်ထွေ ကျမ်းဆရာများ မိန့်ကြားလေ၏။

## ပုဗ္ဗနိမိတ်၊ ဖြစ်ပေါ်ရိပ်

ကိုယ်အဆင်း ဖောက်ပြန်ခြင်း၊ အဝတ်တန်ဆာ ညစ်နွမ်းခြင်း၊ ပန်သောပန်းများညှိုးခြင်း၊ လက်ကတီးမှ ချွေးယိုစီးကျခြင်း၊ မိမိနေရာဘုံ၌ မပျော်မွေ့နိုင်ခြင်းဟု ဆိုအပ်သော နတ်အဖြစ်မှ စုတိရွေ့လျောခြင်း၏ ရှေးအဖို့၌ဖြစ်သော သိကြောင်းဖြစ်သော ပုဗ္ဗနိမိတ်တို့သည် ခုနစ်ရက်အတွင်း မချွတ်ယွင်းဘဲ ထင်လင်းသိသာ ဖြစ်ပေါ်လာကုန်သည်ရှိသော် စကြာဝဠာ တိုက်တစ်သောင်းမှ ကြည်ဖြူနှစ်ထောင်း နတ်ပေါင်းများစွာ ဗြဟ္မာမကြွင်း ပညာရှိ အသင်းအပင်းတို့သည် ဘုရားဖြစ်ရန် ချိန်ခါတန်ပါပြီဟု ဝပ်စင်းညွတ်ခ ဂါရဝဖြင့် ယုယုယယ တောင်းပန်ကြကုန်၏။

### အကျဉ်းသိဖွယ် လင်္ကာသွယ်

ဖောက်ပြန် ကိုယ်ဆင်း၊ ညစ်လျှင်းတန်ဆာ၊ နေရာမပျော်၊ ချွေးသော် ယိုစီး၊ ပန်ပြီးပန်းညှိုး၊ ဤငါးမျိုး၊ ပေါ်ရိုးရှေးနိမိတ်။

❑

## ကြည့်ခြင်းငါးမျိုး ကြည့်ရှိုး

ထိုနတ်ဗြဟ္မာပေါင်း သူတော်ကောင်းတို့၊ ညွတ်ပျောင်းခယ ဂါရဝဖြင့် ယုယုယယ တောင်းပန်ကြသောအခါ မြတ်သောသတ္တဝါအလောင်းတော်မြတ်မဟာသည် နတ်ပေါင်းများစွာ ဗြဟ္မာမကြွင်း ပညာရှိ အသင်းအပင်းတို့အား ဝန်ခံခြင်း ပဋိညာဉ်ကို မပေးဦးသေးဘဲ ဘုရားဖြစ်ရာ အခါကာလ ဘုရားဖြစ်ရာ ကျွန်းဒီပ၊ ဘုရားဖြစ်ရာ အရပ်ဒေသ၊ ဘုရားဖြစ်ရာ အမျိုးကုလ၊ ဘုရားလောင်း မယ်တော်၏ အသက်အပိုင်းအခြား–ဇနေတ္တိ အာယုပရိစ္ဆေဒဟု ဆိုအပ်သော ကြည့်ခြင်းကြီး ငါးမျိုးတို့ကို ကြည့်တော်မူသေး၏။

## အကျဉ်းသိဖွယ် လင်္ကာသွယ်

ကာလ–ဒီပ၊ ရပ်ဒေသနှင့်၊ ကုလ–ဇနေတ္တိ၊ သက်ပိုင်းကြည့်၊ မှတ်ဘိ ကြည့်ခြင်းငါး။

❑

ကြည့်ခြင်းငါးပါး ယင်းအပြားကို ထင်ရှားမသွေ ဖော်ပြပေဦးအံ့။ ကြည့်ခြင်းကြီးငါးပါးတို့တွင် ဤအခါကာလသည်ကား ဘုရားဖြစ်ရာ အခါကာလ ဟုတ်သလော၊ ဘုရားဖြစ်ရာ အခါကာလ မဟုတ်သလော ဟု၊ ဦးစွာပထမ အခါကာလကို ကြည့်တော်မူ၏။ ဘုရား ဖြစ်ရာအခါ ကာလ–ဘုရားမဖြစ်ရာ အခါကာလနှစ်ပါးတို့တွင် အနှစ် တစ်သိန်းမှ အထက်၌ တိုးပွားသော အသက်ရှိသောအခါကာလသည် ဘုရားဖြစ်ရာ အခါကာလမဟုတ်။ အကြောင်းမူကား အနှစ်တစ်သိန်း မှ အထက်၌ တိုးပွားသော အသက်ရှိသောအခါကာလ၌ သတ္တဝါပုဂ္ဂိုလ် များထိုထိုတို့အား ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ သေရခြင်း သဘောတရားတို့သည် မထင်မြင်နိုင်ကုန်။ ဗုဒ္ဓရှင်တော် မြတ်မဟော်တို့၏ တရားဒေသနာတော် သည်လည်း လက္ခဏာရေးသုံးပါးမှ လွတ်သည်မည်သည် မရှိ။ သတ္တဝါ ပုဂ္ဂိုလ် များထိုထိုတို့သည် အနိစ္စဒုက္ခ၊ အနတ္တဟု ဟောတော်မူကုန်သော် ဘုရားရှင်တို့၏ တရားတော်မြတ်ကို မနာယူကြတော့ကုန်၊ မယုံကြည် နိုင်ကြတော့ကုန်။ ထိုသို့ မနာယူကြ၊ မယုံကြည်နိုင်ကြလေသောကြောင့် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် မသိမြင်နိုင်။ သစ္စာ လေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် မသိမမြင်သော် ဗုဒ္ဓရှင်တော်၊ မြတ်မဟော်တို့၏ အဆုံးအမ သာသနာတော်သည် သံသရာဝဲ ဝဋ် ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်ဟု အယူရှိကြလိမ့်မည်။

ထိုအကြောင်းကြောင့် အနှစ်တစ်သိန်းထက် တိုးပွားသော အသက် ရှိသောအခါကာလသည် ဘုရားဖြစ်ရာ အခါကာလမဟုတ်။ အနှစ် တစ်ရာမှစ၍ ဆုတ်ယုတ်သောအခါကာလသည်လည်း ဘုရားဖြစ်ရာ ကာလမဟုတ်။ အကြောင်းမူကား– ဆုတ်ယုတ်သောအခါကာလ

သမယ၌ သတ္တဝါပုဂ္ဂိုလ် များထိုထိုတို့အား လောဘ–ဒေါသ–မောဟ–အစပြုသား ကိလေသာ တရားတို့သည် တိုးပွားများပြားကြကုန်လိမ့်မည်။ ကိလေသာတရား တိုးပွားများပြားကြကုန်သော သတ္တဝါပုဂ္ဂိုလ်များထိုထိုတို့အား ပေးအပ်သော အဆုံးအမ ဩဝါဒသည် အဆုံးအမ ဩဝါဒအရာ၌ မတည်နိုင်တော့ပေ။ နှိုင်းယှဉ်စရာ ဥပမာကား– ရေ၌ တုတ်စသော အရာဝတ္ထုဖြင့် ရေးခြစ်သောအခါ ကြာရှည်စွာ မတည်လင့်ဘဲ တစ်ခဏချင်း ပျောက်ကွယ်ကင်းခြင်းသို့ ရောက်သကဲ့သို့တည်း။ ထိုအကြောင်းကြောင့် အနှစ်တစ်ရာ ဆုတ်ယုတ်သော အသက်ရှိသော အခါကာလသည် ဘုရားဖြစ်ရာ အခါကာလ မဟုတ်။ ယခုအခါကာလသည်ကား လူတို့ အနှစ်တစ်ရာ အသက်တမ်းသို့ ရောက်နေသောအခါကာလ ဖြစ်လေရကား ဘုရားဖြစ်ထိုက်သော အခါကာလပေတည်းဟု အခါကာလကို မြင်တော်မူ၏။

## အကျဉ်းသိဖွယ်၊ သံပေါက်သွယ်

၁။ နှစ်တစ်သိန်းထက်၊ အပေါ်တက်၊ ထင်ချက်မရှိပါ။

၂။ နှစ်တစ်ရာအောက်၊ ဆုတ်ပြန်ရောက်၊ များမောက်ကိလေသာ။

၃။ ထိုခါကာလ၊ ဆိုဆုံးမ၊ နားဝမတည်ပါ။

၄။ မတည်သူများ၊ ဘေးရန်ပွား၊ လေးပါးအပါယ်စာ။

❑

အခါကာလကိုကြည့်ပြီးနောက် ကျွန်းဒီပကို ကြည့်ရာတွင် အရံကျွန်းငယ်နှင့်တကွ ဖြစ်ကုန်သော မြင်းမိုရ်တောင်မင်း၏ အရှေ့မျက်နှာအဖို့၌ဖြစ်၍ ပညာဖြင့် အားထုတ်ရာဖြစ်သော(ပုဗ္ဗဝိဒေဟ) အရှေ့ကျွန်း၊ မြင်းမိုရ်တောင်မင်း၏အနောက်မျက်နှာအဖို့၌ဖြစ်၍ နွားယာဉ်ဖြင့် သွားရာဖြစ်သော (အပရဂေါယာန) အနောက်ကျွန်း၊ မြင်းမိုရ်တောင်မင်း၏ မြောက်မျက်နှာအဖို့၌ဖြစ်၍ ဓမ္မတာသဘောအားဖြင့်ပြီးသော ငါးပါးသီလ၏ အာနုဘော်ကြောင့် ချမ်းသာများရာ ဖြစ်သော (ဥတ္တရ

ကုရု) မြောက်ကျွန်း၊ သပြေပင်ဖြင့် မှတ်သားအပ်သည် ဖြစ်၍ သူတော်ကောင်းတို့၏ တရား ထွန်းပရာဖြစ်သော (ဇမ္ဗူဒီပါ) တောင်ကျွန်းအားဖြင့် လေးသွယ်ကျွန်းကြီး အသီးသီးတို့တွင် လက်ယာတောင်ကျွန်း နိမိတ်ထွန်းသော ဤဇမ္ဗူဒီပါ ကျွန်းမဟာ၌သာ ရှင်စောမြတ်စွာ သမ္ဗုဒ္ဓါတို့သည် ဖြစ်တော်မူကြကုန်၏ဟု ကျွန်းဒီပကို မြင်တော်မူ၏။

**အကျဉ်းသိဖွယ်၊ သံပေါက်သွယ်**

၁။ လူ့ပြည်နယ်တွင်၊ ကျွန်းလေးခွင်၊ အစဉ်ထွန်းသည်သာ။

၂။ ဇမ္ဗူဒီပ၊ ဒက္ခိဏ၊ ဖြစ်ကြသမ္ဗုဒ္ဓါ။

၃။ ဘုရားဖြစ်ကြောင်း၊ တရားပေါင်း၊ ပြည့်ရှောင်း ဤကျွန်းမှာ။

၄။ အကြွင်းဒီပ၊ မဖြစ်ကြ၊ မိန့်ပြကျန်းဂန်မှာ။

❑

ကျွန်းဒီပကို ကြည့်တော်မူပြီးနောက် အရပ်ဒေသကို ကြည့်ရာ၌ သပြေပင်ဖြင့် မှတ်သားအပ်သော ဇမ္ဗူဒီပါ ကျွန်းမဟာသည်လည်း ယူဇနာတစ်သောင်း အတိုင်းအရှည် ရှိလေရကား အဘယ်အရပ်ဒေသ၌ ရှင်စောပရမေ မြတ်ဘုန်းဝေတို့သည် ဖြစ်တော်မူကြကုန်သနည်းဟု ကြည့်တော်မူလေသော်–အရှေ့မျက်နှာမှ အပိုင်းအခြားကား (ဂဇင်္ဂလ) အမည်ရှိသော နိဂုံး၊ အရှေ့တောင်ထောင့်အရပ်မှ အပိုင်းအခြားကား (သလ္လာဝတီ) အမည်ရှိသော ချင်းတွင်းမြစ်၊ တောင်မျက်နှာမှ အပိုင်းအခြားကား (သေတကဏ္ဏိက) အမည်ရှိသော နိဂုံး၊ အနောက်မျက်နှာမှ အပိုင်းအခြားကား (ထုန) အမည်ရှိသော ပုဏ္ဏားရွာ၊ မြောက်မျက်နှာအရပ်မှ အပိုင်းအခြားကား (ဥသိရဒ္ဓဇ) အမည်ရှိသောတောင်၊ ဤကားသာသနာဝင်ကျမ်းဂန်တို့၌လာသော နိမိတ်အပိုင်းအခြား ငါးပါးတည်း။ မြောက်မျက်နှာမှ ဟိမဝန္တာတောင်၊ တောင်မျက်နှာမှ ဝိဥ္ဈာတောင်၊ အနောက်မျက်နှာမှ ကုရုတိုင်းခေါ်–ပန်ဂျပ်နယ်၊ အရှေ့မျက်နှာမှ ပယာဂဆိပ်ခေါ် အကလာဘတ်မြို့၊ ဤကား–လောကီ အဘိဓာန်ကျမ်း၌

လာသော နိမိတ်အပိုင်းအခြား လေးပါးတည်း။ ဤသို့ ဖော်ပြအပ်ပြီး သော နိမိတ်အပိုင်းအခြားငါးပါးတို့ဖြင့် သတ်မှတ်အပ်သော တောင် မြောက် အလျား ယူဇနာ–၃၀၀၊ အရှေ့အနောက် အနံယူဇနာ–၂၅၀၊ အဝန်းယူဇနာ–၉၀၀ ရှိသော ဇမ္ဗူဒီပါကျွန်း၏ အလယ်ချက်ချာ ဖြစ် သော (မဇ္ဈိမဒေသ)၌သာ ဖြစ်တော်မူကြကုန်၏။ မဇ္ဈိမအရပ်တွင်လည်း ကပိလဝတ္ထုမြို့ကို မြင်တော်မူ၏။

## အကျဉ်းသိဖွယ်၊ သံပေါက်သွယ်

၁။ ဂဇင်္ဂလ၊ နိဂမ၊ တည်ထ အရှေ့မှာ။

၂။ သေတကဏ္ဏိက၊ နိဂမ၊ တည်ထတောင်ရပ်မှာ။

၃။ အရှေ့တောင်မှတ်၊ ထောင့်အရပ်၊ တည်လပ် ချင်းတွင်းသာ။

၄။ တောင်အရပ်မှ၊ မည်ထုန၊ တည်ထပုဏ္ဏားရွာ။

၅။ ဥသိရဒ္ဓဇ၊ ပဗ္ဗတ၊ တည်ထ မြောက်မျက်နှာ။

၆။ အလယ်ချက်မ၊ မဇ္ဈိမ၊ မှတ်ကြ လေကုန်ရာ။

၇။ ဘုရားဟူက၊ မဇ္ဈိမ၊ ဖြစ်ကြရသည်သာ။

၈။ ပစ္စန္တ ရာစ်၊ စွန်ဖျားညစ်၊ မဖြစ် သမ္ဗုဒ္ဓါ။

❑

အရပ်ဒေသကို ကြည့်ပြီးနောက် အမျိုးကုလကို ကြည့်ရာ၌ လောကတန်ဆောင် မြတ်ဘုန်းခေါင်တို့သည် မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးအားဖြင့် လေးပါးသော အမျိုးတို့တွင် မင်းမျိုး၊ ပုဏ္ဏားမျိုး၌သာ ဖြစ်ကြရကုန်၏။ ယခုအခါ လူများစွာ တို့သည် သာကီဝင်မင်းမျိုးကို မြတ်၏ဟု သမုတ်အပ်လေသောကြောင့် ထိုသာကီဝင်မင်းမျိုး၌ ငါသည် ဖြစ်ရတော့အံ့။ သုဒ္ဓေါဒနအမည် ရှိသော မင်းမြတ်သည် ငါ၏ ခမည်းတော် ဖြစ်လိမ့်မည်ဟု အမျိုးကုလကို မြင်တော်မူ၏။

## အကျဉ်းသိဖွယ်၊ သံပေါက်သွယ်

သုဒ္ဒ–ဝဿ၊ ဗြဟ္မဏ၊ တဝခတ္တိယာ။
အမျိုးလေးပါး၊ မိန့်ဖော်ကြား၊ မှတ်သားလေကုန်ရာ။
မင်းနှင့်ပုဏ္ဏား၊ မျိုးနှစ်ပါး၊ ဘုရားဖြစ်ရပါ။
ဆင်းရဲကုန်သည်၊ မျိုးနှစ်လီ၊ ဖြစ်သည်မရှိပါ။

အမျိုးကုလကို ကြည့်ပြီးနောက် မယ်တော်၏အသက်အပိုင်းအခြားကို ကြည့်ရာ၌ လောကတန်ဆောင် မြတ်ဘုန်းခေါင်တို့၏ မယ်တော်မည်သည် လျှပ်ပေါ်လော်လီ သေသောက်ကြူးသည် မရှိ။ ကမ္ဘာတစ်သိန်းကာလပတ်လုံး ဖြည့်အပ်ပြီးသော ပါရမီရှိလေရကား ဖွားမြင်ပြီးရာအခါမှစ၍ မကျိုးမပျက်သော ငါးပါးသီလ ရှိရသည်သာလျှင်ဖြစ်၏။ ယခုအခါ (သိရိမာယာ) အမည်သာသော မိဖုရားသည် ငါ၏မယ်တော် ဖြစ်လိမ့်မည်။ အသက်ကြွင်းသည် အဘယ်လောက် ရှိသေးသနည်းဟု ဆင်ခြင်လေသော် ဆယ်လအထက် ခုနစ်ရက်သာ အသက်ကြွင်း ရှိတော့သည်ဟု မယ်တော်၏ အသက်အပိုင်းအခြားကို မြင်တော်မူ၏။

## အကျဉ်းသိဖွယ်၊ သံပေါက်သွယ်။

လျှပ်ပေါ်ခြင်း၊ လော်လီကင်း၊ သန့်ရှင်းတည်ကြည်သည်။
တစ်သိန်းကမ္ဘာ၊ နှစ်ရှည်ကြာ၊ ဖြည့်လာပါရမီ။
သေသောက်မကြူး၊ စောင့်ထိန်းထူး၊ ငါးဦးသီလညီ။
ဖွားမြင်ပြီးက၊ ရက်သတ္တ၊ ပြောင်းကြွနတ်တို့ပြည်။

❑

## အလောင်းဗုဒ္ဓင်၊ ပဋိညာဉ်

ကြည့်ခြင်းကြီးငါးပါးတို့ကို ကြည့်တော်မူပြီး၍ (ငါ၏ထံမှောက်၊ စုဝေးရောက်လာ၊ ဒေဝါများဖြင်၊ အို–အသျှင်တို့)သစ္စာလေးတန်တရားမှန်ကို ကေန်သိတတ် ဘုရားမြတ်ဖြစ်ခြင်းငှာ အခါကာလ

သင့်လျော်လှပေပြီဟု နတ်ဒေဝါခပင်း ပညာရှိ အမင်းမင်းတို့အား ဝန်ခံခြင်းပဋိညာဉ်ကို သတိမပေ့ါ ပေးလေတော့၏။ ယင်းသို့ ဝန်ခံခြင်း ပဋိညာဉ်ကို တိတိဖြောင့်ဖြောင့် ပေးတော်မူပြီးနောက် တုသိတာမည် နတ်တို့ပြည်မှ စုတေ့ရွှေ့လျောခဲ့၍ (ကပိလဝတ္ထု) မြို့တော်နေ၊ အလွန် သော အသရေရှိ၍ သင်တို့ မသွားကုန်လင့်။ ထိုသတို့သမီးကညာ၏ ရုပ်အဆင်းနှင့် ပြည့်စုံခြင်းကို ရှုကြည့်ကြကုန်ဦးလောဟူသော စကားကို စွဲ၍ (သိရီမာယာ)အမည်သာသော တောင်ညာစံထား မိဘုရား၏ ပတ္တမြားလိုဏ်ဂူ ဝမ်းမဍ္ဍုဩ အဍ္ဍနမင်း ဖြိုကြွင်းထားလစ် သက္ကရာဇ် ၆၇–ခု ဝါဆိုလပြည့်နေ့ ကြာသပတေးအကြို နေအရုဏ်ရောင်နီး မိုးသောက်ကြီးအချိန် ဥတ္တရာသဠ် နက္ခတ်နှင့်ယှဉ်လျက် မေတ္တာ၏ ရှေးအဖို့ဉ်ဖြစ်သော ကာမာဝစရ သောမနဿသဟဂုတ်၊ ဉာဏသမ္ပ ယုတ်၊ တိဟိတ်ဥက္ကဋ် မဟာဝိပါက် အသင်္ခါရိက စိတ်အမြတ်ဖြင့် ပဋိသန္ဓေစွဲယူစံနေတော်မူပါသတည်း။

**အကျဉ်းသိဖွယ်၊ သံပေါက်သွယ်။**

၁။ ခြောက်ဆယ့်ခုနစ်၊ သက္ကရာဇ်၊ ရောက်လစ် ထိုအခါ။
၂။ ဝါဆိုလပြည့် ကြွက်မင်းနေ့၊ ယှဉ်လေ့ ဥတ္တရာ။
၃။ တိဟိတ်ဥက္ကဋ်၊ စိတ်အမြတ်၊ တည်လတ် သန္ဓေမှာ။
၄။ သန္ဓေတည်စဉ်၊ နတ်များဖြင်၊ ဝန်းကျင်စောင့်လျက်သာ။
၅။ သန္ဓေတည်လတ်၊ ဌာနမြတ်၊ မှတ်အပ် ကပိလာ။

ကပိလဝတ္ထုဟု ခေါ်ရကြောင်းကား... ဦးစွာအစ၊ ခါကာလဉ်၊ ကပိလမည်သော ရှင်ရသေ့၏ နေရာဌာနဖြစ်၏။ ထိုနေရာဌာနဉ် မြို့၏လက္ခဏာအဖြာဖြာနှင့် ပြည့်စုံစွာ တည်ထောင်ဖန်ဆင်းအပ်သည် ၏ အဖြစ်ကြောင့် (ကပိလဝတ္ထု)မြို့ဟု ခေါ်ရလေသည်။

အာဒိကာလေ ကပိလနာမဿက္လသိနော နိဝါသဌာနတ္ထာ ကပိလ ဝတ္ထု– ဟူသော အဘိဓာန်ဋီကာ ကျမ်းလာစကားကို အမှီပြု၍ ဖော်ပြ အပ်ပါသည်။

## ကျမ်းဂန်အညီ၊ လင်္ကာစီ

ကပိလမည်ရ၊ တာပသ၏၊ ဌာနနေရာ၊ ရပ်ခန်းဝါ၌၊ ကောင်းစွာဖန်ဆင်း၊ တည်ထောင်လျှင်းကြောင့်၊ မည်ရင်းစွဲထ၊ သမုတ်ကြ၊ ကပိလဟုခေါ်-။

❑

# ယခုတွေ့ကြုံမြင်ရပုံကိုကား
# နောက်၌ ဖော်ပြပါအံ့။
# ဗုဒ္ဓင်လောင်းလျာ၊ ဖွားမြင်ရာ။

အလုံးစုံသော တရားဟူသမျှကို သိတော်မူတတ်သော သဗ္ဗညုတဉာဏ်တော်၌ တွယ်တာ ကပ်ငြိတတ်သည်၏ အဖြစ်ကြောင့် (ဗောဓိသတ္တ) အမည်တော်ရသော အလောင်းတော်မြတ် စောနေနတ်သည် ကပိလဝတ်မြို့တော်၊ ဒေဝဒဟမြို့တော်တို့၏ အလယ်အကြား၌ ကပိလဝတ်မြို့တော်သူမြို့တော်သားတွေ၊ ဒေဝဒဟ မြို့တော်သူ မြို့တော်သားတို့ သုံးဆောင်ခြင်းငှာ ထိုက်သော (လုမ္ဗိနီ)တောမည်သော၊ မင်္ဂလာရှိသော အင်ကြင်းဉယျာဉ်တောသည် ရှိ၏။ ထို(လုမ္ဗိနီ)တောမည်သော မင်္ဂလာရှိသော အင်ကြင်းဉယျာဉ်တော၌ ညီညွတ်စွာ လုံးသောပင်စည်ရှိ၍ အရင်းမှ အဖျားတိုင်အောင် ပင်လုံးကျွတ် ပွင့်နေသော အင်ကြင်းပင်၏ အကိုင်းကို (မာယာ)ရွှေခဲ၊ မိပုလဲသည် မယိုင်လဲအောင် ကိုင်ဆွဲဆောင်စဉ် သိင်္ဂီရောင်လွှမ်း၊ မယ်တော်ဝမ်းမှ ကောဇာသက္ကရာဇ် (၆၈)ခု၊ နွေဥတုအလယ် တင့်တယ်လျောက်ပတ် ဝိသာခါနက္ခတ်နှင့် ယှဉ်တုံလပ်သော ကဆုန်လပြည့် သောကြာနေ့အကြိမ် နေတက်ချိန်အခါ မင်္ဂလာပြန့်စည် ဆန့်ချီလက်ရုံး အောင်သံကြုံးလျက် အံ့မဆုံးရာ ရပ်လျက်သာလျှင် ဖွားသန့်စင်တော်မူပါသတည်း။

## အကျဉ်းသိဖွယ်၊ သံပေါက်သွယ်

၁။ လုမ္ဗိနီခေါ်၊ ဥယျာဉ်တော်၊ ထင်ပေါ်တောဝနာ။
၂။ ခြောက်ဆယ့်ရှစ်ခု၊ နွေဥတု၊ ယှဉ်မူဝိသာခါ။
၃။ ကဆုန်လပြည့်၊ သောကြာနေ့၊ ချမ်းမြေ့ဖွားမြင်ပါ။

လုမ္ဗိနီဟု ခေါ်ရကြောင်းကား အပွင့်လိုသား လူအများတို့သည် သွားရောက်အပ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ ရေးရှုမလပ် တောင်းအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ မိမိဟုဆိုအပ်သော တော၌ ဝင်လာကုန်သောသူတို့၏ ပူပန်ခြင်းကို ညှဉ်းဆဲတတ်သည်၏အဖြစ်ကြောင့်လည်းကောင်း (လုမ္ဗိနီ)ဟု ခေါ်ရလေသည်။

လုမ္ဗိယတိ ပုပ္ဖတ္ထိကေဟိ ဂမိယတိ အာယာစိယတီတိဝါ လုမ္ဗိနီ။ လုမ္ဗတိအတ္တာ နိပဝိဋ္ဌာနံ ဒရထံ ဟိံသ တီတိလုမ္ဗိနီ –ဟူသော ဝစနတ္ထ တို့ကို ရှုမျှော်ထောက်ဆ၍ ဖော်ပြအပ်ပါသည်။

## ဝစနတ္ထအညီ၊ လင်္ကာစီ

၁။ အပွင့်လိုချင်၊ လူများဖြင်တို့၊ ဆောလျှင်မပြတ်၊ သွားရောက် အပ်ပေ၊ ကြောင်းတထွေနှင့်၊ မသွေရှေးတည်၊ တောင်းအပ်သည် ကြောင့်၊ အမည်သာဘိ၊ ပညတ္တိ၊ လုမ္ဗိနီဟုခေါ်။
၂။ မိမိဟုဆို၊ တောတခို၌၊ ဝင်လိုကုန်လျှင်း၊ လူခပင်းတို့၊ ပူခြင်း ဆင်းရဲ၊ မြဲအစွဲကို၊ ညှဉ်းဆဲတတ်ဘိ၊ ဗျုပ္ပတ္တိကြောင့်၊ အဘိဓာန်ရှိ၊ ပညတ္တိ၊ လုမ္ဗိနီ ဟုခေါ်။

## ယခုတွေ့ကြုံ၊ မြင်ရပုံကား

အလောင်းတော်မြတ် ဖွားမြင်တော်မူရာ(လုမ္ဗနီ)တောဝနာ၌ (၂၅) တောင်ခန့် အကျယ်အပြန့်ရှိသော အုတ်တိုက်ဇရပ်နှင့် ထိုဇရပ်၏ အလယ်ချက်ချာဝယ် မာယာဒေဝီ မဟေသီခေါင်ဖျား မိဖုရားသည် အလောင်းတော်မြတ် ဗောဓိသတ်ကို ဖွားမြင်ပြီးပုံ ကျောက်ရုပ်ပုံဟောင်း နှင့် ယခုအခါ(နီပေါလ်)အစိုးရသည် အသစ်တထွေ ပြုလုပ်ထားပေ

သော ရုပ်ပုံသစ်များရှိ၍ (သိရီဓမ္မာသောက) အမည်ရသော မင်းမြတ်သည် အမှတ်အသား၏ အဖြစ်ဖြင့် စိုက်ထူထားခဲ့သော (၂၅)တောင်ခန့်မြင့်သော ကျောက်ဖြူတိုင်ကြီးကို တွေ့မြင်ရ၏။ ထိုမှတပါး အလျားအနံ၊ သံတောင် (၅၀)ခန့် ကျယ်ပြန့်သော အုတ်ချ ရေကန်ကြီးနှင့် ထိုရေကန်ကြီး၏ အရှေ့မျက်နှာအနီးအပါး၌ ရဟန်းတော် ထေရ်အရှင်တို့ ကြည်လင်စွာသီတင်းသုံးတော်မူရာ ဖြစ်သော အုတ်ကျောင်းတော်ပျက်ကြီးများကို ဖူးမြင်ရ၏။

ထိုမှတထွေ အုတ်တိုက်ဇရပ်၏ အရှေ့မြောက်ယွန်းယွန်း ပေ(၅၀)ခန့် ကွာဝေးသော ရပ်ဌာနေ၌ မြေတောင်၏အလယ်စေတီဟောင်းကြီးသဖွယ် တည်ရှိသော အရာဝတ္ထုကိုလည်း တွေ့မြင်ရသေး၏။ ယခုအခါ၌ကား မင်္ဂလာအင်ကြင်း ပျောက်ကွယ်ကင်း၍ သန့်ရှင်းသောမြေအပြင်၌ ဥသျှစ်ပင်များကိုသာ တွေ့မြင်ရလျက် ခေတ်သစ်အလိုက်တည်စိုက် ဆောက်လုပ်ထားအပ်သော (နီပေါလ်) ရဟန်းတော်များသီတင်းသုံးတော်မူရာ ကျောင်းတိုက်တာနှင့် ဘုရားဖူးလှည့်လည်များသည့်သည်တို့ ခိုမှီဖို့ရာ ဇရပ်တိုက်အဖြာဖြာတို့ကိုလည်း တွေ့မြင်ရသေး၏။ ထိုမှတဖြာ မင်္ဂလာအင်ကြင်းတောအတွင်းမှ ရှုခင်း သာယာမြောက်မျက်နှာကို မျှော်ကာမသွေ ကြည့်ရှုလေသော် အထစ်အရစ်၊ အဆစ်ဆစ်နှင့် မြင့်မြင့်မှိုင်းမှိုင်း နှင်းဆိုင်းဝေဖြာ နက်ပြာရောင်လွှမ်းအံ့မခန်းဖွယ် ရှည်ပြန့်ကျယ်မြင့် အဆင့်ဆင့်တက် အခိုးထွက်နေသော ရသေ့သူမွန် သီလဝန်တို့ ပျော်စံမွေ့ရာ (ဟိမဝန္တာ) ခေါ်မှန်း ကျောက်တောင်တန်းကြီးကို ရှုမြင်ရပါတော့သတည်း။

## ယခုအမြင်၊ လင်္ကာဆင်

၁။ ယခုအခါ၊ မင်္ဂလာအင်ကြင်း၊ ပျောက်ကွယ်ကင်း၍၊ စီးဆင်းရေပြင်၊ ဥသျှစ်ပင်နှင့်၊ ပြန့်လွင်ကုန်းမြေ၊ ကျောင်းကန်တွေ၊ တည်လေထိုတောမှာ။

၂။ ရှုဖွယ်သာယာ၊ တောဝနာမှ၊ ဥတ္တရာဇွဲ၊ မျှော်ကြည့်လေသော်၊
နှင်းထွေအုံ့ဆိုင်း၊ ရိပြာမှိုင်းဖြာ၊ ဟိမဝါ၊ ထင်စွာမြင်ရပါ။

(ဤကား ဘုရားအလောင်းတော် ဖွားမြင်မြော်ရာနှင့် စပ်သော စကားရပ်အပြီးသတ်တည်း။)

❑

## အမည်ပေးခြင်း၊ စည်းစိမ်နှင်း

ဖွားမြင်ပြီးရာ ထိုအခါဝယ် ကပိလဝတ် မြို့တော်သူမြို့တော်သား တွေ ဒေဝဒဟမြို့တော်သူ၊ မြို့တော်သားတွေ အထွေထွေတို့သည် 'မဟာပုရိသ'ယောကျ်ားမြတ်ခေါ် အလောင်းတော်ကို ကပိလဝတ်မြို့ တော်သို့ ယူဆောင်သွားကြကုန်ပြီးနောက် ငါးရက်မြောက်သော နေ့ အကြိမ်ဝယ် ခပ်သိမ်းသော လောက၏အကျိုးစီးပွား၏ ပြီးခြင်းကို ပြုတတ်သည်၏အဖြစ်ကြောင့် 'သိဒ္ဓတ္ထ'ဟု အမည်နာမ ပညာတ်ကို ပေးအပ်ကြလေကုန်၏။ ထို့နောက် 'မဟာပုရိသ' ယောကျ်ားမြတ်ခေါ် ဘုရားအလောင်းတော်သည် အဆင့်ဆင့် ကြီးရင့်လာရာ '၁၆'နှစ်အရွယ် သာသို့ ရောက်ရှိလေသောအခါ ခမည်းတော် 'သုဒ္ဓေါဒန' မင်းရာဇ သည် ဥတုသုံးထွေ လျောက်ပတ်လေအောင် ဘုံကိုးဆင့်ရှိသော ဆောင်း ဥတုနှင့်လျော်သော 'ရမ္မ'မည်သော ပြာသာဒ်၊ ဘုံခုနစ်ဆင့်ရှိသော မိုးဥတုနှင့်လျော်သော 'သုဘ'မည်သောပြာသာဒ်၊ ဘုံငါးဆင့်ရှိသော နွေဥတုနှင့် လျော်သော 'သုရမ္မ' မည်သော ပြာသာဒ်၊ ယင်းသို့ ဝင်းဝင်း ပလျှပ် ရွှေပြာသာဒ်တို့ကို ထပ်ထပ်ဆင့်ဆင့် ရှုသော်တင့်အောင် မဖောက်မသွေ ဆောက်လုပ်စေပြီးလျှင် အခြံအရံ အကျော်စောကို ဆောင်တတ်သည် ၏ အဖြစ်ကြောင့် 'ယသောဓရာ' အမည်သာသော တောင်ညာစံထား မိဖုရားကို အကြီးအမှူး ဦးစီးအရာ ထားတုံပါ၍ ကိုယ်ရံတော်ပေါင်း လေးသောင်းအတိ ရံစေဘိလျက် အလောင်းတော် မြတ် မင်းသိဒ္ဓတ်ကို မပြတ်ရှုတော်မူစေကြသည်တို့ည်း။

၂၁၉၃၂ ဝါသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ထမ္ဘာအေး၊ ရန်ကုန်

## အကျဉ်းသိဖွယ် သံပေါက်သွယ်

၁။ လောင်းတော်သိဒ္ဓတ်၊ ခံစားအပ်၊ သုံးရပ်ပြာသာဒ်မှာ။

၂။ ရမ္မ–သုဘ၊ သုရမ္မ၊ နာမအမည်သာ။

၃။ ဆောင်းနှင့်လျော်သင့်၊ ဘုံကိုးဆင့်၊ မှတ်သင့်(ရမ္မ)သာ။

၄။ မိုးနှင့်လျော်သင့်၊ ခုနစ်ဆင့် မိန့်လင့်(သုဘ)သာ။

၅။ နွေနှင့်လျော်သင့်၊ ဘုံငါးဆင့်၊ မှတ်သင့် (သုရမ္မာ)။

၆။ ပြာသာဒ်သုံးဆူ၊ အမြင့်တူ၊ မှတ်ယူကြလေပါ။

၇။ မြေပေါ်၌ကား၊ ထူးထွေခြား၊ မှတ်သားဤအရာ။

❑

## ဥယျာဉ်ထွက်စဉ်၊ နိမိတ်ထင်

၁၃–နှစ်တိုင်တိုင် မယိမ်းယိုင်ဘဲ စိုးပိုင်ကြိမ်ကြိမ် မင်းစည်းစိမ်ကို ခံစားလေရာ ထိုအခါ၌ လွန်သောအဆင်းရှိသောကိုယ်နှင့် ယှဉ်သည်၏အဖြစ်ကြောင့် (ဗိမ္ဗာ)မည်ငြား မိဖုရား၏ ပတ္တမြား ဝမ်းဗိုက် ကြာခန်းတိုက်မှ သားတော်ချစ်စု ပုလဲဥကို ဖွားမြင်တော်မူကြောင်း သတင်းကောင်းကို နား၌မသေွ အလောင်းတော်မြတ်ကြားရလေလျှင် (ရာဟုဇာတံ၊ ဗန္ဓနံဇာတံ) ဟု နှုတ်မြွက်သံခြွေ မိန့်ဆိုလေ၏။ ယင်းသို့ အလောင်းတော်မြတ် မင်းသိဒ္ဓတ်သည် နှုတ်မြွက်သံချွေ မိန့်ဆိုလေသည်မှစ၍ ဘိုးတော်(သုဒ္ဓေါဒန) မင်းရာဇက အလောင်းတော်မြတ် မင်းသိဒ္ဓတ်၏ ဆိုအပ်စကား အစွဲထား၍ ရာဟုမည်မှတ် အသူရိန်နတ်သည် အတွင်းပတ္တမြား အပကားငွေ မြုတေရောင်လျှံ ယုံဗိမာန်ကို ဖမ်းယူသကဲ့သို့ ထိုနည်းမခြား အလားတူစွာ ဤမြေးရတနာသည်လည်း ဃရာဝါသ သမ္မာဖြင့် ဒုက္ခဖွဲ့နှောင် လူတို့ဘောင်မှ ခွာရှောင်ပယ်ရှင်း ထွက်မြောက်ခြင်းကို ဖမ်းယူတတ်စွ အနွတ္ထကြောင့် (ရာဟုလာ)ဟု ယဉ်ကျေးသညာ ပေးခဲ့ပါသတည်း။

ရာဟုလာသားတော် ရွှေခဲလှော်ကို ဖွားမြင်လေရာ နေ့အခါ၌ စင်ကြယ်စိတ်ထား နတ်အများတို့က သိဒ္ဓတ္ထမင်းသား၏ သစ္စာလေးပါး မြတ်တရားကို ထိုးထွင်းသိရာ ချိန်အခါကား နီးကပ်လာပြီ သို့ဖြစ်သည် ကြောင့် ပုဗ္ဗနိမိတ် ရှေ့ပြေးတိတ်ကို ပြကြကုန်စို့ဟု တိုင်ပင်ကြကုန် ၍ တစ်ယောက်သောနတ်သားကို သူအိုယောင်၊ သူနာယောင်၊ သူသေ ယောင်၊ ရဟန်းအသွင် ဖန်ဆင်းလျက် ပြကြကုန်တော့၏။

နတ်တို့ဆောင်ပြ နိမိတ္တတို့သည် သိဒ္ဓတ္ထမည်သော အလောင်းတော် မြတ်မဟာသည် ဉယျာဉ်သို့ထွက်လာချိန်အခါ၌ ကောင်းစွာမသွေ ထင်မြင်လေကုန်၏။ နိမိတ်အပြား ယင်းလေးပါးတို့တွင် ရဟန်း နိမိတ်ကို မြင်သောအခါ ကြည်သာရွှင်လန်း ရဟန်းအဖြစ်၌ တန်းတန်း မသွေ စိတ်ညွတ်တော်မူလေတော့သတည်း။

## သတိထားဖွယ် များမျိုးနွယ်

သူအိုနိမိတ်ကို မြင်ရသဖြင့် အရွယ်ကောင်းခြင်းကြောင့် မာန်ယစ် ခြင်းဟု ဆိုအပ်သော (ယောဗ္ဗနမဒ)ကို ပယ်တော်မူသည်။ သူနာနိမိတ် ကို မြင်ရသဖြင့် အနာရောဂါကင်းခြင်းကြောင့် မာန်ယစ်ခြင်းဟု ဆိုအပ် သော (အာရောဂျမဒ)ကို ပယ်တော်မူသည်။ သူသေ နိမိတ်ကိုမြင်ရ သဖြင့် အသက်ရှည်ခြင်းကြောင့် မာန်ယစ်ခြင်းဟုဆိုအပ်သော (ဇီဝိတ မဒ)ကို ပယ်တော်မူသည်။

## အကျဉ်းသိဖွယ်၊ သံပေါက်သွယ်

၁။ သူအိုမြင်ရ၊ (ယောဗ္ဗန)၊ မဒ ပယ်သည်သာ။

၂။ သူနာမြင်ရ၊ (အာရောဂျ)၊ မဒ ပယ်သည်သာ။

၃။ သူသေမြင်ရ၊ (ဇီဝိတ)၊ မဒ ပယ်သည်သာ။

၄။ အာရုံမြင်တိုင်း၊ ဉာဏ်ကသိုဏ်း၊ ဖြန့်လှိုင်းရှုကုန်ရာ။

ယခုတွေ့ကြုံ မြင်ရပုံကိုကား အလောင်းတော်မြတ် မင်းသိဒ္ဓတ် နှင့်တကွ ကြင်ယာတော် (ယသောဓရာ) ဖခမည်းတော် သုဒ္ဓေါဒနမင်း၊

မယ်တော် မာယာဒေဝီ မိဖုရားတို့၏ ရိပ်ငြိမ်ချမ်းသာကို ခံစားရာ အာဏာတန်ခိုး ဖြန့်မိုးရာအရပ် ကပိလဝတ်နေပြည်တော်မြတ်သည် ကား ဇမ္ဗူဒီပါ ကျွန်းလက်ယာတွင် သညာထင်ပေါ် နေပြည်တော်ကြီး ဖြစ်လင့်ကစား သင်္ခါရတရားကို မလွန်ဆန်နိုင်ခြင်းကြောင့် ယခုအခါ နီပေါလ် အစိုးရပိုင်နယ်အတွင်း ချို့ယွင်းပျက်စီး ခြုံပိတ်ပေါင်း ဆီးလျက် ရှိသည်ကိုသာ တွေ့မြင်ပါတော့၏။

**ခမ္ဘသံဝေ၊ ဖြစ်ဖွယ်ပေ**

မြို့၏အင်္ဂါ အဖြာဖြာနှင့် မကွာပြည့်စုံ ရွှေနန်းဘုံစိုက် သိရ်ဂုဏ် ထိုက်ရာ ကပိလာကား ဤခါမြင်ရ ခြုံပေါင်းခလျက် လုံးဝပျက်စီး အချည်းနှီးတည်း။

❑

## တောထွက်တော်မူ ဗုဒ္ဓကို

ယနေ့ပင်လျှင် ငါသည် ရန့်ရင်းသော မီးပွားကို ဆီးတား၍ တောထွက်ခြင်းငှာ သင့်လျော်တော့၏ဟု နှလုံးသွင်းလျက် ပြာသာဒ် အပြင်မှ ဆင်းသက်ပြီး၍ ဖွားဖက်တော်ဖြစ်သော 'ဆန္န'ကို တိုင်ပင်ပြီး မြိုင်ခွင်သို့သွားရန် အလျား'၁၈'တောင် အမြင့်'၁၈' တောင်ရှိ၍ အစွမ်းလျင်ခြင်း ခွန်အားနှင့်ပြည့်စုံသော အလုံးစုံ ဖွေးဖွေးဖြူသော ဖွားဖက်တော် 'ကဏ္ဍက' မြင်းမင်းကို စီးနင်းလျက် မြင်းမြီး၌'ဆန္န'ကို ကိုင်စေပြီး၊ သက္ကရာဇ်'၉၇' နှေဥတုအဆုံး ဝါဆိုလပြည့် တနင်္လာနေ့ မြတ် ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်ခိုက် သန်းခေါင်ယံအတွင်း ဖွားဖက် တော်တစ်သင်းတို့သည် တောထွက်ခြင်းကို ပြုကြကုန်လေတော့ သတည်း။

**အကျဉ်းသိဖွယ်၊ လင်္ကာသွယ်။**

ကိုးဆယ် ခုနစ်၊ သက္ကရာဇ်တွင်၊ ပြည့်နှစ်ဝင်းစို၊ လ ဝါဆိုဝယ်၊ တောခိုပျော်မွေ့၊ ကျားမင်းနေ့၌၊ ယှဉ်လေ့နက္ခတ်၊ ဥတ္တရတ်နှင့်၊

ကြံ့လပ်ခိုက်လျှင်း၊ သန်းခေါင်တွင်းဝယ်၊ မြင်းမင်းနာမ၊ ကဏ္ဍကနှင့် ဆန္ဒ–အမတ်၊ ဗောဓိသတ်တို့၊ တောရပ်မြိုင်တွင်း၊ ထွက်ကုန်လျှင်းသည်၊ ညချင်း နောမာရောက်တော့သည်။

ဤအရာ၌ ဆင်ခြင်ဖွယ်– ဖွားဖက်တော်ဖြစ်သော အလောင်းတော် မြတ် စီးသော မြင်း၏ အမည်နာမပညတ်ကို အချို့သောစာမူတို့၌ ကန္ထက ဟူ၍လည်းကောင်း၊ အချို့သော စာမူတို့၌ (ကဏ္ဍက)ဟူ၍ လည်းကောင်း အမျိုးမျိုး အထွေထွေ ကွဲပြားလျက်ရှိပေကုန်၏။ ထိုသို့ စာမူအမျိုးမျိုးအထွေထွေ ကွဲပြားလျက်ရှိသည်တို့တွင် (ကဏ္ဍက) ဟူ၍ ရှိသော စာမူတို့သည်သာ သင့်လျော်လျောက်ပတ် ယုတ္တိ ရှိပေ၏ဟု ဆင်ခြင်မိ၏။ ကဏ္ဍဟူသောပုဒ်သည် မြားဟောပုဒ်ဖြစ်သည်။ ကဏ္ဍော ဝိယာတိ ကဏ္ဍကောဟု ဥပမာတဒ္ဓိတ်ဝိဂြိုဟ် ပြုလုပ်၍ မြားနှင့် တူသော လျင်မြန်ခြင်း၊ အဟုန်ရှိသည်၏အဖြစ်သည်ကြောင့် (ကဏ္ဍက) ဟု အမည်နာမ ပညတ်ပေးအပ်ကြသည်ဟု သဘောကျသည် ဖြစ်သော ကြောင့် ဤစာစောင်၌ (ကဏ္ဍက) ဟူသောပုဒ်ကို သွင်း၍ ထည့်သွင်း ဖော်ပြအပ်ပါသည်။

❑

## အနောမာမည်၊ မြစ်နဒီ

အလောင်းတော်မြတ် မင်းသိဒ္ဓတ်သည် တစ်ညဉ့်တည်းဖြင့်ပင် ကပိလဝတ္ထု ဒေဝဒဟ ကောလိယဟု ဆိုအပ်သော မင်းတို့နေပြည် အလီလီတို့ကို ကျော်လွန်မြောက်၍ သုံးဆယ်ယူဇနာ ကွာဝေးပါသော (အနောမာ)မည်လျှန်း နဒီကမ်းသို့ အမိုက်ပယ်ဖျက် အရုဏ်တက်လာ ချိန်အခါ၌ ကောင်းစွာမသွေ ရောက်လေတော့၏။ (အနောမာ)မည် လျှန်း၊ နဒီကမ်းသို့ ကောင်းစွာမသွေ ရောက်လေသောခါ ဗောဓိသတ် လောင်းလျာသည် သာယာညီညွတ်သော မြစ်ကမ်းစပ်၌ တန့်ရပ်တော်မူ ၍ ဖွားဖက်တော် 'ဆန္န'ကို နှုတ်မြွက်သံချေ မေးလေ၏။ နှုတ်မြွက်

သံဖော်မေးတော်မူပုံကား "ဖွားဖက်တော် အမောင်ဆန္န၊ ဤမြစ်သည်ကား အဘယ်မည်သောမြစ်ပါသနည်း"ဟုမေးလေသောအခါ"လောကထိပ်တင်အရှင်မင်းသား၊ အနောမာမြစ် မည်ပါသည်ဘုရား"ဟု သံသာချိုရွှင် လျှောက်တင်လေ၏။ ထိုသောအခါ အလောင်းတော်မြတ် မဟာသည် ငါတို့၏ရဟန်းအဖြစ်သည်လည်း မယုတ်ညံ့တော့သည် ဖြစ်လတ္တံ့ဟု နှလုံးသွင်း၍ ခြေဖနောင့်ဖြင့် တုတ်လျက် ဖွားဖက်တော် မြင်းမင်းကဏ္ဍကကို အမှတ်သညာ ပေးလေလျှင် ဖွားဖက်တော် မြင်းမင်းကဏ္ဍကသည်လည်း အဟုန်အားဖြင့် ခုန်လွှားလွင့်၍ ရှစ်ဥသဘာ အကျယ်အပြန့်ရှိသော အနောမာမည် မြစ်နဒီ၏ သာယာပြန့်ပြူးကမ်းနဖူး၌ တည်လေတော့၏။

အလောင်းတော်မြတ် မင်းသိဒ္ဓတ်သည် မြင်းပေါ်မှ ဆင်းသက်၍ ပုလဲစုနှင့် တူသော အဆင်းရှိသော သဲသောင်ပြင်၌ရပ်လျက် "ဖွားဖက်တော်အမောင်'ဆန္န'၊ သင်သည် တန်ဆာနှင့် 'ကဏ္ဍက'မြင်းမင်းကိုယူဆောင်၍ ပြည်ဘောင်သို့ သွားပေတော့။ ငါသည်ကား ရဟန်းပြုတော့မည်"ဟု ပြောဆိုမိန့်ကြားလေ၏။ ဖွားဖက်တော်'ဆန္န'ကလည်း "လောကထိပ်တင် အရှင်မင်းသား၊ ကျွန်ုပ်သည်လည်း သာသနာထမ်း ရဟန်းပြုပါအံ့" ဟု စကားတုံ့ပေး ပြောကြားသေး၏။ အလောင်းတော်မြတ် မင်းသိဒ္ဓတ်က စကားတစ်ဖန် ပြောပြုပြန်သည်မှာ "ဖွားဖက်တော် အမောင်ဆန္န၊ သင်သည်ကား ရဟန်းပြုခြင်းငှာ မရအပ်"ဟု သုံးကြိမ်တိုင်တိုင် စကားလှစ်ပြီးတားမြစ်၍ တန်ဆာနှင့် ကဏ္ဍကမြင်းမင်းကိုသာ အဆက်မပြတ်အောင် လွှဲအပ်ပြီးနောက် အမြန်အလျင် ဆံပင်တို့ကို စိုးနှောင့်မပွေ ဖြတ်တောက်လေတော့သတည်း။

## ကျမ်းဂန်အညီ၊ လင်္ကာစီ

၁။ ရှစ်ဥသဘာ၊ အကျယ်ရှ၍၊ မလည်စ်ကြေး၊ ကင်းစင်ဝေးကြောင့်၊
ဖြူဖွေးသန့်ရှင်း၊ မယုတ်လျှင်း၊ အမည်ရင်း အနောမာ။

၂။ မြင်းမင်းရာဇ၊ ကဏ္ဍကကား၊ သဟဇာတ၊ မတ်ဆန္ဒနှင့်၊ ဘုရားအလောင်း၊ သူတော်ကောင်းကို၊ မြစ်ကြောင်းတစ်ဘက်၊ ပို့ဆောင်ချက်၊ စွမ်းထက်ခွန်အားပါ။

ဤအရာ ရှစ်ဥသဘဟူသော စကားရပ်၌ နွားလားတွန်သံကို ကြားလောက်ရာ အရပ်အတိုင်းအရှည်သည် တစ်ဥသဘ မည်၏။ (၇)တောင်တာအားဖြင့် တာ(၂၀)ရှိသောအရပ် အတိုင်းအရှည်သည် တစ်ဥသဘ မည်၏။ ယခုအခါ အနောမာမြစ်ရှိရာ ဌာနကို စုံစမ်းမေးမြန်းရာ အိန္ဒိယနိုင်ငံအတွင်း (ဂေါရပူရ်)မြို့၏ အရှေ့မြောက်ယွန်းယွန်း(၅)မိုင်မျှလောက်သောအရပ်၌ ရှိ၍ လောင်းတော်မြတ် တောထွက်တော်မူပုံကို ထုလုပ်ထားသော ကျောက်မြင်းရုပ်ကြီးသည်ပင် မြစ်ကမ်း၌ ထင်ရှားစွာ ရှိသေးကြောင်းကို တစ်ဆင့်စကားကြားသိခဲ့ရ၏။

❑

## လက်နှစ်သစ်ညီ၊ လည်၍တည်

ဆံပင်ကို ဖြတ်ဟောက်ပြီးနောက် ဦးခေါင်း၌ပေါက်ရောက်သော ဆံပင်တို့သည် လက်နှစ်သစ်အတိုင်းအရှည်ရှိကုန်၍ လက်ယာရစ်အားဖြင့်သာလျှင် အမြဲတစေ တည်နေကုန်တော့၏။ အသက်ရှိသမျှ ကာလမတ်လုံး အတိုးအပွားမရှိတော့ဘဲ ဖြတ်ပြီးတိုင်းသာ တည်နေကုန်ရကား ဆံပင်မုတ်ဆိတ်တို့ကို ဖြတ်ရိတ်ရခြင်းကိစ္စကား လုံးဝပြတ်စဲလေပြီ။

### ကျမ်းဂန်အညီ၊ လင်္ကာစီ

ဆံပင်မုတ်ဆိတ်၊ ဖြတ်ရိတ်ပြီးရာ၊ ချိန်အခါမှ၊ ဇီဝါသက်တိုင်၊ မပွားနိုင်ဘဲ၊ ခံ့ခိုင်ရစ်လည်၊ အမြဲတည်သည်၊ အညီလက်သစ် နှစ်ထွေတည်း။

❑

## ပရိက္ခရာရှစ်သွယ်၊ ကိုယ်၌လွှယ်။

ဆံပင်ကိုပယ်ဖြတ်ပြီး၍ အလောင်းတော်မြတ် အကြံအစည် ဖြစ်တော်မူသည်မှာ စည်းစိမ်ဉစ္စာ အဖြာဖြာဖြင့် ထွန်းပရာဖြစ်သောကြောင့် (ကာသိ) အမည်ရသော တိုင်းရှင္ဒ၌ ဖြစ်ကြလေကြား ဤအဝတ်များတို့သည် အဖိုးများစွာ ထိုက်တန်ပါကုန်၏။ ငါ့အား ရဟန်းအဖြစ်၌ မသင့်မတော် မလျော်ကုန်ဟု အကြံအစည် ဖြစ်လေ၏။ ထိုအခါ (ကဿပ)ရှင်တော်ဘုရား လက်ထက်တော်၌ မိတ်ဆွေဟောင်းဖြစ်သော (ဃဋီကာရ) အမည်ရှိသော ဗြဟ္မာကြီးသည် မိတ်ဆွေ၏ အဖြစ်ဖြင့် ကြံစည်လေပြီ။ ကြံစည်ပုံကား ယနေ့ ငါ၏ချမ်းသာဆင်းရဲ၊ မကွဲတူမျှ တကွဖြစ်ဖူးသော သူငယ်ချင်းမိတ်ဆွေသည် မြတ်သော တောထွက်ခြင်းသို့ ထွက်လာခဲ့ပေပြီ။ ချမ်းသာဆင်းရဲ မကွဲတူမျှ တကွဖြစ်ဖူးသော သူငယ်ချင်းမိတ်ဆွေအား ပရိက္ခရာရှစ်ပါးကို ယူဆောင်၍ အလေးတမူ ပေးလှူမည်။ ဤသို့အကြံအစည်ဖြစ်သည့်အတိုင်း မဆုတ်ဆိုင်းဘဲ အလောင်းတော်မြတ် မင်းသိဒ္ဓတ်အား ပရိက္ခရာရှစ်ရပ်ကို အလေးအမြတ် ပေးလှူအပ်သော် အလောင်းတော်မြတ် မင်းသိဒ္ဓတ်သည် ပရိက္ခရာရှစ်သွယ် ကိုယ်၌လွှယ်၍ ကာမဂုဏ်ငါး အာရုံမှားကို ရှောင်ရှားဖယ်ကြဉ် ရဟန်းအသွင်ကို ယူဆောင်လေတော့သတည်း။

## သတိပြုဖွယ်၊ များမျိုးနွယ်

သင်္ကန်းဝတ်ပုံ စသည်တို့ကို သင်ပေးတတ်သောဆရာ မရှိသော်လည်း ရှေးဘုရားရှင်တို့၏ လက်ထက်၌ ရဟန်းပြု၍ လေ့ကျက်ဖူးသောကြောင့်လည်းကောင်း၊ အသိဉာဏ်ပညာတော် ထူးမြတ်လှသည်၏ အဖြစ်ကြောင့်လည်းကောင်း သင်္ကန်းဝတ်ပုံတို့၌ ကျွမ်းကျင်လိမ္မာတော်မူ၏။

## ကျမ်းဂန်အညီ၊ လင်္ကာစီ။

၁။ သင်ပေးဆရာ၊ မရှိပါလည်း၊ ပညာတော်ထူး၊ လေ့ကျက်ဖူးသည့် အကြောင်းဒွိကြောင့်၊ အပြည့်အစုံ၊ တတ်ကျွမ်းပုံ၊ ကြည်ယုံ မှတ်သင့်ရာ။

၂။ ယင်းသို့ကျမ်းထွက်၊ ကြောင်းနှစ်ချက်ကို၊ ယှဉ်ဖက်ဉာဏ်ရှိ၊ လူကဝိတို့၊ သတိမကင်း၊ နှလုံးသွင်းလျက်၊ ရန့်ရင်းဖြတ်ပယ်၊ ကောင်းရာဆွယ်၊ နောင်ဝယ် မဆွံ့ရာ။

❑

## ဆန္နပြန်စေ၊ မြင်းကသေ။

ရဟန်းအသွင်ကိုယူပြီးလေရာ ထိုအခါ၌ မဟာသတ္တ မြတ်သောသတ္တဝါလောင်းလျာသည် ဖွားဖက်တော် အမောင်ဆန္န၊ ငါ၏ စကားဖြင့် မိခင်ဖခင် ကျေးဇူးရှင်တို့အား ကင်းစင်ရောဂါ ဘယာမကပ် ဥပဒ်မရှိ ပကတိကျန်းမာသည်၏အဖြစ်ကို ပြောကြားလိုက်ပါတော့ဟု ပြောဆို၍ တောတခိုမှ လွှတ်လိုက်လေ၏။ ဖွားဖက်တော် ဆန္နသည်လည်း မငြင်းဆန် မတော်လှန်ဘဲ ကျိုးနွံတုတ်ဝပ် ဦးနှိမ်ညွှတ်၍ လက်အုပ်ချီကာ လက်ယာရစ်လည် ရှောင်ရှားဖယ်သွားလေပြီ။ ဖွားဖက်တော်မြင်းမင်း(ကဏ္ဍက)သည်ကား မိမိသခင် ကျေးဇူးရှင်များနှင့် ကွေကွင်း ခွဲခွာရခြင်းကို သည်းခံခြင်းငှာ မစွမ်းနိုင်ပါ၍ နှလုံးကွဲသဖြင့် ဗြုံးခနဲ သေပြီးနောက် တာဝတိံသာ နတ်ပြည်ရွာ၌ (ကဏ္ဍက) မည်သောနတ်သား ဖြစ်ရလေပြီ။ အလောင်းတော်မြတ် ဗောဓိသတ် လည်း အစဉ်သဖြင့် ချစ်မြတ်နိုးဖွယ်သည်ရှိ၏အဖြစ်ကြောင့် (အနုပိယ)မည်သော သရက်တော၌ပင် (၇)ရက်ပတ်လုံး မစားသုံးဘဲ အမြတ်ဆုံးအတန်း ရဟန်းတို့ချမ်းသာဖြင့် လွန်စေပြီးနောက် ယူဇနာ (၃၀)ကွာဝေးသော ခရီးသို့ရောက်၍ (ဂင်္ဂါ)မြစ်ကို ကူးပြီးလျှင် တောင်ငါးလုံးရန်ခိုရာဇဂြိုဟ်ခေါ် ရွှေမြို့တော်တွင်းသို့ သမဏောက္ကန္ဒြေ သိရ်သရေဖြင့် ကြွဝင်တော်မူလေသတည်း။

**အံ့ဖွယ်အစစ်၊ ဤအဖြစ်။**

ခုနစ်ရက်ပတ်လုံး မစားသုံးလည်း ရွှင်ပြုံးကြည်သာ ကိုယ်ခန္ဓာခိုင် မယိမ်းယိုင်အောင် ထိန်းနိုင်စွမ်းအား ဆေးဝါးမဟုတ် တရားချုပ်ဖမ်း မြတ်ရဟန်း၏ ထူးဆန်းချမ်းသာ အစစ်ပါတည်း။

❑

## ရာဇဂြိုဟ်ဝယ်၊ ဆွမ်းခံလယ်။

ရာဇဂြိုဟ်မြို့တော်တွင်းသို့ ဝင်ပြီးလျှင် အိမ်စဉ်အတိုင်း မကျော် ပိုင်းဘဲ ဆွမ်းအလို့ငှာ လှည့်လည်သွားလာလေသော် ဘုရားညွှန့်အမော် ရဟန်းတော်၏ ရုပ်အဆင်းကို တစ်မုဟုတ်ခြင်း မြင်ကြရသဖြင့် မြို့တော်တစ်ခုလုံး ချောက်ချားခြင်းသို့ ရောက်ကြလေရကား မင်းချင်း ယောကျ်ား သူရဲကောင်းများတို့က (ဗိမ္ဗိသာရ)အမည်ရသား နရသနင်း ပြည့်ရှင်မင်းအား အကြောင်းမျိုးစုံ အဖုံဖုံကို အကုန်အစင် သံတော်ဦး တင်ကြကုန်၏။ ဘုရားညွှန့်အမော် ရဟန်းတော်သည်လည်း ငြိမ်သက် သောဣန္ဒြေ ငြိမ်သက်သောစိတ် ရှိသည်ဖြစ်၍ ရုပ်အဆင်း၏ တင့်တယ် ခြင်းဖြင့် လူအများ၏မျက်လုံးတို့ကို ဆွဲငင်သကဲ့သို့ လေးတောင်ခန့်မျှ ကြည့်ရှုလျက် ရောပြွမ်းသောဆွမ်းကို မျှလောက် သင့်လျော်ရုံ စုဆောင်း ပြီးလျှင် ဝင်လာခဲ့သော တံခါးပေါက်ဖြင့်သာလျှင် မြို့တော်တွင်းမှ ထွက်လျက် ဖျော့တော့သော အဆင်းရှိသည်၏အဖြစ်ကြောင့် 'ပဏ္ဍဝ' အမည်ရသော သေလာခြေ ကျောက်ဖျာဖွေ့၌ အရှေ့သို့ မျက်နှာပြုလျက် ရောပြွမ်းရောထ အာဟာရကို မှီဝဲသုံးဆောင်လေတော့သတည်း။

**ကျမ်းဂန်အမြင် ရောပြွမ်းဆင်**

ဖျော့တော့အဆင်း၊ ရှိတုံလျင်းကြောင့်၊ မည်ရင်းသာစွ၊ ပဏ္ဍဝဟု သေလအခြေ၊ ကျောက်ဖျာဖွေ့၌၊ ပုဗ္ဗရှေ့ရပ်၊ မျက်နှာအပ်ကာ၊ သုံးဆောင် ရာထ၊ ပါသာဏကား၊ ထင်ရှားခုတိုင် တွေ့မြင်နိုင်၏။

❑

## အနွယ်အမည်၊ စုံစမ်းသည်

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်မင်းမြတ်သည် မြို့တော်တွင်းမှ ထွက်လတ်၍ ပဏ္ဍဝတောင်သို့ ရှေ့ရှုမသွေ သွားတည့်လေပြီး အေးမြသန့်စင် ကျောက်ဖျာပြင်၌ ထိုင်နေလျက် ဘုရားညွှန့်အမော် ရဟန်းတော်၏ လျောက်ပတ်သော ဣရိယာပုတ်၌ စိတ်ကောင်းယှဉ်မိ ကြည်ညိုသည် ဖြစ်ရကား အမည်အနွယ်စသည် အလီလီတို့ကို မေးမြန်း စုံစမ်း ထောက်လှမ်းပြီး ဘုရားညွှန့်မော် ရဟန်းတော်အား အလုံးစုံသော အစိုးရခြင်းကို ပိုင်ပိုင်နင်းနင်း အပ်နှင်းလေတော့သတည်း။

### နည်းယူကျင့်ဖွယ် မှာတမ်းသွယ်

ရပ် ထိုင် လျောင်း သွား၊ လေးပါးဣရိယာ ကောင်းမွန်ပါကြောင့် ရာဇာမင်းမြတ် ဗောဓိသတ်ကို လွန်ကြည်ညိုသို့ ထိုထိုများစွာ သတ္တဝါလည်း လေးဖြာဣရိ ကောင်းမွန်ဘိအောင်၊ သတိဆောင်မှ များမြောင်နတ်လူ လွန်ကြည်ဖြူမည် နည်းယူကျင့်ဖွယ် မှာတမ်းတည်း။

❑

## ကာမကိုပယ် ထွက်ခဲ့တယ်

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်မင်းမြတ်က အလုံးစုံသော အစိုးရခြင်းကို ပိုင်ပိုင်နင်းနင်း အပ်နှင်းလေရာ ထိုအခါ၌ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်မင်းမြတ် ငါ့အား ကိလေသာကာမ ဝတ္ထုကာမတို့ဖြင့် အလိုမရှိ သဗ္ဗညုတဉာဏ်တော်ကို တောင့်တလျက် အဖော်မပါ တစ်ကိုယ်တည်းသာ ထွက်ခဲ့လာ၏ဟု မကြောက်မရွံ့ နောက်မတွန့်ဘဲ ရှင်းရှင်းလင်းလင်း ဘွင်းဘွင်းကြီး ပြောလိုက်လေ၏။

### တရားသက်ဖွယ်၊ ရှစ်လုံးသွယ်

ကာမဂုဏ်ငါး လိုက်စားမလျော် ဗုဒ္ဓတရား စောင့်ငြား ပျော်ပျော်။
ကာမဂုဏ်ကား လေးပါးပယ်ဖော် မြတ်တရား ဆောင်ငြား နိဗ္ဗူမော်။

❑

## လက်မွန်ဦးစွာ ကြွသင့်ပါ

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်မင်းမြတ်သည် အမျိုးမျိုး အထွေထွေ တောင်းပန်လေသော်လည်း ဘုရားလောင်းမြတ် ဗောဓိသတ်၏စိတ်ကို အလိုပါအောင် မဆွဲဆောင်နိုင်သောကြောင့် မချွတ်ဧကန် အမှန်စင်စစ် ဘုရားဖြစ်လတ့်ဟု ရိပ်မိလေရကား ဘုရားဖြစ်သော အရှင်ရဟန်းတော် သည် အကျွန်ုပ်၏နေပြည်တော်သို့ ဦးစွာမဆွ ကြွလာတော်မူသင့်ပါ၏ဘုရားဟု ပြောဆိုလျှောက်ထားပြီးလျှင် မြို့တော်တွင်းသို့ ဝင်သွားလေ၏။ ဘုရားလောင်းမြတ် ဗောဓိသတ်သည်လည်း ရာဇာမင်းမြတ် လျှောက်ထားအပ်သော စကားရပ်ကို ဝန်ခံတော်မူပြီး၍ အစဉ်အတိုင်း လှည့်လည်သည်ရှိသော် 'ကာလာမ' အမျိုးဖြစ်သော 'အာဠာရ' နှင့်'ရာမ'မင်း၏သားဖြစ်သော'ဥဒက'တို့ထံ ချဉ်းကပ်၍ ရှစ်ရပ်သော သမာပတ်ကို ဖြစ်စေပြီးလျှင် ဤရှစ်ရပ်သော သမာပတ်သည်ကား သစ္စာလေးတန် တရားမှန်ကို ဧကန်မယွင်း သိနိုင်ခြင်း၏ အကြောင်း မဟုတ်သေးဟု ဉာဏ်အမြင်ဖြင့် ကြံဆင်ခြင်တော်မူ၍ ထိုသမာပတ္တိ ဘာဝနာကို တန်ဆာမဆင်တော့ဘဲ မြတ်သောကမ္မဋ္ဌာန်းကို အားထုတ် ခြင်းငှာ အလိုရှိသောကြောင့်'ဥရုဝေလ' အမည်ရသော တောဝနပြင် မြိုင်ရပ်ခွင်သို့ ခပ်လျှင်လျှင် ကြွမြန်းတော်မူလေသတည်း။

❑

## ဥရုဝေလ တောဝန

ဥရုဝေလ အမည်ရသော တောဝနပြင် မြိုင်ရပ်ခွင်သို့ ရောက်တုံ လျှင်ပင် အသရေပျို့ပျို့ ဤမြေအဖို့သည်ကား မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ဖွယ်ရာ ကောင်းပါပေစွတကားဟု ဝမ်းမြောက်တော်မူလှ၍ ထို'ဥရုဝေလ' တောဝနဌ်ပင် မျှတရွှင်ပျော် နေတော်မူလျက် ဆင်းရဲ ငြိုငြင် ပင်ပန်းသဖြင့် ပြုအပ်သောအကျင့်ဟု ဆိုအပ်သော ဒုက္ကရစရိယာ ကျင့်မဟာကို အစာမသုံး လုံးလုံးမပစ် ခြောက်နှစ်မပြတ် ကျင့်တော်မူ လတ်သတည်း။

## အကျဉ်းသိဖွယ် လင်္ကာသွယ်

၁။ အောက်သမာပတ်၊ မလိုအပ်ဘဲ၊ လေးရပ်သစ္စ၊ မြတ်ဓမ္မ၊ လိုထ လောင်းကဝေ။

၂။ ဒုက္ကရစရိယာ၊ ခြောက်နှစ်ကြာအောင်၊ ကျင့်ရာရပ်ကွက်၊ တော မြိုင်နက်၊ မှတ်ချက်ဥရုဝေ။

ဥရုဝေလဟု ခေါ်ရကြောင်းကား များစွာသော သဲပုံသဲစုရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊ သီလ၏အပိုင်းအခြားတည်းဟူသော ကမ်းကို ကျော်လွန်ခြင်းကြောင့် ထမ်းဆောင်အပ်သော သဲရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း ဥရုဝေလဟု ခေါ်ရလေသည်။

ဥရုဝေလာယန္တိ မဟာဝေလာယံ၊ မဟန္တေ ဝါလုကာ ရာသိမှီတိ အတ္ထော၊ အထဝါ ဥရူတိ ဝါလုကာ ဝုစ္စတိ၊ ဝေလာတိ မရိယာဒါ၊ ဝေလာ တိက္ကမနဟေတု အာဘတာဥရုဝေလာတိ ဧဝံပေတ္ထအတ္ထော ဒဋ္ဌဗ္ဗော- ဟူသောဥဒါန်း အဋ္ဌကထာ ကျမ်းလာစကားကို အမှီပြု၍ ဖော်ပြအပ်ပါ သည်။

### ကျမ်းဂန်အညီ လင်္ကာစီ

များစွာသဲစု၊ ရှိတုံ့မှုကြောင့်၊ ဥရုဝေလ၊ တစ်နည်းပြ၍၊ သီလ ကမ်းခြေ၊ ကျော်လွန်လေသော်၊ မသွေမဖီ၊ ဆောင်အပ်သည်တိ၊ သဲ အရှိကြောင့်၊ အဘိဓာန်ပြု၊ ပညတ်မှု၊ ဥရုဝေလခေါ်။

❑

## နည်းယူကျင့်ဖွယ် ဝတ္ထုဆွယ်

လွန်လေပြီးသောအခါ ဂေါတမသညာ ရွှေဘွဲ့သာသော ရှင်တော်ဘုရား မပွင့်ထွန်းမီ တစ်သောင်းသောအမျိုးသားတို့သည် ရသေ့ ရဟန်းပြုကြကုန်၍ ထိုအရပ်ဒေသ၌ နေထိုင်ကြကုန်သည်ရှိသော် တစ်နေ့သ၌ အညီအညွတ် စည်းဝေးတိုင်ပင်ကြကုန်ပြီးလျှင် ကတိကဝတ်ကို ပြုကြကုန်၏။

ကတိကဝတ်ပြုပုံကား–

ကိုယ်ဖြင့် ပြုသော မကောင်းမှု၊ နှုတ်ဖြင့်ပြုသော မကောင်းမှုတို့သည် သူတစ်ပါးတို့အားလည်း ထင်ရှားပေါ်လွင်ကုန်၏။ စိတ်၌ ဖြစ်သော မကောင်းမှုမည်သည်ကား သူတစ်ပါးတို့အား မထင်ရှား မပေါ်လွင်။ ထို့ကြောင့် အကြင်သူသည် ကာမဝိတက်ကိုလည်းကောင်း၊ ဗျာပါဒ ဝိတက်ကိုလည်းကောင်း၊ ဝိဟိံသာဝိတက်ကိုလည်းကောင်း ကြံစည်ငြားအံ့။ ထိုကြံစည်သောသူအား တစ်ပါးသော အပြစ်တင်တတ်သော 'စောဒက' ပုဂ္ဂိုလ်မည်သည် မရှိ။ ထိုကြံစည်သောသူသည် မိမိသည်ပင်လျှင် မိမိကိုယ်ကို အပြစ်တင် စောဒနာ၍ ဖက်ရွက်ထုပ်ဖြင့် သဲကို ယူဆောင်လျက် ဤအရပ်ဌာန၌ ကြဲစေသတည်း။ ဤသို့ သဲကို ယူဆောင်လျက် ကြဲခြင်းသည် ထိုကြံစည်သောသူအား ဒဏ်ပေးသော အမှုဖြစ်စေဟု ကတိကဝတ်ကို ပြုကြကုန်၏။ ထိုနေ့မှစ၍ အကြင်သူသည် ကာမဝိတက်၊ ဗျာပါဒ ဝိတက်၊ ဝိဟိံသာ ဝိတက်ကို ကြံစည်၏။ ထိုသူသည် ထိုအရပ်၌ ဖက်ရွက်ထုပ်ဖြင့် ထမ်းဆောင်လျက် သဲကို ကြဲ၏။ ယင်းသို့ သဲကိုကြဲသဖြင့် ထိုအရပ်၌ များစွာသော သဲစုသဲပုံသည် အစဉ်သဖြင့် ဖြစ်လာတော့၏။ ထို့ကြောင့် 'ဥရုဝေလ'ဟု အမည်တွင်လေတော့သတည်း။

> အတီတေ ကိရ အနုပ္ပန္နေဗုဒ္ဓေ ဒသသဟဿတာပသာ တသ္မိံ ပဒေသေ ဝိဟရန္တာ ကာယကမ္မဝစီကမ္မာနိ ပရေသံ ပါကဋာနိ ဟောန္တိ မနောကမ္မံပန အပါကဋံ၊ တသ္မာ ယော မိစ္ဆာဝိတက္ကံ ဝိတက္ကေတိ၊ သော အတ္တနာဝ အတ္တာနံ စောဒေတွာ ပတ္တပုဋေန ဝါလုကံ အာဟရိတွာ ဣမသ္မိံ ဌာနေ အာကိရတု ဣဒမဿ ဒဏ္ဍကမ္မန္တိ ကတိကဝတ္တံကတွာ တတောပဋ္ဌာယ ယော တာဒိသံဝိတက္ကံ ဝိတက္ကေတိ သော တတ္ထ ပတ္တပုဋေန ဝါလုကံ အာဟရိတွာ အာကိရတိ၊ ဧဝံ တတ္ထ အနုက္ကမေန မဟာဝါလုက ရာသိ ဇာတော

–ဟူသော ဥဒါန်းအဋ္ဌကထာ ကျမ်းလာစကားကို အမှီပြု၍ ဖော်ပြအပ်ပါသည်။

ယခု တွေ့ကြုံမြင်ရပုံကား ဥရုဝေလတောဟု သတ်မှတ်ပိုင်းခြားအပ်သော နယ်အတွင်း၌ နေရဉ္စရာမြစ်၏အရှေ့မျက်နှာ နှစ်မိုင်ခန့်အကွာဝယ် တောင်မြောက် အလျား အရှည် တည်နေသော တောင်တန်းကြီးကို တွေ့မြင်ရ၏။ ထိုတောင်တန်းကြီးဝယ် တင့်တယ် လျောက်ပတ်သော တောင်ခုလပ် ပေ၃၀၀–ခန့်အမြင့်ရှိသော အရပ်၌ အနောက်မြောက်ထောင့်အရပ်သို့ မျက်နှာဝလှည့်နေသောတောင်ကို ဖောက်ထွင်းထားသော အလျား၈–တောင် အနံ ၆–တောင်ရှိသော ကျောက်လိုဏ်ဂူကြီးကိုလည်း တွေ့မြင်ရ၏။ ထိုမှတစ်ရပ် ကျောက်လိုဏ်ဂူကြီး၏အနီးကပ်လျက် တိဗက်ရဟန်းတော်များပိုင် ကျောက်တိုက်ငယ်နှစ်လုံးနှင့်ကြီးမားသော မန်ကျည်းပင်ကိုလည်း တွေ့မြင်ရသေး၏။ အထက်ဖော်ပြပါ ကျောက်လိုဏ်ဂူကို 'ဒုက္ကရစရိယာ'ကျင့်ရာဌာနဟု အသိအမှတ် ပြုကြလေ၏။

## ယခုအမြင် လင်္ကာဆင်

တောင်မြောက်အလျား၊ တည်နေငြားလပ်၊ တောင်တန်းရပ်တွင်၊ လျောက်ပတ်သင့်တင့်၊ တောင်အမြင့်ဝယ်၊ လိုဏ်ဝကျယ်၊ မှတ်ဖွယ်ကျင့်နေရာ။

❑

# သေနာခေါ်သုံး ရွာနိဂုံး

အလောင်းတော်မြတ် ဗောဓိသတ်သည် သေနာနိဂုံးရွာနေ သေနာအမည်ရှိသော သူကြွယ်သူဌေး၏ အရွယ်ရောက်လစ် ပျိုစစ်ကညာသုဇာတာသည် ရက္ခစိုးနတ် အထင်မှတ်ပြီး မြင်လတ်ရာဌာနမှစ၍ကိုယ်ကိုညွတ်ကိုင်း မရိုင်းစိုင်းဘဲ ရှိုင်းရှိုင်းရိုသေ သွားတည့်လေပြီးလျှင် နွားနို့ရည်ပေါင်းများစွာဖြင့်စိမ်ထားသော နို့နတ်'ဃနာ'ဆွမ်းဩဇာကို

အဖိုးတစ်သိန်းထိုက်သော ရွှေခွက်၌ ထည့်၍ တစ်ခုသောရွှေခွက်ဖြင့် ဖုံးလျက် အလောင်းတော်မြတ် ဗောဓိသတ်၏လက်ဝယ် ဆက်ကပ်ပြီး တုံလတ်၍ ခြေ လက် နဖူး တည်ဦးငါးဖြာ ပဥ္စပတိဋ္ဌိတဝန္ဒနာ ဖြင့် ရှိခိုးလျက် ကျွန်မ၏နှလုံးအလိုသည် မချို့ကုံလုံ ပြည့်စုံသကဲ့သို့ အရှင်ကောင်း အရှင်မြတ်တို့၏ နှလုံးအလိုသည်လည်းထိုနည်းမခြား အလားတူစွာ ပြည့်စုံပါစေသတည်းဘုရားဟု ဆိုလျက် ဆုတ်ခွာ ရှောင်ရှား ဖယ်သွားပါတော့သတည်း။

## အကျဉ်းသိဖွယ် လင်္ကာသွယ်

၁။ သုဇာတာမည်၊ ယုဝတီ၏၊ နို့ရည်ဆွမ်းမြတ်၊ လှူဆက်ကပ်ရာ၊ အရပ်မှာ သေနာနိဂုံးတည်း။

၂။ ဦးစွာ ပထမ၊ ဆွမ်းဒါန၏၊ ဖလအကျိုး၊ ကဲလွန်မိုးဟု၊ တန်ခိုးတော်ရှင်၊ ဟောမိန့်ဆင်တည်း။

သေနာနိဂုံးရွာဟု ခေါ်ရကြောင်းကား— ကမ္ဘာတည်စခါကာလ၌ ဖြစ်ကြလေကြား မင်းအများတို့၏ အောင်စစ်သည်ကျော် တပ်မတော်၏ ဝင်နေရာအရပ်၌ တည်ထားသောရွာ ဖြစ်သောကြောင့် သေနာရွာဟု ခေါ်ရလေသည်။ တစ်နည်းမှာကား သုဇာတာဟု သညာပြန့်မွေး မိန်းကလေး၏ မွေးသဖခင် ကျေးဇူးရှင်၏ နေရာဌာန နိဂုံးဖြစ်သောကြောင့် သေနာနိဂုံးဟု ခေါ်ရလေသည်။

ဆင်ခြင်ဖွယ်— ဤအရာ၌ အချို့သော ကျမ်းစာမူဝယ် သေနနိဂမေဟူ၍လည်းကောင်း၊ သေနာနိဂမေဟူ၍လည်းကောင်း နှစ်မျိုးနှစ်ထွေ ပုဒ်နေ ကွဲပြားလျက်ရှိသည်တို့တွင် အောက်၌ ဖော်ပြပါ မာရသံယုတ် အဋ္ဌကထာကျမ်းလာစကားကို မှီငြမ်းတစ်ခု အားကိုးပြု၍ ဤအရပ်၌ တည့်တည့်မတ်မတ် ဖော်ပြအပ်ပါသည်။

သေနာနိဂမောတိ ပထမကပ္ပိကာနံ သေနာယနိဝိဋ္ဌောကာ
သေပတိဋ္ဌိတဂါမော။ သုဇာတာယဝါ ပိတုသေနာနာမ နိဂမော။
ဤကား မာရသံယုတ် အဋ္ဌကထာ ကျမ်းလာ စကားတည်း။

### အကျဉ်းသိဖွယ် လင်္ကာသွယ်

၁။ ကမ္ဘာဦးဖြစ်၊ ဒေဝရာဇ်တို့၊ အောင်စစ်သည်တပ်၊ ဝင်နေရပ်၌၊ တည်လတ်လေရာ၊ ယင်းဂါမာ၊ သေနာအမည်ခေါ်။

၂။ သုဇာတာဟု၊ သဉ္ဇာသာစွ၊ ကလေးမ၏၊ မွေးသဖခင်၊ ကျေးရွာရှင်၏၊ ပျော်ရွှင်ရပ်သာ၊ နိဂမာ၊ သေနာအမည်ခေါ်။

❑

## မြို့ ရွာ နိဂမ အထူးပြ

တံတိုင်းအကာအရံလည်းရှိ၊ ဈေးလည်းရှိသော အရပ်ဌာနကို နဂရမြို့ဟု ခေါ်ရလေသည်။ တံတိုင်းအကာအရံကား မရှိ။ ဈေးသာ ရှိသော အရပ်ဌာနကို 'နိဂမ' နိဂုံးဟု ခေါ်ရလေသည်။ တံတိုင်းအကာ အရံလည်း မရှိ၊ ဈေးလည်းမရှိသော အရပ်ဌာနကို 'ဂါမ'ရွာဟု ခေါ်ရ လေသည်။

ဧတ္ထစ အပါကာရပရိက္ခေပေါ သာပဏော နိဂမော။ သပါကာရာ ပဏ္ဍံ နဂရံ၊ တံတံဝိပရီတော ဂါမော တိ ဣမေသံ တိဏ္ဏံ ဝိသေသော ဒဋ္ဌဗ္ဗော–ဟူသော ကင်္ခါဋီကာ ကျမ်းလာစကားကို အမှီပြု၍ ဖော်ပြ အပ်ပါသည်။

### အကျဉ်းသိဖွယ် သံပေါက်သွယ်

၁။ တံတိုင်းလည်းရှိ၊ ဈေးလည်းရှိ၊ ခေါ်ဘိ နဂရာ။

၂။ တံတိုင်းမရှိ၊ ဈေးသာရှိ၊ ခေါ်ဘိ နိဂမာ။

၃။ တံတိုင်းလည်းကင်း၊ ဈေးလည်းကင်း၊ ခေါ်လျှင်း ဂါမသာ။

၄။ မြို့ရွာ နိဂမ၊ အထူးပြ၊ မိန့်ဟကျမ်းဋီကာ။

ယခုတွေ့ကြုံမြင်ရပုံကား နေရဥ္စရာမြစ်၏ အနောက်မျက်နှာ ကမ်းထိပ်၏အနီး၌ ညီညွတ်သာယာသော သဲမြေအပြင်ရှိသည်ဖြစ်၍ မနိမ့်လွန်း၊ မမြင့်လွန်းသော သရက်ဥယျာဉ်တို့ဖြင့် တင့်တယ်ဝေဆာ သော နေရာဌာနကို တွေ့မြင်ရ၏။ ၎င်းနေရာဌာနကို သေနာနိဂုံး

ရှာတည်ရာ ဌာနဟု အသိအမှတ် ပြုကြလေ၏။ သေနာနိဂုံးရွာ တည်ရာ ဌာန၏အနောက်မျက်နှာအနီး၌ ကပ်လျက် အုတ်ဆွေး အုတ်ကျိုးပေါင်းများစွာတို့နှင့်ပြည့်လျက်ရှိသော ကုန်းမြေမြင့်နှင့် အကျယ်ခွင်ကျ–၂–တောင်ရှိသော လေးထောင့်ရေတွင်းကိုလည်း တွေ့မြင်ရ၏။ ၎င်းနေရာဌာနကို သုဇာတာတို့၏ အိမ်နေရာဟု အသိအမှတ် ပြုကြလေ၏။ သုဇာတာတို့၏အိမ်နေရာအနီးပေ၃၀၀–ခန့်ကွာဝေးသော ကုန်းမြေမြင့်၌ အလျားသံတောင် ၅၀–ခန့်၊ အနံသံတောင်၂၅–တောင်ခန့်ရှိသော အုတ်ချ လေးထောင့်ရေကန် ရှစ်ထောင့်ရေတွင်းကြီးနှင့် အုတ်တိုက်များ ရုပ်ပွားတော်များ ညောင်ပင်ကြီးများကိုလည်း တွေ့ကြုံဖူးမြင်ရ၏။ ၎င်းနေရာဌာနကို အလောင်းတော်မြတ် ဗောဓိသတ်အား ဆွမ်းကပ်ရာ ဌာနဟု အသိအမှတ် ပြုကြလေ၏။

**ယခုအမြင် သံပေါက်ဆင်**

၁။ သရက်များဖြင်၊ အုပ်ဆိုင်းဆင်ထား၊ ပြန့်လွင်သဲမြေ၊ ထိုဌာနေ၊ ခေါ်လေရွာတည်ရာ။

၂။ အုတ်ကျိုး အုတ်ဆွေး၊ ရောပြွမ်းထွေးလျက်၊ ရေတွင်းသေးရှိ၊ ကုန်းအတိ၊ ခေါ်ဘိအိမ်နေရာ။

၃။ ရေကန် ရေတွင်း၊ ညောင်ခပင်းနှင့်၊ မယွင်းပြည့်စုံ၊ ကုန်းမြင့်တုံ၊ ခေါ်တုံ ဆွမ်းကပ်ရာ။

❑

## နေရဉ္စရာမြစ်ကမ်း ကြွချီမြန်း

သုဇာတာမယ် ပျိုရွယ်နုသေး မိန်းကလေးသည် ဦးခေါင်းပေါ်ရွက် ရွှေစင်ခွက်ကို ဘုရားလောင်းမြတ် ဗောဓိသတ်၏ လက်၌ ဆက်ကပ်ပြီးတုံလပ်၍ ရှောင်သွားလေရာ ထိုအခါ၌ ဘုရားလောင်းမြတ် ဗောဓိသတ်သည်လည်း ရွှေစင်ခွက်ကို ယူဆောင်၍ နေရဉ္စရာ သညာသာ လျှမ်း နဒီကမ်းသို့ ကြွမြန်းတော်မူသတည်း။

နေရဥ္စရာဟု ခေါ်ရကြောင်းကား– မှော်ညိုမှော်သေး ရွံ့ညွှန်စေးနှင့် ပေါ်ပြေးရေညှိ အစရှိသား အပြစ်များမှ ကင်းဝေးသော ရေရှိရာ၏ အဖြစ်ကြောင့်လည်းကောင်း၊ ညိုသောရေရှိရာ၏ အဖြစ်ကြောင့် လည်းကောင်း နေရဥ္စရာဟု ခေါ်ရလေသည်။ တစ်နည်း– စည်း၊ စောင်း၊ ပတ္တလား၊ မောင်း၊ ကြေးများစွာ တူရိယာတို့၏ အသံနှင့်တူသော ရေသံရှိရာ၏ အဖြစ်ကြောင့် နေရဥ္စရာဟု ခေါ်ရလေသည်။

နေရဥ္စရာယာတိ နေလံဇလမဿာတိ နေလဥ္စလာတိ ဝတ္တဗ္ဗေ လကာရဿ ရကာရံကတွာ နေရဥ္စရာယာတိဝုတ္တံ ကဒ္ဒမ သေဝါလ ပဏ ကာဒိ ဒေါသရဟိ တ သလိလာယာတိ အတ္တော ကေစိနီလ ဇလာယာ တိ ဝတ္တဗ္ဗေ နေရဥ္စရာယာတိ ဝုတ္တန္တိ ဝဒန္တိ–ဟူသော ဥဒါန်းအဋ္ဌကထာ ကျမ်းလာစကားကိုလည်းကောင်း၊ အထဝါ နေရဥ္စရာ နာမတူရိယ ဝိသေသော တံသမာနသဒ္ဒတာယ အယံနဒီ နေရဥ္စရာနာမ–ဟူသော အဘိဓာန်ဋီကာ ကျမ်းလာစကားကို အမှီပြု၍ ဖော်ပြအပ်ပါသည်။

## ကျမ်းဂန်အညီ လင်္ကာစီ

မှော်ညိုမှော်သေး၊ ရွံ့ညွှန်စေးနှင့်၊ ပေါ်ပြေးရေညှိ၊ အစရှိသား၊ အပြစ်များမှ၊ ကင်းငြားလေဘိ၊ ညိုရေရှိပြင်၊ မှတ်သိတထွေ၊ စည်စောင်းတွေ၏၊ မြည်လေအသံ၊ တူလေပြန်ဘိ၊ ကြောင်းတြိကြောင့်၊ အသိဉာဏ်ယှဉ် ပညတ်တင်၊ နေရဥ္စာဟုခေါ်။

ယခု တွေ့ကြုံ မြင်ရပုံကား– နေရဥ္စရာမြစ်သည် ၄–ဖာလုံခန့် အပြန့်ကျယ်ရှိသည် ဖြစ်၍ တောင်မြောက်အလျား တည်နေလျက် မြစ်တွင်းရှိ ရေများသည်လည်း တောင်အရပ်မှ မြောက်အရပ်သို့ စီးဆင်းကြသည်ကို တွေ့မြင်ရ၏။ အရှေ့ကမ်းထိပ်၊ အနောက်ကမ်းထိပ်တို့၌ အောက်အခြေ ရှင်းလင်း၍ မနိမ့်လွန်း၊ မမြင့်လွန်းသော သရက်ဥယျာဉ်များနှင့် ချမ်းမြေ့ဖွယ်ရာ သာယာသော ကွင်းလွင်များ ရှိလျက် မြစ်တွင်း၌ တည်ရှိသော သဲတို့၏ အသွေးအရောင် အဆင်းသည်လည်း

'လ'ချေးခေါ်သော အရာဝတ္ထုများ ထင်ရှားစွာ ရှိသောကြောင့် ဖြူစင်သော ငွေရောင်အလင်းကဲ့သို့ ထွန်းလင်း ပြောင်လက်လျက် ရှိလေရကား ရှုခင်းသာယာလှသော မြစ်ဖြစ်သည်ကို တွေ့မြင်ရ၏။

### ယခုအမြင် လင်္ကာဆင်

သရက်ဥယျာဉ်၊ ကွင်းလွင်ပြင်နှင့်၊ မြစ်တွင်သဲဆင်း၊ ငွေရောင်လင်းသို့၊ ရှုခင်းသာယာ၊ နေရဖွယ်ရာ။

❑

## ရွှေခွက်အစစ် ရေဆန်ပစ်

သေနာနိဂုံးရွာသူ ပျိုရွယ်ဖြူလှ သူငယ်မသည် ကြည်ဖြူဆက်ကပ် ပေးလှူအပ်သော နို့နတ်(ဃနာ) ဆွမ်းသြဇာကို လေးဆယ့်ကိုးလုတ် မယုတ်လွေးလွေး ဘုဉ်းပေးတော်မူပြီးလျှင် ရွှေခွက်ကို ကိုင်ဆောင်လျက် ယနေ့ငါသည် ဘုရားဖြစ်အံ့။ ဤရွှေခွက်သည် ရေညာရေဆန်သို့ ဆန်တက်သွားပါစေသတည်းဟု အဓိဋ္ဌာန်တော်မူ၍ ပစ်ချလေ၏။ အဓိဋ္ဌာန်ချက် မပြယ်ပျက်ဘဲ ရွှေခွက်သည် ရေညာရေဆန်သို့ ဆန်တက်၍ ['ကာလ'မည်သော နဂါးမင်း၏ နေရာဘုံသို့ ဝင်သွားပြီးလျှင် ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူကုန်ပြီးသော ရှေးဘုရားသုံးဆူတို့၏ ရွှေခွက်တို့ကို ပင့်မြှောက်လျက် အလောင်းတော်မြတ် ဗောဓိသတ်၏ ရွှေခွက်က မဖောက်မသွေ အောက်၌ တည်လေတော့သတည်း။]

### အကျဉ်းသိဖွယ် လင်္ကာသွယ်

၁။ လေးဆယ့်ကိုးလုတ်၊ မယုတ်လွေးလွေး၊ ဘုဉ်းပေးပြီးလျှင်၊ ရွှေခွက်စင်ကို၊ ရေတွင်ပစ်ငြား၊ ထက်ဆန်သွား၊ ထူးခြားလေသည်သာ။

၂။ လွန်လေကုန်ပြီး၊ ရှေးအတီက၊ ရှိပြီးရွှေခွက်၊ ပင့်မြှောက်လျက်ပင်၊ အောက်ထပ်တွင် သက်ဝင်တည်တော့ပါ။

ယခု တွေ့ကြုံ မြင်ရပုံကား– ရွှေစင်ခွက်ကို ပစ်ချရာဌာနသည် ညီညာကျယ်ပြန့်သော သဲမြေအပြင်ရှိ၍ တိမ်နီရောင်လွှမ်း၊ ညနေချမ်း အချိန်၊ မြစ်ဘက်သို့ မျက်နှာမူလျက် မြင်တွင်းရှိ သဲအပြင်နှင့် ရေ ယဉ်တို့ကို စေ့စေ့မငြီး ရှုကြည့်ပြီးနောက် စိတ်ကြည်နူးခြင်းသို့ ရောက် လာသောအခါ တရားဘက်ဆွဲငင်၍ အမြဲပင် အားထုတ်နေဖို့ ကောင်း သောအရပ်ဌာနဖြစ်သည်ကို တွေ့မြင်ရ၏။

## ယခုအမြင် လင်္ကာဆင်

၁။ ရွှေခွက်ပစ်ရာ၊ ရေဆိပ်သာကား၊ ညီညာပြန့်ပြူး၊ ဖျာသင်ဖြူး နှယ်၊ လွန်တင့်တယ်၊ ပျော်ဖွယ် ထိုနေရာ။

၂။ တရားသက်ဝင်၊ သူတော်စင်တို့၊ နေ့စဉ်သွားရောက်၊ တရား ပေါက်ကြောင်း၊ နေဖို့ကောင်း၊ မြစ်စောင်းနေရဋ္ဌာ။

❑

# နေ့သန့်စင်ရာ ကုန်းတော်သာ

အလောင်းတော်မြတ် ဗောဓိသတ်သည် ရွှေစင်ခွက်ကို ရေညာ ရေဆန်သို့ ပစ်ချပြီးနောက် သညာတင့်လျှမ်း နေရဥ္စရာမြစ်ကမ်းဝယ် သူခပ်သိမ်းတို့၏ စိတ်နှလုံးကို ရွှင်ပြုံးမွေ့လျော်စေနိုင်သော အင်ကြင်း တောအုပ်အတွင်း၌ နေ့သန့်စင်ခြင်းကို ပြုတော်မူသတည်း။

## အကျဉ်းသိဖွယ် လင်္ကာသွယ်

ရွှေခွက်အစစ်၊ ရေညာပစ်ပြီး၊ တောအုပ်ကြီးတွင်၊ နေ့သန့်စင်၊ ဗုဒ္ဓင်လောင်းလျာ။

ယခုတွေ့ကြုံ မြင်ရပုံကား– သေနာနိဂုံး၏ တောင်မျက်နှာ ပေ ၆၀၀–ခန့် ကွာသောနေရာ၌ နေရဥ္စရာမြစ်၏ အနောက်ကမ်းထိပ် အုတ်တံတိုင်းတို့ဖြင့် ကာရံထား၍ ညောင်ဗုဒ္ဓဟေပင်တို့၏ အရိပ်တို့ဖြင့် အုပ်ဆိုင်းလျက်ရှိသော ကုန်းမြေမြင့်ကို တွေ့မြင်ရ၏။ ၎င်းကုန်းမြေ မြင့်၌ ကျောက်တိုက် အဆောက်အအုံ လေးခုနှင့် သံတောင်၂၀–ခန့်

နက်သော ကျောက်ချရေတွင်းကိုလည်း တွေ့မြင်ရ၏။ ၎င်းကုန်းမြေမြင့် အရပ်ဌာနကို (နေ့သန့်စင်ရာဌာန)ဟု အသိအမှတ်ကြလေ၏။

### ယခုအမြင် လင်္ကာဆင်

နေရဥ္စရာ၊ မြစ်သာကမ်းဆိပ်၊ အနောက်ထိပ်၌၊ ညောင်ရိပ်ဝေဆိုင်း၊ အုတ်တံတိုင်းဖြင့်၊ ရှုတိုင်းတင့်ပေ၊ ကုန်းမြင့်မြေ၊ မှတ်လေနေ့သန့်ရာ။

❑

## ဗောဓိပင်မျှော် ကြွလှမ်းသော်

အလောင်းတော်မြတ် ဗောဓိသတ်သည် အင်ကြင်းတောအုပ်ကြီး အတွင်း နေ့သန့်စင်ခြင်းကို ပြုတော်မူပြီး၍ ညနေချမ်းအခါ နတ်ဒေဝါ တို့သည် ကောင်းစွာပြုပြင် တန်ဆာဆင်အပ်သော လမ်းခရီးဖြင့် ဖွားဖက်တော်ဖြစ်သော ဗောဓိပင်မင်းရှိရာသို့ ရှေးရှုတူရူ ကြွလှမ်းတော် မူ၏။ ယင်းသို့ ရှေးရှုတူရူ ကြွလှမ်းတော်မူစဉ် များဖြင်နဂါး နတ် အများနှင့် သားစားဘီလူး အထူးထူးသော ဂန္ဓဗ္ဗစသည် အလီလီတို့ သည် ကြည်ရွှင်ဝမ်းသာ ပန်းတဖြာနှင့် နံ့သာအပေါင်း နံ့သာပျောင်း တို့ဖြင့် လက်မြှောက်ကိုယ်စီ ပူဇော်လေကုန်သတည်း။

### ရှစ်လုံးအညီ ဘွဲ့ကုံးစီ

၁။ ဘုန်းရှိသူများ၊ ကြွသွားလေရာ၊ ဒေဝါနဂါး၊ များပြားပူဇာ။
ဘုန်းကံမရှိ၊ နံ့တိနံ့ချာ၊ လူခပင်း၊ မြင်ပြင်းကပ်စရာ။

၂။ သမ္ပတ္တိစက်၊ ဖြည့်စွက်သူတွေ၊ ဖြစ်ရာဌာန၊ ထူးကြလိမ့်ပေ၊
မျက်မြင်ဒိဋ္ဌ၊ ရှုကြမသွေ၊ ကံတရား၊ ခွဲခြားဝေဖန်ပေ။

❑

## မြက်ရှစ်ဆုတ်ယူ လှူဒါန်းသူ

ထိုအခါ သောတ္ထိယ မည်သော မြက်ထမ်းသမားသည် မြက်ကို ယူဆောင်လျက် ခရီး ရင်ဆိုင်လာသည်ရှိသော် မြတ်သောယောက်ျား

လောင်းဘုရား၏ အခြင်းအရာ အဖြာဖြာကို သိ၍ မြက်ရစ်ဆုတ်ကို လှူလေ၏။

ဆင်ခြင်ဖွယ်–ဤအရာ၌ သောတ္ထိယ ဟူ၍လည်းကောင်း၊ သုဒ္ဓိယ ဟူ၍လည်းကောင်း စာမူအမျိုးမျိုးရှိ၏။ ထိုစာမူအမျိုးမျိုးရှိရာသို့ လိုက်၍ သောတ္ထိယ–မောင်ချမ်းသာသည်၊ သောတ္ထိယ–ပုဏ္ဏားသည်၊ သုဒ္ဓိယ–မောင်စင်သည်ဟု မြန်မာဘာသာပြန်ဆိုပြီး အမျိုးမျိုး ရေးသားကြကုန်၏။ ယခုအခါ စာမူများစွာတို့၌ (သောတ္ထိယောနာ မတိဏ ဟာရကော)ဟု ရှိသောစာမူကို အမှီပြု၍ ဤအရာ၌ ဖော်ပြအပ်ပါသည်။

### အကျဉ်းသိဖွယ် လင်္ကာသွယ်

ဘုရားလောင်းမြတ်၊ ဗောဓိသတ်၏၊ လျှောက်ပတ်ခြင်းရာ၊ အဖြာဖြာကို၊ ကောင်းစွာသိမြင်၊ မြက်ထမ်းရှင်သည်၊ လျှင်လျှင် သုတ်သုတ်၊ မြက်ရစ်ဆုတ်ကို၊ ညစ်စုတ်မချွေ၊ မရှိလေဘဲ၊ ဟတ္ထေ လက်ရောက်၊ လှူပေးမြောက်သည်၊ အံ့လောက်ဖြစ်ထွေ တစ်မျိုးတည်း။

❑

## ဗောဓိပလ္လင် အောင်ပွဲဆင်

အလောင်းတော်မြတ် ဗောဓိသတ်သည် မြက်ကို ယူဆောင်၍ သစ်ပင်အပေါင်းတို့၏ မင်းဖြစ်သော အဆင့်ဆင့်တင်စား (ပရမ္မရူပစာရ)အားဖြင့် သဗ္ဗညုတဉာဏ်တော်၏ တည်ရာဖြစ်သောကြောင့်လည်းကောင်း၊ မာရ်မင်းကို အောင်ခြင်း၊ သဗ္ဗညုတဉာဏ်တော်ကို ရခြင်း အစရှိသည်တို့ဖြင့် ရှင်တော်မြတ်ကို နှစ်သက်စေတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ [အဿတ္ထ]အမည်ရသော ညောင်ဗုဒ္ဓေဟပင်မင်းကို သုံးကြိမ်တိုင်တိုင် လက်ယာရစ်သည်ကို ပြု၍ အရှေ့မြောက်အရပ်အဖို့၌ ရပ်လျက် မြက်ဖျားတို့ကို ကိုင်၍ လှုပ်ကြလေတော့၏။ ထိုခဏပင် ၁၄–တောင်ရှိသော ပလ္လင်သည် ဖြစ်ထွန်းပေါ်ပေါက်လာ၏။ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ၍ ဖွားဖက်တော်

ဖြစ်သော သံတောင်၅၀–ရှိသော ဗောဓိပင်စည်ကို ကျောဘက်ပြု၍ အရှေ့ဘက်သို့ မျက်နှာမူလျက် ထိုင်နေတော်မူသည်ရှိသော် ဝသဝတ္တိ မာရ်နတ်သည် အထပ်ထပ်သော စစ်သည်ဗိုလ်ခြေ အထွေထွေတို့ကို အထုကောင်းအောင် စုပေါင်းပြီး လက်နက်ပေါင်းများစွာ အဖြာဖြာတို့ ဖြင့် ဘုရားအလျာကို အားမနာဘဲ အသင်းအပင်း ဆက်ကာ အတင်း နင်းဖျက်ပါတော့သတည်း။ သို့ပင်တစေ စစ်သည်တော် အသင်းအပင်း တွေနှင့် အတင်းနင်းချေ ဖျက်ပါသော်လည်း ဘုရားလောင်းလျာ ဗောဓိ သတ်မဟာသည် မေတ္တာ–ခန္တီ–ဝီရိယ–ပညာ အစဖြာသား ပါရမီတော် များ၏အာနုဘော်အားဖြင့် မာရ်မင်းနှင့်တကွ စစ်သည်ဗိုလ်ခြေ ထွေထွေ ပေါင်းယှက် သူရဲသူခက်တို့ကို ကစင့်ကရဲ ဖွဲ့နှယ် ကျဲအောင် ဖျက်ခွဲ ချေမှုန်း ရှုံးခြင်းကြီး ရှုံးစေပြီး၍ ဗောဓိပလ္လင် အောင်ပွဲဆင်တော် မူပြီးနောက် ရှေးဦးအစ ပထမယာမ်၌ ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့တတ်၊ သိတတ်သော [ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်]ကို ရတော်မူ၏။ မဇ္ဈိမအလယ်ယာမ်၌ အထူးသဖြင့် စင်ကြယ်သော လူတို့၏ အမြင်ကို လွန်သော၊ နတ်၌ ဖြစ်သော မျက်စိဖြင့် စုတေသော သတ္တဝါ စသည်တို့ကို သိမြင်တတ်သော [ဒိဗ္ဗစက္ခုဉာဏ်]ကို ရတော် မူ၏။ မိုးသောက်ယံ လင်းအားကြီး၌ အာသဝေါတရားလေးပါးတို့၏ ကုန်ခြင်းကို သိတတ်သော [အာသဝက္ခယဉာဏ်]ကို ရတော်မူပြီးနောက် သစ္စာလေးတန် တရားမှန်ကို ကေန်သိတတ်သော သဗ္ဗညုတ ဉာဏ် တော်မြတ် ဆိုက်ရောက်လတ်၍ ထိန်းမှတ်သညာ ကောဇာနှစ်စု ၁၀၃– ခု၊ ဥတုဂိမှန် ယှဉ်ပြန်ဝိသာခါ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ မဟာဝယ် သုံးဖြာလောက ဘုံဘဝတွင် အတုမရ ဂုဏ်ပေါင်းခသား၊ ဘုရားစင်စစ် ကေန်ဖြစ်တော်မူသတည်း။

## အကျဉ်းသိဖွယ် သံပေါက်သွယ်

၁။ စစ်သည်ပေါင်းတွေ၊ ဖျက်မှုန်းချေ၊ အောင်လေတော့သည်သာ။
၂။ ပုဗ္ဗေနိဝါသ၊ မြတ်ဉာဏ၊ ရထပထမာ။

၃။ အလယ်ယာမ်သို့၊ ရောက်တုံမျို့၊ မချို့ဒိဗ္ဗသာ။
၄။ အာသဝက္ခယ၊ နောက်ယာမ်ကျ၊ ရထလေသည်သာ။
၅။ သဗ္ဗညုတ၊ မြတ်ဉာဏ၊ ရထနောက်ဆုံးသာ။
၆။ တရားသုံးခု၊ နှစ်အစု၊ ယှဉ်မှုဝိသာခါ။
၇။ ဆင်မင်းနေ့ကြို၊ လကဆုန်၊ ပြည့်တုံနေ့၌သာ။
၈။ ဗုဒ္ဓဘုရား၊ ဖြစ်တုံငြား၊ သုံးပါးလောကမှာ။

❑

## သတ္တဋ္ဌာန် စံနေပြန်

ဗောဓိပင်နှင့် ရွှေပလ္လင်တော်ကို အောင်မြင်တော်မူပြီးသည့်နောက် ဤပလ္လင်၌ နေသောငါ့အား အကြင်မျှလောက်သော ကာလပတ်လုံး အကြံအစည်သည် မပြည့်စုံသေး။ ထိုမျှလောက်သော ကာလပတ်လုံး ဤပလ္လင်မှ မထဟု အဓိဋ္ဌာန်တော်မူ၍ ခုနစ်ရက်ပတ်လုံး ပလ္လင်ထက်၌သာ သီတင်းသုံးတော်မူ၏။ ပလ္လင်ထက်၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူသည်ကို [ပလ္လင်္ကသတ္တာဟ]ဟု ခေါ်သည်။

ထိုမှတစ်ဖန် အချို့သောနတ်တို့အား ယနေ့ထက်တိုင် သိဒ္ဓတ္ထအား ပြုဖွယ်ကိစ္စ ရှိသေးသလော။ ရွှေပလ္လင်၌ တွယ်တာကပ်ငြိသော (အာလယ)ကို မစွန့်နိုင်သေးဟု အကြံအစည်ဝိတက်ကို ငြိမ်းစေခြင်းငှာ ကောင်းကင်သို့ ကြွ၍ အစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ ဤတန်ခိုးပြာဋိဟာဖြင့် နတ်တို့၏အကြံအစည်ကို ငြိမ်းစေပြီး၍ ရွှေပလ္လင်တော်မှ အနည်းငယ်အရှေ့အရပ်ကို မှီသော မြောက်အရပ်အဖို့၌ တည်၍ ငါသည် ဤပလ္လင်၌ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိအပ်ပြီ။ ဤသို့ နှလုံးသွင်း၍ ဗောဓိပင်နှင့် ပလ္လင်တော်ကို မမိုတ်သောမျက်စိဖြင့် ကြည့်တော်မူလျက် ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူသည်ကို [အနိမိသသတ္တာဟ]ဟု ခေါ်သည်။

ပလ္လင်တော်နှင့် အနိမိသဌာန၏ အကြား၌ စင်္ကြံကို ဖန်ဆင်း၍

အရှေ့အနောက် အလျားရှည်သော ရတနာစင်္ကြံ ကြွတော်မူလျက် ခုနစ်ရက်ကို လွန်စေ၏။ စင်္ကြံ ကြွတော်မူလျက် ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူသည်ကို [စင်္ကမ သတ္တာဟ]ဟု ခေါ်သည်။

ဗောဓိပင်မှ အနောက်မြောက်အရပ်အဖို့၌ နတ်တို့သည် ရတနဃရကို ဖန်ဆင်းကြကုန်၏။ ထိုရတနဃရ၌ ထက်ဝယ်ဖွဲ့ ခွေနေတော်မူ၍ အဘိဓမ္မပိဋကကို သုံးသပ်ဆင်ခြင်တော်မူလျက် ခုနစ်ရက်ကို လွန်စေ၏။ ရတနာဃရ၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူသည်ကို [ရတနဃရသတ္တာဟ]ဟု ခေါ်သည်။

ဗောဓိပင်မှ အရှေ့စူးစူး ဆိတ်ကျောင်းသားတွေကို မိမိ၏အရိပ်ဖြင့် စောင့်ရှောက်တတ်သည်၏အဖြစ်ကြောင့် [အဇပါလ] အမည်ရသော ညောင်ပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူလျက် ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူ၏။ အဇပါလ အမည်ရသော ညောင်ပင်ရင်း၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူသည်ကို [အဇပါလ သတ္တာဟ] ဟု ခေါ်သည်။

ဗောဓိပင်မှ အရှေ့တောင်ထောင့် တစ်ဥသဘ အတိုင်းအရှည်ရှိသောအရပ်၌ ကျည်းပင်တကာတို့ထက် ကြီးမြတ်သည် ဖြစ်၍ ကျည်းပင်တို့ကို အစိုးရသည်ဟု သမုတ်အပ်သော (မုစလိန္ဒာ) မည်သော ကျည်းပင်သည် ရှိ၏။ ထိုကျည်းပင်ရင်း၌ ကြာမျိုးငါးပါးဖြင့် တင့်တယ်သောအိုင်သည် ရှိ၏။ ထိုအိုင်ကိုလည်း အနီး၌ ကျည်းပင် ပေါက်သည်ကို စွဲ၍ မုစလိန္ဒာအိုင်ဟု သမုတ်အပ်၏။ ထိုမုစလိန္ဒာအိုင်နား ကျည်းပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူလျက် ခုနစ်ရက်ကို လွန်စေ၏။ မုစလိန္ဒာအိုင်နား ကျည်းပင်ရင်း၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူသည်ကို [မုစလိန္ဒ သတ္တာဟ]ဟု ခေါ်သည်။

ဗောဓိပင်မှ တောင်မျက်နှာစူးစူး နတ်မင်း၏ နေရာဌာန၏အဖြစ်ကြောင့် (ရာဇာယတန)အမည်ရသော လင်းလွန်းပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူလျက် ခုနစ်ရက်ပတ်လုံး သီတင်းသုံး

တော်မူ၏။ လင်းလွန်းပင်ရင်း၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူသည်ကို [ရာဇာယတနသတ္တာဟ]ဟု ခေါ်သည်။

**အကျဉ်းသိဖွယ် သံပေါက်သွယ်**

၁။ အနိမိသာ၊ ပလ္လင်္ကာ၊ တစ်ဖြာစင်္ကမ။

၂။ မုစလိန္ဒာ၊ အဇပါ၊ ရာဇာ ယတန။

၃။ ရတနဃရာ၊ ရွှေအိမ်သာ၊ ဌာနာ သတ္တာဟ။

၄။ သတ္တဌာနံ၊ ခုနစ်တန်၊ ကျမ်းဂန်မိန့်ဖော်ပြ။

၅။ အနိမိသေ၊ ကုန်းဌာနေ၊ တည်လေရှေ့မြောက်မှာ။

၆။ စင်္ကြံတော်ကား၊ မြောက်ဘက်နား၊ တည်ငြားလေသည်သာ။

၇။ မုစလိန္ဒ၊ ရေအိုင်လှ၊ တည်ထရှေ့တောင်မှာ။

၈။ အဇပါလ၊ နိဂြောဓ၊ တည်ထ အရှေ့မှာ။

၉။ ရာဇာယတန၊ ပင်ရက္ခ၊ တည်တ တောင်ရပ်မှာ။

၁၀။ ရတနဃရ၊ ရွှေအိမ်လှ၊ တည်ထနောက်မြောက်မှာ။

၁၁။ ဌာနတည်လပ်၊ ခြောက်ပါးရပ်၊ မိန့်အပ် ကျမ်းဂန်မှာ။

ဤအရာ–သတ္တဌာန ခုနစ်ပါးသော တည်ရာအရပ်ကို ထင်ရှားကျော်ကြားတော်မူသော ဆရာတော်ကြီးများကား အတိုင်းအရှည်ပမာဏကိုပါ ထုတ်ဆောင်၍ ဖော်ပြကြကုန်၏။ သက်ဆိုင်ရာ ကျမ်းဂန်များ၌ကား အတိုင်းအရှည်ပမာဏကို ဖော်ပြသောအရာကို မတွေ့ဖူးသောကြောင့် အတိုင်းအရှည် ပမာဏကို ထုတ်ဖော်၍ မပြတော့ပါ။

(ဗောဓိမဏ္ဍလ)ဗောဓိပင် မြေအပြင်နှင့်စပ်၍ ဖော်ပြဦးအံ့။ (ဗောဓိမဏ္ဍလ)ဗောဓိပင်မြေအပြင်ဟူသည်ကား–ဗောဓိပင်မှ ဝန်းကျင် ပတ်လည် တစ်ဥသဘမျှသောအရပ်၌ နိမ့်မြင့်ရှိုင်းဝှမ်း ကုန်းကြည်းမရှိ။ စည်မျက်နှာကဲ့သို့ တိတိညီညွတ်စွာ သာယာ၏။ ပတ်လည်ဝန်းကျင်မှ မြက်ချုံနွယ်တို့သည် လက်ယာရစ်လည်၍ အရှေ့မျက်နှာသို့ချည်း အညွန့် နှာမောင်းပြုကြကုန်၏။ ထိုအရပ်ကို (ဗောဓိမဏ္ဍလ) ဗောဓိပင်

မြေအပြင်ဟု ခေါ်ဆိုသတည်း။ ထိုမြေသည် ကမ္ဘာတည်သောအခါ ဦးစွာ ပထမ တည်၏။ ပျက်သောအခါ နောက်မှ ပျက်၏။

## • အကျဉ်းသိဖွယ် လင်္ကာသွယ်

တစ်ဥသဘာ၊ ရပ်ဌာနဌ်၊ မြေကညီညာ၊ စည်မျက်နှာနှယ်၊ မြက်ခြုံနွယ်လည်း၊ တင့်တယ် ရှေ့ရပ်၊ အညွန့်ပတ်လျက်၊ တည်လပ်လေသည်။ အံ့ထူးလည်၊ ဦးတည်ထိုနေရာ။

ယခုတွေ့ကြုံ ဖူးမြင်ရပုံကား- ဗောဓိပင်နှင့်ရွှေပလ္လင်တော်ကို အောင်မြင်ရာဌာနသည်ကား ကုန်းမြေမြင့် မဟုတ်။ ပေ ၄၀၀-ခန့် အကျယ်အပြန့်ရှိသော ချိုင့်ဝှမ်းနိမ့်ရှိုင်းသောအရပ်ဌာန ဖြစ်သည်ကို တွေ့မြင်ရ၏။ ဤအရာဌ် ချိုင့်ဝှမ်းနိမ့်ရှိုင်းနေကြောင်းကို စုံစမ်းမေးမြန်းရာ၊ ရတနာသုံးပါးနှင့် ဆန့်ကျင်ဘက် ဖြစ်ကြကုန်သော ပုဂ္ဂိုလ်အမျိုးအစားတို့က ဖျက်ဆီးပြီး မြေတို့ဖြင့် ဖို့ထားကြကုန်၏။ ထို့နောက်မှ ရတနာသုံးပါးကို ကြည်ညိုလေးစား အရေးထားကြကုန်သော ပုဂ္ဂိုလ်တို့က တူးဖော်ထားရလေသောကြောင့် ချိုင့်ဝှမ်းနိမ့်ရှိုင်းနေကြောင်းကို သိရ၏။ ထိုချိုင့်ဝှမ်းနိမ့်ရှိုင်းသော အရပ်သို့ ဆင်းတက်ဖို့ရာ အရပ်လေးမျက်နှာဌ် အုတ်စောင်းတန်း လှေကားလေးသွယ်ရှိသည်ကို တွေ့မြင်ရ၏။

ဗောဓိပင်နှင့် ရွှေပလ္လင်တော်များ ဖြစ်ထွန်း ပေါ်ပေါက်ရာဌာနဌ် တည်ထားသော အောက်အခြေ ထက်ဝန်းကျင် သံတောင် ၆၄-တောင်၊ အမြင့်သံတောင် ၁၂၀-ကျော်ခန့် ရှိလိမ့်မည်ဟု မှန်းဆရသော မဟာဗောဓိစေတီတော်ကြီးနှင့် ထိုမဟာဗောဓိစေတီတော်ကြီး၏ မုခ်လိုဏ်အတွင်းဌ် ၅-တောင်ခန့်ရှိသော ရုပ်ပွားတော် အရှင်မြတ်ကို ဖူးမြင်ရ၏။ မဟာဗောဓိစေတီတော်ကြီးကို တောင်၊ အနောက်၊ မြောက်အရပ်များမှ ကျောက်တိုင်ကြီးများဖြင့် ကာရံထားသည်ကို တွေ့မြင်ရ၏။ မဟာဗောဓိစေတီတော်ကြီး၏ အနောက်မျက်နှာအနီးဌ် အလျားသံတောင်

၄–တောင်၊ အနံသံတောင် ၂–တောင်၊ အမြင့်သံတောင် ၁–တောင်ရှိသော ကျောက်ပလ္လင်ပုံတော်နှင့် ညောင်ဗုဒ္ဓဟေပင်ကို ဖူးမြင်ရ၏။ ထိုမှတစ်ပါး ညောင်ဗုဒ္ဓဟေပင်၏ အနောက်မျက်နှာအနီး၌ ကျောက်ပန်းခုံ အဆောင်တော်နှင့် မဟာဗောဓိစေတီတော်ကြီး၏ အနောက်မြောက်ယွန်းယွန်းအရပ်၌ (ရတနဃရ) ရွှေအိမ်တည်ရာဝယ် ၇–တောင်မြင့်သော အုတ်တိုက်ငယ် မဟာဗောဓိ စေတီတော်ကြီး၏ မြောက်မျက်နှာ အနီးကပ်လျက်(ရတနာစင်္ကမ) ရတနာစင်္ကြံ တည်ရာဝယ် ၁၁–ပွင့်သော ကျောက်ကြာပွင့်များ၊ မဟာဗောဓိစေတီတော်ကြီး၏ အရှေ့မြောက်ယွန်းယွန်း မမှိတ်သော မျက်စိတော်ဖြင့် ပလ္လင်တော်ကို ကြည့်ရာ(အနိမိသ)ကုန်းခေါ် ကုန်းမြေမြင့်၌ သံတောင် ၃ဝ–မြင့်သော အနိမိသစေတီတော်၊ မဟာဗောဓိစေတီတော်ကြီး၏ အရှေ့မျက်နှာ (အဇပါလ)ခေါ်သော ဆိတ်ကျောင်း ညောင်ပင်တည်ရာ၌ စိုက်ထူထားသော သံတောင်၇–တောင်ခန့်မြင့်သော ကျောက်တိုင်ကြီး၊ ၎င်းကျောက်တိုင်ကြီး၏ အနီး အရှေ့မျက်နှာ(အဇပါလ)ခေါ်သော ဆိတ်ကျောင်း ညောင်ပင်တည်ရာ၌ စိုက်ထူထားသော သံတောင်၇–တောင်ခန့် မြင့်သော ကျောက်တိုင်ကြီး၊ ၎င်းကျောက်တိုင်ကြီး၏ အနီး၌ပင် နတ်သမီးသုံးယောက် လှည့်ပတ်ဖြားယောင်းရာ ဌာနဝယ် ဆင်ရုပ်၊ မြင်းရုပ်၊ ကျောက်ရုပ် စသည်တို့ဖြင့် ပြုလုပ်စီမံထားသော သံတောင်၅–တောင် မြင့်သော ကျောက်တိုင်ကြီး၊ မဟာဗောဓိစေတီတော်ကြီး၏ အနောက်တောင်ယွန်းယွန်း [ရာဇာယတန]လင်းလွန်းပင် တည်ရာဝယ် သံတောင် ၅–တောင်ခန့် မြင့်သော အုတ်တိုက်ငယ် ထိုမှတစ်ပါး ရုပ်ပွားတော် အငယ်စား အများအပြားကိုလည်း တွေ့ကြုံမြင်ဖူးရသေး၏။ အုတ်တံတိုင်းတို့ဖြင့် ကာရံအပ်သော ရင်ပြင်တော်အတွင်း၌ ညောင်ဗုဒ္ဓဟေပင်၊ ညောင်သပြေပင်၊ ဥသျှစ်ပင်၊ သရက်ပင်၊ တမာပင်၊ ရှားပင်နှင့် တည်ပင်များ အုပ်ဆိုင်းလျက် ရှိသည်ကိုလည်း တွေ့မြင်ရ၏။ ဤကား

ရင်ပြင်တော်အတွင်း၌ တည်ရှိသော အဆောက်အဦးစေတီတော်များနှင့် အရာဝတ္ထုများကို ဖော်ပြရာ စကားရပ်တည်း။

**ယခုအမြင် လင်္ကာဆင်**

စေတီကြီးငယ်၊ လွန်ပေါရယ်၍၊ တင့်တယ်သပ်ရပ်၊ ကျောက်တိုင်မှတ်နှင့်၊ လျောက်ပတ်တိုက်ကျောင်း၊ ပင်မျိုးပေါင်းစုံ၊ ကျောက်ကြာရုံပြင်၊ ပန်းခုံဇရပ်၊ အထပ်ထပ်တို့၊ ပြည့်လပ်တုံဘိ၊ ဖူးဖွယ်ရှိ၊ မုနိပွင့်နေရာ။

မုစလိန္ဒာမည်သော ကျည်းပင်အိုင်ကို ယခု တွေ့ကြုံမြင်ရပုံကား– မဟာဗောဓိစေတီတော်ကြီး၏ ရင်ပြင်တော်မှ ပြင်ဘက် အရှေ့တောင်ယွန်းယွန်းအရပ်၌ တောင်မြောက်၁၇၇–တောင်၊ အရှေ့အနောက် ၁၆၅–တောင်ရှိ၍ လမ်းလျှောက် ရှုမျှော်နိုင်ရန် အလို့ငှာ အထက်လမ်းအောက်လမ်းများကို ပြုပြင်စီမံပြီးလျှင် အရှေ့ အနောက် တောင်မျက်နှာတို့၌ စောင်းတန်းလှေကားတစ်ခုစီ၊ မြောက်မျက်နှာ၌ကား စောင်းတန်းလှေကားသုံးခုနှင့်တကွ ကောင်းမွန်သပ်ရပ်သော ကျောက်တိုင်ဇရပ် ထက်ဝန်းကျင် ပတ်ပတ်လည်၌ ကွန်ကရစ်ကျောက်တံတိုင်းတို့ဖြင့် ကာရံထားသော ရေကန်ကြီးကို တွေ့မြင်ရ၏။

**ယခုအမြင်၊ လင်္ကာဆင်**

လေးထောင့်ရေကန်၊ တံတိုင်းရံလျက်၊ ပန်းခြံလမ်းများ၊ ကျောက်လှေကားနှင့်၊ ခံ့ညားသပ်ရပ်၊ ကျောက်ဇရပ်ပြင်၊ မြင်လပ်သူပေါင်း၊ ပျော်ဖွယ်ကောင်း၊ ရေးဟောင်း မုစလိန်။

မဟာဗောဓိ စေတီတော်ကြီး၏ ရင်ပြင်ပေါ်မှ အပြင် အရှေ့မျက်နှာ အနီးအရပ်၌ ၁၁၈၃–ခု၊ တန်ဆောင်မုန်းလဆန်း၊ ၁၁–ရက်၊ အင်္ဂါနေ့၌ မြန်မာနိုင်ငံတော် ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး၏ ကောင်းမှုတော်ဖြစ်သော (၁၀) ခန့်ရှိသော အုတ်တိုက်ဇရပ်ကြီး၊ ပါဠိ မြန်မာ နှစ်ဘာသာတို့ဖြင့် ဖော်ပြထားသော ကျောက်စာဂူတော် နှစ်ခုနှင့် မဟာဗောဓိစေတီတော်ကြီး၏ အနောက်မျက်နှာအနီး၌ သီဟိုဠ်

ရဟန်းတော်များ၏အဆောက်အအုံများ၊ တိဗက်ရဟန်းတော်များ၏ အဆောက်အအုံများ၊ မြောက်မျက်နှာ သုံးဖာလုံခန့်အကွာ၌ မြန်မာ ရဟန်းတော်များ၏ အဆောက်အအုံများကိုလည်း တွေ့မြင်ရသေး၏။

ဤကား မဟာဗောဓိစေတီတော်ကြီး၏အနီးအရပ်၌ တည်ရှိသော ဖူးမြင်ဖွယ်ရာ အဖြာဖြာတို့ကို ဖော်ပြသော စကားရပ် အပြီးသတ်တည်း။

❑

# သဟံပြဟ္မာ တောင်းပန်ထွာ

လင်းလွန်းပင်ရင်းဝယ် ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူပြီးနောက် အဇပါလညောင်ပင်သို့ ကြွရောက်တော်မူလျက် ညောင်ပင်ရင်း၌ သီတင်းသုံးတော်မူ၏။ တရားတော်၏ နက်နဲသည်၏အဖြစ်ကို ဆင်ခြင်တော်မူသော မြတ်စွာဘုရားအား သူတစ်ပါးတို့အား တရားတော်ကို ဟောခြင်းငှာ အလိုမရှိသည်၏အဖြစ်ဟု ဆိုအပ်သော အခြင်းအရာသို့ ရောက်သော အကြံအစည်သည် ထင်ရှားစွာ ဖြစ်ပေါ်လာ၏။ ထိုအခါ သဟမ္ပတိအမည်ရှိလျှင်း ဗြဟ္မာမင်းသည် အို အမောင်တို့၊ သတ္တလောက သတ္တဝါတွေသည် ပျက်စီးတော့မည်တကား ဟု နှစ်ကြိမ်တိုင်တိုင် ပြောဆို၍ စကြာဝဠာ တစ်သောင်းတိုက်၌ သိကြား သုယာမ် သန္တုသိတ အစပြသား နတ်ဗြဟ္မာအများတို့ကို ခေါ်ဆောင်၍ မြတ်စွာဘုရား၏ထံတော်ပါးသို့ လာရောက်ကြကုန်လျက် မြတ်စွာဘုရား မြတ်စွာဘုရားသည် တရားတော်ကို ဟောတော်မူပါ ဘုရားဟု ရှေးရှုမသွေ အာဒရေဖြင့် အသာတကျေ တောင်းပန်ကြလေကုန်၏။

### အကျဉ်းသိဖွယ် လင်္ကာသွယ်

သဟမ္ပတိ၊ အမည်ရှိလျှင်း၊ ဗြဟ္မာမင်းသည်၊ ဝတ်စင်းညွတ်ခ၊ ဂါရဝဖြင့်၊ သတ္တအများ၊ ငဲ့သနား၍၊ တရားဓမ္မ၊ ဟောဖော်ပြရန်၊ ဗုဒ္ဓထံ၊ လျှင်မြန်တောင်းပန်ထွာ။

❑

## တရားဟောမည် ဝန်ခံသည်

ဘုရားသခင် သုံးလူ့ရှင်သည် သဟမ္ပတိ အမည်ရှိလျှင်း ဗြဟ္မာမင်းအား တရားဓမ္မ ဟောပြောပြတော့မည်ဟု ဝန်ခံခြင်း ပဋိညာဉ်ကို ပေးတော်မူပြီးလျှင် ရှေးဦးပထမ ဘယ်သူ ဘယ်ဝါ ဘယ်သတ္တဝါအား ဟောပြောပြရပါအံ့နည်းဟု ကြံစည်လေသော် ငါးယောက်အစု ရှိခြင်း ကြောင့် ပဉ္စဝဂ္ဂီ အမည်ရကုန်သော ရဟန်းတော်တို့သည် ဥရုဝေဠ တောဝနဌ ဝတ္တာပဋိပတ် အကျင့်မြတ်ဖြင့် သင့်လျော်ကပ်စွာ နေစဉ် ခါဝယ် များစွာကျေးဇူး ရှိဖူးပေသော ရဟန်းတော်များ ဖြစ်ကြပေသည် ဟု ဆင်ခြင်တော်မူမိ၏။ ယခုအခါ ဘယ်မြို့ဘယ်ရွာ ဘယ်ဌာနာ၌ သီတင်းသုံးကြလေသနည်းဟု ဆင်ခြင်တော်မူပြန်သော် ဗာရာဏသီ မြို့နယ် ဣသိပတနအမည်ရသောမိဂဒါဝုန် တောရဂုံ၌ သီတင်းသုံးနေ ထိုင်ကြသည်ဟု သိမြင်တော်မူသဖြင့် ထိုအရပ်သို့ ကြွတော်မူသဖြင့် ထိုအရပ်သို့ ကြွတော်မူ၍ ဓမ္မစက္က တရားဓမ္မကို ဟောပြောပြမည်ဟု ဆုံးဖြတ်တော်မူခဲ့ပြီးနောက် ဗောဓိမဏ္ဍိုင်၏အနီး၌ပင် ရက်အနည်း ငယ်မျှ ဆွမ်းအလို့ငှာ လှည့်လည်တော်မူလျက် သီတင်းသုံးတော်မူပြီး လျှင် နွယ်တာခေါ်ဆို လဝါဆိုဝယ် တိထိရက်စွဲ လပြည့်နေ့၌ ၁၈– ယူဇနာ ဝေးကွာသော ဗောဓိမဏ္ဍိုင်၏ အနောက် မြောက်ထောင့်အရပ် ဗာရာဏသီမြို့တော်သို့ ကြွမြန်းတော်မူစဉ် လမ်းခရီးအကြား၌ 'ဥပက' မည်သော အာဇီဝက တက္ကတွန်းကို တွေ့၍ ထိုတက္ကတွန်းအား မိမိ၏ ဘုရားအဖြစ်ကို ပြောကြားပြီး ထိုလပြည့်နေ့၌ပင် မိဂဒါဝုန် တောရဂုံသို့ တိမ်နီရောင်လွှမ်း ညနေချမ်းအချိန် ကြွမြန်းတော်မူလေသတည်း။

### အကျဉ်းသိဖွယ် လင်္ကာသွယ်

ဆုံးမထိုက်သား၊ ဝေနေငါးကို၊ ဘုရားဉာဏ်တွင်၊ ထင်ပေါ်မြင် သော်၊ သုံးခွင်ဥက္ကင့်၊ စောဘုန်းထွန်းသည်၊ တင့်လျှပ်သာစီ၊ ဗာရာပြည် သို့၊ ကွန့်ချီမြန်းကြွ၊ အန္တရတွင်၊ နာမတင်လှ၊ 'ဥပက'အား၊ ဓိနအဖြစ်၊

ဖွင့်ဆိုလှစ်ပြီး၊ သားစစ်ချမ်းသာ၊ တောဝနာသို့၊ စောစွာမသွေ၊ ကြွမြန်းလေသည်၊ ညနေအချိန်ခါဝယ်တည်း။

❑

## ဆွမ်းခံမှီရာ မြို့ဗာရာ

ကိလေ ဒေဝ ဘိသင်္ခနှင့် ခန္ဓ မစ္စု မာရ်ငါးခုကို လက်နက်မဆောင် ကြိုး မနှောင်ဘဲ ယခေါင်ရေးက ဒါနအစ ပါရမီ အဝဝတို့ကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးတေဇော် ရွှေဘုန်းတော်ဖြင့် အောင်မြင်တော်မူသော သုံးလူ့ထွတ်ထား စောဘုရားသည် ပဥ္စဝဂ္ဂီ ငါးဦးထေရ်တို့အား တရားစည်ကြီး ရိုက်တီးဆော်ယွန်းတော်မူရန် မိဂဒါဝုန် တောရဂုံ၌ ပထမဝါကပ်တော်မူစဉ် ဂေါစရဂါမ် ဆွမ်းခံရွာအဖြစ်ဖြင့် မှီခိုရာ ဖြစ်သော သာသနာဝင်ကျမ်းဂန် အတန်တန်တို့၌ အလွန်ပေါ်လွင် ထင်ရှားသော ဗာရာဏသီခေါ် မြို့တော်ကြီးသည်ကား ယခုအခါကာလ သမယတိုင်အောင် စည်ကားပြန့်ကျယ်သော မြို့တော်ကြီး ဖြစ်၏။ ကျမ်းဂန်တို့၌ကား ၁၂–ယူဇနာကျယ်ပြန့်သည် ဟု မိန့်ဆိုကြ၏။

### အကျဉ်းသိဖွယ် လင်္ကာသွယ်

သုံးလူမျှားဘ၊ စောဇိနသည်၊ မိဂဒါယာ၊ တောဝနာ၌၊ ဦးစွာဝါကပ်၊ နေတုံလပ်စဉ်၊ သင့်မြတ်ဆွမ်းတို့၊ မှီရာမြို့ကား၊ မချို့အောင်စည် ဗာရာပြည်တည်း။

ဗာရာဏသီဟု ခေါ်ရကြောင်းကား– မြို့တော်တည်ရာဌာန၌ မျောက်ဦးခေါင်း၏ ရှိရာဖြစ်သောကြောင့်လည်းကောင်း၊ မျောက်ဦးခေါင်းနှင့်တူသော ကျောက်ဖျာရှိရာ ဖြစ်သောကြောင့်လည်းကောင်း ဗာရာဏသီဟု ခေါ်ရလေသည်။

ဝါနရသီ သံတံသဏ္ဌာနော၀ါ ပါသာဏော ဧတ္ထ အတ္ထီတိဝါ နရသီ သန္တိ ဝတ္တဗ္ဗေ ဝဿ ဗတ္တံ ဝဏ္ဏာ ဝိပရိယာယံ ဒီဃံဏတ္တံသဿ

လော ပဌကတ္တာ ဗာရာဏသီတိ ဝုတ္တံ– ဟူသောအဘိဓာန်ဋီကာ ကျမ်းလာ စကားကို အမှီပြု၍ ဖော်ပြအပ်ပါသည်။

**ကျမ်းဂန်အညီ လင်္ကာစီ**

မြို့တော်တည်ခင်း၊ ကုန်းတလင်း၌၊ တောတွင်းပျော်အောင်း၊ မျောက်ဦးခေါင်းနှင့် ၎င်းနှင့်တူ၊ ကျောက်ဖျာမူရှိ၊ အကြောင်းဒွိကြောင့်၊ အဘိဓာန၊ မည်သာလှ၊ ဗာရာဏဟု ခေါ်။

ယခုတွေ့ကြုံ မြင်ရပုံကား– တောင်မြောက်တန်းလျက် တည်နေသော 'ဂင်္ဂါ' မြစ်ကြီး၏ အနောက်မျက်နှာကမ်းရိုးပေါ်၌ တည်ရှိ၍ သန့်ရှင်းစင်ကြယ် အသွယ်သွယ်သော ရေချိုးဆိပ်များနှင့် နက္ခတ်တာရာ၊ ကြယ်များစွာတို့ကို တိုင်းထွာကြည့်ရှုသော တန်ဆာကိရိယာတို့ကို ထားရာ တိုက်တာ အဆောက်အအုံများ၊ မြန်မာနိုင်ငံတော်နှင့် အိန္ဒိယ နိုင်ငံတော်သို့ 'သယံဇာတ'အလိုအလျောက် ဖြစ်ပေါ်နေသော တော တောင် ချောင်းမြစ် အဆစ်ဆစ်တို့ကို ကျောက်ပုံများဖြင့် ပြုပြင် စီမံထားသော မြေပုံကြီးတို့ကို ထားရာ တိုက်တာ အဆောက်အအုံများ၊ မြန်မာနိုင်ငံတော် ရန်ကုန်မြို့'ဆာဦးသွင်' ဆောက်လုပ် လှူဒါန်း ထား အပ်သော အဆောက်အအုံနှင့် ပေါင်းတည်မြို့'ဦးကိုကိုကြီး ဒေါ်အေး ကြည်' တို့ဆောက်လုပ် လှူဒါန်းထားအပ်သော အဆောက်အအုံ စသည် အလီလီများကို တွေ့ကြုံရှုမြင်ရ၏။

**ယခုအမြင် လင်္ကာဆင်**

၁။ ဂင်္ဂါမြစ်ကမ်း၊ တည်ပုံဆန်းလျက်၊ ရှုခန်းသွယ်သွယ်၊ မငြီးဖွယ်၊ ပြည့်ကြွယ် ပြည်ဗာရာ။

၂။ ထူးထွေဆန်းထူး၊ ဆောက်အဦးနှင့်၊ ပျော်မြူးဖွယ်ရာ၊ ပြည့်စုံဖြာ၊ ထင်စွာ မြင်ရပါ။

❑

## သားမျိုးချမ်းသာ မိဂဒါ

ဗာရာဏသီ မြို့တော်ကြီး၏ မြောက်မျက်နှာ ၆–မိုင်ခန့်အကွာ၌ ရသေ့ ပစ္စေကဗုဒ္ဓါ အဖြာဖြာတို့၏ကျရောက်ရာ ဖြစ်သောကြောင့် 'ဣသိပတန'အမည်ရ၍ ဤတောဝန ကုန်းသာစွဲ၌ မှီခိုကျက်စား၊ သားကောင်များကို နှိပ်စက်ညှဉ်းပန်း၊ မဖမ်းမယူရဟု မင်း၏အမိန့် အာဏာဖြင့် သတ်မှတ်လျက်ထားသော တောအတွင်း၌ သုံးလူ့မင်း သခင် တို့ဘုန်းရှင်သည် ပဥ္စဝဂ္ဂီ၊ ငါးဦးထေရ်တို့အား မိမိ၏ ဘုရား အဖြစ်ကို သိစေတော်မူပြီး၍ ခင်းထားအပ်သော နေရာတော်မြတ်၌ ထိုင်နေတော်မူလျက် ဥတ္တရာသဠ် နက္ခတ်နှင့်ယှဉ်သော ဝါဆိုလပြည့် စနေနေ့ဝယ် အနောက်မျက်နှာမှ နေဝန်းတစ်ခြမ်းဝင်၊ အရှေ့မျက်နှာမှ 'လ'ဝန်းတစ်ခြမ်း ပေါ်သောအခါ'**ဒွေမေ ဘိက္ခဝေ အန္တာပဗ္ဗဇိတေန နသေဝိတဗ္ဗာ**'အစဖြာသော ဓမ္မစက္က ပဝတ္တနသုတ်တော်တည်းဟူသော အောင်စည်တော်ကြီးကို ရိုက်တီးဆော်ယွန်းတော်မူလေရာ အနောက် မျက်နှာ၌ နေဝန်းလုံးဝင်၊ အရှေ့မျက်နှာ၌ 'လ'ဝန်းလုံးပေါ်သောအချိန် ယှဉ်ပြိုင်ပြီးမြောက် အောင်မြင်ခြင်းသို့ ရောက်လေသတည်း။

### အကျဉ်းသိဖွယ် သံပေါက်သွယ်

၁။ ဝါဆိုလပြည့်၊ စနေနေ့၊ ယှဉ်လေ့ဥတ္တရာ။
၂။ နောက်မျက်နှာဘက်၊ နေဝန်းစက်၊ ထက်ဝက်ဝင်ချိန်မှာ။
၃။ ရှေ့မျက်နှာဘက်၊ လဝန်းစက်၊ ထက်ဝက် ထွက်ပေါ်လာ။
၄။ ဓမ္မစက္က၊ သုတ်ဓမ္မ၊ ဗုဒ္ဓဟောသည်သာ။
၅။ နေဝန်းကွယ်သော်၊ လဝန်းပေါ်၊ ဟောဖော်ပြီးဆုံးပါ။
၆။ အံ့ဖွယ်အထူး၊ တရားဦး၊ ကြည်နူးဝမ်းမြောက်ရာ။

မိဂဒါယဟု ခေါ်ရကြောင်းကား– သမင် ဒရယ် စိုင် ချေငယ်နှင့် သွယ်သွယ်သောင်းပြောင်း သားအပေါင်းတို့အား ဘေးရန်မရှိစေဘဲ နေစိမ့်သောငှာ ပေးအပ်သည်၏အဖြစ်ကြောင့် မိဂဒါယဟု ခေါ်ရလေ သည်။

မိဂါနံပန အဘယဝါသတ္တာယ ဒိန္နတ္တာ မိဂဒါဝော တိဝုစ္စတိ။ ဟူသော သုတ္တန် အဋ္ဌကထာ ကျမ်းလာစကားတို့ကို အမှီပြု၍ ဖော်ပြအပ်ပါသည်။ ဤအရာ၌ မိဂဒါယဟူသော ပုဒ်၌ 'ယ'အက္ခရာကို ဖျောက်၍ ဝနဟူသောပုဒ်နှင့် စပ်လျက် မိဂဒါဝုန် ခေါ်ကြလေသည်။

**ကျမ်းဂန်အညီ လင်္ကာစီ**

သမင် ဒရယ်၊ စိုင် ချေငယ်နှင့်၊ သွယ်သွယ်သားပေါင်း၊ ဘေးကင်းကြောင်းကို၊ ပေးရှောင်းဌာန၊ တောဝန၊ မိဂဒါဟု ခေါ်။

ယခုတွေ့ကြုံ မြင်ရပုံကား– မိဂဒါဝုန် တောဟု သတ်မှတ်ပိုင်းခြားအပ်သော ရပ်ကွက်အပိုင်းအခြားသည်ကား လိပ်ကျောက်ကုန်းနှင့် အသွင်တူသောမြေမျက်နှာပြင်ရှိသည်ဖြစ်၍ ရှုမြင်သူအပေါင်းတို့၏ စိတ်ကြည်နူးဖွယ်ရာ သာယာနုပျို စိမ်းစိုသောမြက်ခင်း ဝါးရုံ သရက်စုံလင် မန်ကျည်းပင်နှင့် ထို့ပြင်ဥဿျစ် ဆင့်ဆင့်ညွတ်ဆိုင် ပန်းခိုင်နွယ်မျိုး စုံပြည့်ဖြိုးလျက် သားမျိုးဒရယ် သမင်ငယ် ချေ အစဖွေသား တိရစ္ဆာန်များတို့၏ အားထားမှီခိုရာ ရေအိုင်သာနှင့် ပြည့်စုံ၏။ ထိုတောအတွင်း၌ ဗုဒ္ဓရှင်တော်ဘုရားသည် ဓမ္မစက္ကပဝတ္တသုတ်တော်ကို ဟောတော်မူရာဌာနဝယ် အမြင့်သံတောင် ၁၀၀–ခန့်၊ လုံးပတ်တော်သံတောင် ၁၇၀–ခန့်၊ အောက်အခြေခံ ကျောက်ပြား၂–တောင် ၂–လက်မ၊ အထု တောင်ဆုပ်ရှိသောကျောက်တုံး၊ ကျောက်ပြားများကို အခြေခံထားလျက် အပေါ်အဆင့်ဆင့်၌ အုတ်ဖြင့်ပြီးသော စေတီတော်ကြီးကို ဖူးမြင်ရ၏။

ဣသိပတနေ မဟာဝိဟာရေ စတုဟိဂဗ္ဘေဟိ ပဋိမဏ္ဍိတံ စတုသာလံကာရေတွာ–စသည်ဖြင့် ဓမ္မပဒ အဋ္ဌကထာ နန္ဒိယဝတ္ထု၌ မိန့်ဆိုအပ်သည်နှင့်အညီ နန္ဒိယမည်သော သူဌေးသည် ဆောက်လုပ်လှူဒါန်းအပ်သော အပြင်မှ ကျောက်တုံးကျောက်ပြားအဖြူများကို ပတ်ပတ်လည်ဝန်းရံ၍ အတွင်းဘက်၌ အထု ၈–တောင်ရှိသော အုတ်ဖြင့် ပြီးသော နံရံတော်ကြီး၊ သံတောင်၂၀–ကျယ်သော အလယ်

ခန်းမတော်၊ ၉–တောင်ကျယ်သော ဆင်ဝင်မုခ်ဝ ၄–ဘက်တို့ဖြင့် ဆန်းကြယ်စွာ ဆောက်လုပ်ထားအပ်သော ရှင်တော်ဘုရား သီတင်းသုံးတော်မူသော ဂန္ဓကုဋိ ကျောင်းဆောင်တော်ကြီးကို ဖူးမြင်ရ၏။ ထိုမှတစ်ပါး ခြူးပန်း ခြူးနွယ် အသွယ်သွယ်တို့ဖြင့် ဖွယ်ဖွယ်ရာရာ တန်ဆာဆင်လျက် ကျောက်သားဖြင့်ပြီးသော အနောက်မြောက်ထောင့် အရပ်သို့ အစွန်းထွက်လာသော ပလ္လင်တော်၂–တောင်၂–မိုက် ၅–သစ်၊ အရှေ့မြောက် ထောင့်၊ အရှေ့တောင်ထောင့်၊ အနောက်တောင် ထောင့်အရပ်တို့၌လည်း ၂–တောင်၂–မိုက်၅–သစ်၊ အလယ်ပလ္လင်တော်ကား ၄–တောင် အပြန့်အကျယ်ရှိ၍ အမြင့် ၃–တောင်ရှိသော ပလ္လင်တော်ကြီးကိုလည်း ဖူးမြင်ရ၏။ ထိုမှတစ်ပါး အလျား ၉–ခန်း၊ အနံ ၇–ခန်းရှိသော ကျောင်းဆောင်တော်ကြီးနှင့် ထက်ဝန်းကျင် ပတ်ပတ်လည် ၂၅–တောင်ရှိ၍ အဆောက်အအုံ၏ အလယ် သံတောင် ၅၀–ခန့်နက်သော ရေတွင်းကြီး ရှိသောကြောင့် ရေချိုးအဆောင်တော်ဟု ထင်ရသော အဆောက်အအုံများကိုလည်း ဖူးမြင်ရ၏။ ထိုမှတစ်ပါး မြေအောက်၌ တိုက်ခန်းပေါင်းများစွာ မြေပေါ်၌ တိုက်ခန်းပေါင်းများစွာတို့ဖြင့် ဆန်းကြယ်စွာ ဆောက်လုပ်ထားအပ်သော ကျောင်းဆောင်တော်များနှင့် စင်္ကြံကျောင်းဆောင်တော်များကိုလည်း ဖူးမြင်ရသေး၏။ ထိုမှတစ်လီ ပဉ္စဝဂ္ဂီငါးဦးထေရ်တို့နှင့် ရှင်တော်ဘုရားသည် ဦးစွာပထမ တွေ့ကြုံကြရာ ဌာန၌ အမှတ်အသားအဖြစ် တည်ထားအပ်သော ကျောက်ဂန္ဓိ ခေါ် စေတီတော်ကြီးကိုလည်း ဖူးမြင်ရသေး၏။ ဤကား ရှင်တော်ဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်အခါ ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းဆောင်တော်များနှင့် နောက်ထပ်တည်ထားအပ်သော စေတီတော်များကို ဖော်ပြသော စကားရပ်တည်း။ ထိုမှတစ်ထူး ယခုခေတ် အဆောက်အအုံကို ဖော်ပြဦးအံ့။ ကျောက်ဖြူသား၊ ထုလုပ် ထားသော ၃–တောင်ခန့်ရှိသော ရုပ်ပွားတော်မြတ်၏ ကိန်းဝပ်

စံပယ်တော်မူရာ အုတ်တိုက်အဆောက်အအုံကြီးနှင့် ရွှေသက်န်း ကပ်လှူပြီးသော ၃–တောင်ခန့်ရှိသော ရုပ်ပွားတော်မြတ်၏ ကိန်းဝပ် စံပယ်တော်မူရာ ကျောက်တိုက် အဆောက်အအုံကြီးအပြင် ကျောက်သားဖြင့် ပြုလုပ်ထားသော အလျား ၄–တောင် အနံ ၃–တောင်ရှိသော ကျောက်မိုး ကျောက်အကာတို့ဖြင့် ပြီးသောကျောင်းဆောင်တော်နှင့် ရုပ်ပွားတော်ငယ်၊ တင့်တယ်လျောက်ပတ်သော ဗောဓိပင်မြတ်ကိုလည်း ဖူးမြင်ရသေး၏။

## ယခုအမြင် လင်္ကာဆင်

၁။ လိပ်ကျောက်ကုန်းမူ၊ အသွင်တူ၍၊ မြင်သူအပေါင်း၊ စိတ်ညွတ်ပြောင်းသွယ်၊ ပင်မျိုးကျယ်၊ ပျော်ဖွယ် မိဂဒါ။

၂။ ကြီး ငယ် စေတီ၊ အလီလီနှင့်၊ ရှေးတည်ကျောင်းတိုက်၊ လွန်သိုက်မြိုက်ဘိ၊ ပင်ဗောဓိ၊ တည်ရှိထိုတောမှာ။

❑

## တောင်ငါးလုံးခို ရာဇဂြိုဟ်

ဗုဒ္ဓ ဓမ္မ သမန္တနှင့် ဉာဏ ဒိဗ္ဗ ငါးဝမျက်စိ ပြည့်စုံဘိသား စောဘုရားသည် ငါးဝါပတ်လုံး သီတင်းသုံးတော်မူပြီး၍ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူစဉ် ဂေါစရဂါမ်၊ ဆွမ်းခံရွာအဖြစ်ဖြင့် မှီခိုရာဖြစ်သော ရာဇဂြိုဟ်ခေါ် မြို့တော်ကြီးသည်ကား ဝေဘာရတောင်၊ ဂိဇ္ဈကုဋ်တောင်၊ ဣသိဂိလိတောင်၊ ပဏ္ဍဝတောင်၊ ဝေပုလ္လတောင် အားဖြင့် ငါးလုံးသောတောင်တို့သည် တံတိုင်းပမာ ဝန်းရံကာ တည်နေကုန်၍ အနောက်မျက်နှာ၊ မြောက်မျက်နှာတို့၌ အပေါက်တစ်ခုစီ ရှိလျက် ရှင်တော်ဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်အခါ ဇောတိက သူဌေး အစရှိသော တင့်တယ် များပြားသော ၉–ကုဋေသော လူတို့၏ နေရာ၊ ဗိမ္ဗိသာရမင်း စသည်တို့၏ ရွှေထီး ရွှေနန်းစိုက်တည်ရာ မြို့တော်ကြီး ဖြစ်၏။

## ကျမ်းဂန်အညီ လင်္ကာစီ

၁။ တောင်ကြီးငါးသွယ်၊ ဝန်းရံခြယ်၍၊ တင့်တယ်များပြား၊ လူအများ၊ စည်ကား ရာဇဂြိုဟ်။

၂။ ငါးဝါပတ်လုံး၊ သီတင်းသုံး၍၊ အဆုံးအမ၊ ဩဝါဒ၊ ပေးထ မြတ်ဘုန်းမို။

ရာဇဂြိုဟ်ဟု ခေါ်ရကြောင်းကား– မဟာမန္ဓာတု၊ မဟာဂေါဝိန္ဒ အစရှိသော မင်းကောင်းမင်းမြတ်တို့သည် သိမ်းဆည်းအပ်သည်၏ အဖြစ်ကြောင့် ရာဇဂြိုဟ်ဟု ခေါ်ရလေသည်။ ထိုရာဇဂြိုဟ်ခေါ် မြို့တော်ကြီးသည်ကား ဗုဒ္ဓရှင်တော်ဘုရားများ ပွင့်ထွန်းတော်မူရာ အခါ၌လည်းကောင်း၊ ဘုန်းကံကြီးမင်းအများတို့ ဖြစ်ထွန်းရာအခါ၌ လည်းကောင်း စည်ကားသောမြို့တော်ကြီးဖြစ်၏။ ထိုမှတစ်ပါး ကြွင်းသောအခါများ၌ကား ပျက်စီး တိမ်ကောသည်ဖြစ်၍ ဘီလူးတို့၏ နေရာဌာနဖြစ်၍ တည်၏ ဟူသတည်း။

ရာဇဂဟေတိ ဧဝံနာမကေ နဂရေ တံဟိ မဟာမန္ဓာတု မဟာဂေါဝိန္ဒာ ဒီဟိ ပရိဂ္ဂဟိ တတ္တာ ရာဂဟန္တိ ဝုစ္စတိ။

**သေသကာလေ** ယက္ခပရိဂ္ဂဟိတံ၊ တေသံ ဝသနဋ္ဌာနံ ဟုတွာ **တိဋ္ဌတိ။ ဟူသော** ဥဒါန်းအဋ္ဌကထာ ကျမ်းလာစကားကို အမှီပြု၍ **ဖော်ပြအပ်ပါသည်။**

## ကျမ်းဂန်အညီ လင်္ကာစီ

၁။ **ဘုန်းကံထူးကဲ**၊ မင်းခပဲတို့၊ အမြဲနိယတ်၊ သိမ်းဆည်းအပ်ကြောင့်၊ ပညတ်နာမ၊ ဝေါဟာရ၊ ရာဇဂဟခေါ်။

၂။ ကြွင်းသောကာလ၊ သမယ၌၊ ယက္ခသိမ်းဆည်း၊ မြို့ပျက်ကြီး အပြီးတည်လေသော်။

ယခုတွေ့ကြုံ မြင်ရပုံကား– နန်းမြို့တော်တည်ရာ ဌာန၌ မြို့ရိုးနှင့် ရေကျုံး အစိတ်အပိုင်းကို တွေ့မြင်ရ၏။ လူနေအိမ်ခြေတို့ကား လုံးဝ

မရှိ။ တောချုံအတိသာ ဖြစ်နေတော့သည်ကို တွေ့မြင်ရ၏။ ထိုမှ တစ်ပါး အဇာတသတ်မင်းသားသည် ခမည်းတော်မင်းတရားအား အကျဉ်းချထားရာ ကျောက်ကျင်းကြီးကို တွေ့မြင်ရ၏။ ထိုမှတစ်ထွေ အဇာတသတ်မင်းဆွေသည် ပရမေဗုဒ္ဓ စောဇိန၏ သရီရဓာတ် အသား တော်မြတ်တို့ကို သိုမှီထားရာဟု ခေါ်ဝေါ် သမုတ်ကြသော ကျောက် တံတိုင်း၊ သံတံတိုင်းတို့ဖြင့် ကာရံထားသော အဆောက်အအုံကို တွေ့မြင်ရ၏။ ထိုမှတစ်သွယ် မြို့အလယ်မှ လေးမျက်နှာရပ်၊ ရှုကြည့် လတ်သော် ဖွေးဖွေးဖြူဖြူ ဂျိန်းတိုက်ဂူနှင့် မြင်သူစိတ်အေး တောပန်း မွှေးကြိုင် ကျောက်စိုင်ကျောက်ခဲ ပြန့်ကြဲ တည်နေ ငါးထွေတောင်မင်း အချင်းချင်းတို့ မယှွင်းဆက်စပ် တည်နေလတ်သည်ကို တတ်အပ် ထင်ထင် ရှုမြင်ရပါတော့သတည်း။

**ယခုအမြင် ရှစ်လုံးဆင်**

မြို့တော်အတွင်း၊ မြေခင်းညီညာ၊ မင်းမြတ်ထောင်သွင်း၊ အကျဉ်း ကျရာ၊ ဓာတ်တော်ထားတိုက်၊ သိုက်မြိုက်ဝေဆာ၊ ကြွင်းသမျှ ပြည့်ထ ခြံနွယ်သာ။

❑

## ပြိတ္တာအစုတ် ဂိဇ္ဈကုဋ်

တောင်ငါးလုံးတို့တွင် အရှေ့မျက်နှာအရပ်၌ တည်နေသော တောင် ကို ဂိဇ္ဈကုဋ်တောင်ဟု ခေါ်သည်။ ထိုတောင်၌ အမျိုးမျိုးသော များလှစွာ သော ပြိတ္တာတို့သည် မှီခိုလျက် နေကြသည်ဟု သာသနာဝင် ကျမ်းဂန် တို့၌ မိန့်ဆိုကြသည်။ ထိုပြိတ္တာအမျိုးမျိုးတို့ကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့်သာ လျှင် သိမြင်နိုင်သည်ဟု မှတ်ရမည်။ ပသာဒစက္ခုဖြင့်ကား မသိမမြင် နိုင်။

**အကျဉ်းသိဖွယ် လင်္ကာသွယ်**

၁။ ဂိဇ္ဈကုဋာ၊ တောင်သေလာ၌၊ ပြိတ္တာများစွာ၊ ရှိတုံပါဟု၊ ဇိနာ မိန့်ချွေ၊ ကျမ်းထွေထွေ၊ ပြလေသေအချာ။

၂။ ပေတ ကာယ၊ ဟူသမျှကို၊ ဒိဗ္ဗစက္ခု၊ ဉာဏ်ဖြင့် ရှုမြင်၊ သိမှု
ထင်ဟု၊ ကျမ်းတွင် အများ၊ မိန့်ဖော်ကြား မှတ်သားလေကုန်ရာ။

ဂိဇ္ဈကုဋ်ဟု ခေါ်ရကြောင်းကား ထိုတောင်အထွတ်တို့၌ လင်းတ ငှက်များ နေနားကြသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ လင်းတ ငှက်နှင့်တူဘိ တောင်ထွဋ်ရှိသည်၏အဖြစ်ကြောင့်လည်းကောင်း ဂိဇ္ဈကုဋ် ဟုခေါ်ရလေသည်။

ဂိဇ္ဈကူဋေတိ ဂိဇ္ဈာတဿ ကူဋေသု ဝသိံသု။ ဂိဇ္ဈသဒိသံဝါ တဿ ကူဋံ အတ္ထိတိ ဂိဇ္ဈကူဋော–ဟူသော သုတ်မဟာ ဝါ အဋ္ဌကထာကျမ်းလာ စကားကို အမှီပြု၍ ဖော်ပြအပ်ပါသည်။

## ကျမ်းဂန်အညီ လင်္ကာစီ

တောင်ပြင်ထိပ်ဖျား အထွတ်များ၌ များပြားလင်းတ သကုဏာတို့ စုကျနေရာ၊ ကြောင်းတစ်ဖြာနှင့်၊ တူစွာလင်းတ၊ ထွတ်ကူဋ်ရှိ၊ ဖြစ်တုံဘိ ကြောင့်၊ ကဝိသမုတ်၊ အမည်ထုတ်၊ ဂိဇ္ဈကုဋ်ဟုခေါ်။

ယခုတွေ့ကြုံ မြင်ရပုံကား– ဂိဇ္ဈကုဋ်တောင်ပေါ်သို့ တက်ဖို့ရန် ကျောက်စောင်းတန်း လှေကားနှင့် နားနေဖို့ရန် တောင်ခုလပ်၌ ကျောက်တိုက် ဇရပ်ကို တွေ့မြင်ရ၏။ တောင်ပေါ်သို့ ရောက်သောအခါ ကျောက်တုံး ကျောက်စွယ်တို့သည် မြောက်မျက်နှာဘက်သို့ ကိုင်းရှိုင်း နေသည်ကို တွေ့မြင်ရ၏။ ထိုမှတစ်ပါး ရှင်တော်ဘုရား သက်တော် ထင်ရှားရှိတော်မူစဉ်အခါ သီတင်းသုံးတော်မူရာဖြစ်သော အရှေ့မျက်နှာသို့ မျက်နှာပြု၍ ဆောက်လုပ်ထားအပ်သော ၈–တောင့်တစ်ထွာ ပတ်လည်ရှိသော ကျောင်းဆောင်တော်ဟောင်းကို ဖူးမြင်ရ၏။ ထိုမှ တစ်ဖြာ အရှေ့မျက်နှာ၂၅–တောင် ကွာဝေးသောနေရာ၌လည်းကောင်း ကြွင်းသောနေရာများ၌လည်းကောင်း ရဟန်းတော်အရှင်မြတ်တို့ သီတင်းသုံးတော်မူရာ ကျောင်းဆောင်တော်ဟု ထင်ရသော အဆောက် အအုံများကိုလည်း ဖူးမြင်ရ၏။ ထိုမှတစ်ထွေ တောင်ခြေ၌လည်း

မဒ္ဒကုန္တိ၊ ဥယျာဉ် တည်ရာအရပ် ရှင်တော်ဘုရားကို ဒေဝဒတ်သည် ကျောက်တုံးဖြင့် လှိမ့်ချရာအရပ်၊ ဇီဝကဆေးဆရာ၏ သရက် ဥယျာဉ် တည်ရာအရပ် စသည်များကိုလည်း တွေ့မြင်ရသေး၏။

### ယခုအမြင် လင်္ကာဆင်

၁။ ကျောက်စောင်းတန်းသွယ်၊ ဇရပ်ငယ်နှင့်၊ ကျောက်စွယ် ကျောက်တုံး၊ ရှင်ပင်ဘုန်း၏၊ စံသုံးကျောင်းတော်၊ ရှေ့ဘက်မျှော်သော်၊ တဖော် ကျောင်းရာ၊ အစဖြာသား၊ များစွာဌာန၊ အဝဝတို့၊ စုံမချို့သည်၊ ရှင်ပို့ဖွယ်ရာပါတကား။

၂။ ကျောက်တုံးကျောက်စွယ်၊ အသွယ်သွယ်တို့၊ မြောက်ဝယ်ရှေ့ရှု၊ တည်နေမှုကြောင့်၊ ကြည့်ရှုမြင်ရ၊ ငှက်လင်းတဟန်၊ ပုံသဏ္ဍာန်မို့၊ ကျမ်းဂန်တတ်သိ၊ ပညာရှိတို့၊ အဘိဓာန်ထုတ်၊ ဂိဇ္ဈကုဋ်ဟု၊ သမုတ်ပြုသည်၊ မှတ်ရှုဖွယ်ရာပါတကား။

❑

## ဣသိဂိလိ ထူးဆန်းဘိ

ဂိဇ္ဈကုဋ်တောင်နှင့်ဆက်စပ်လျက် အရှေ့တောင်ထောင့်အရပ်၌ တည်နေသောတောင်သည် ဣသိဂိလိတောင် ဖြစ်သည်။ ထိုဣသိဂိလိ နံပါးဝယ် မည်းသောအဆင်းရှိသောကျောက်ဖျာပြင်၌ ရဟန္တာ၅၀၀- တို့နှင့်တကွ ရှင်တော်ဗုဒ္ဓ စောဇိနသည် သီတင်းသုံးတော်မူကြောင်း၊ ကျမ်းဂန်တို့၌ အထင်အရှား မိန့်ဖော်မြွက်ကြားတော်မူကြကုန်၏။

### ကျမ်းဂန်အညီ လင်္ကာစီ

ဣသိဂိလိ၊ အမည်ရှိသား၊ တောင်နံပါး၌၊ မြတ်ဖျားဇိန၊ သမ္ဗုဒ္ဓသည်၊ ပဥ္စသတာ၊ ရဟန္တာနှင့်၊ ပါသာဏမြေ၊ ကျောက်ဖျာဖွေ၌၊ စံနေတုံဟု၊ ကျမ်းဖော်ပြုသည်၊ မှတ်ရှုအများ၊ မျိုးကောင်းသား။

ဣသိဂိလိဟု ခေါ်ရကြောင်းကား- တရားကျင့်ပေ၊ ရသေ့တွေကို မျိုလေတတ်သည်၏အဖြစ်ကြောင့် ဣသိဂိလိဟု ခေါ်ရလေသည်။

ဣ္လသယော ဂိလတီတိ ဣ္လသိဂိလိ–ဟူသော အဘိဓာန်ဋီကာ ကျမ်းလာ စကားကိုလည်းကောင်း၊ ဘူတပုဗ္ဗံ ဘိက္ခဝေ ပဥ္စပစ္စေကဗုဒ္ဓသတာနိ ဣ္လမသ္မိံ ဣ္လသိဂိလိသ္မိံ ပဗ္ဗတေ စိရနိဝါသိနော အဟေသုံ တေ ဣ္လမံ ပဗ္ဗတံ ပဝိသန္တာ ဒိဿန္တိ၊ ပဝိဋ္ဌာန ဒိဿန္တိ၊ တမေနံ မနုဿာ ဒိသွာ ဧဝမာဟံသု၊ အယံ ပဗ္ဗတော ဣ္လမေ ဣ္လသယော ဂိလ တီတိ ဣ္လသိဂိလိတွေဝ သမညာ ဥဒပါဒိ ဟူသော ဥပရိပဏ္ဏာသ ပါဠိတော်၌ ရှင်တော်ဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော ဒေသနာတော်မြတ်ကိုလည်းကောင်း အမှီပြု၍ ဖော်ပြအပ်ပါသည်။

ဥပရိပဏ္ဏာသ ပါဠိတော်၏အကျဉ်းအဓိပ္ပါယ်ကား– ဣ္လသိဂိလိ ဟူသော အမည်သည် ထိုတောင်ခေါင်းသို့ ဝင်လာကုန်သော ရသေ့တို့၏ ဝင်သည်ကိုသာ မြင်၍၊ ထွက်သည်ကို မမြင်ကုန်သော လူတို့၏ဝေါဟာရအားဖြင့် ဖြစ်သောအမည်ပေတည်းဟု ဆိုလိုသည်။

**ကျမ်းဂန်အညီ လင်္ကာစီ**

တရားကျင့်ကြား၊ ရသေ့များကို၊ မျိုထားလေတတ်၊ အကြောင်းရပ်ကြောင့်၊ ပညတ်အရှိ၊ တောင်ဂိရိ၊ ဣ္လသိဂိလိခေါ်။

ယခုတွေ့ကြုံ မြင်ရပုံကား–ဂိဇ္ဈကုဋ်တောင်နှင့် ပဏ္ဍဝတောင်တို့၏ အလယ်အကြား၌ ကွေ့ကောက်သော ပုံသဏ္ဌာန်ရှိ၍ ချိုင့်ဝှမ်းပေါ်ဖြင့် သစ်ပင်ကြီးငယ် ပေါပြည့်ကြွယ်လျက် သွယ်သွယ်သားတွေ ခိုအောင်းနေရာ ရပ်ဌာနာကြီး ဖြစ်လျက် တည်နေသည်ကိုသာ တွေ့မြင်ရ၏။

**ယခုအမြင် လင်္ကာဆင်**

ချိုင့်ဝှမ်းပေါ်ဖြင့်၊ များသစ်ပင်နှင့်၊ ပြန့်လွင့်ကုန်းမြေ၊ ကွေ့ကောက်နေလျက်၊ ထွေထွေသားများ၊ ခိုအောင်းနားရာ၊ ရပ်ဌာနာ၊ မှန်စွာ ဖြစ်တော့ပါ။

အထူးသဖြင့် ပြန့်ပြောတတ်သည်၏အဖြစ်ကြောင့် 'ဝေပုလ္လ' အမည်ရသော တောင်သည်ကား ဂိဇ္ဈကုဋ်တောင်နှင့် ဆက်စပ်လျက်

မြောက်ဘက်အရပ်၌ တည်နေ၏။ ထိုဝေပုလ္လတောင်၌လည်း ဗုဒ္ဓရှင်တော်နှင့်စပ်သောအဆောက်အအုံ မရှိ၊ ဗုဒ္ဓရှင်တော် သီတင်းသုံးတော်မူသည် ဟူ၍လည်း ကျန်းဂန်တို့၌ အဆိုအမိန့် မရှိ။ သေးငယ်သော စောင်းတန်းလှေကားနှင့်'ဂျိန်း'တိုက်ဂူများကိုသာ တွေ့မြင်ရ၏။

❑

## ပထမ သင်္ဂါယနာ၊ တင်နေရာ

အထူးသဖြင့် တောက်ပနေတတ်သည်၏အဖြစ်ကြောင့် (ဝေဘာရ) အမည်ရသော တောင်နံပါး၌ (၇)ရွက်-(၇)ရွက်စီရှိသည်၏ အဖြစ်ကြောင့် [သတ္တပဏ္ဏိ]မည်သော စရည်းပင် ပေါက်ရောက်ရာ လိုဏ်ဂူတံခါး၏အနီးဝယ် အဇာတသတ် သမုတိနတ်သည် ဝိသကြုံ နတ်သားသည် ဖန်ဆင်းအပ်သည်နှင့်တူသည်ဖြစ်၍ ကောင်းစွာ ဝေဖန်အပ်သော နံရံ, သည်တိုင်, စောင်းတန်းရှိသော အထူးထူးအပြားပြားသော ခြူးပန်းခြူးနွယ် အသွယ်သွယ်အဝဝ ဆန်းကြယ်လှသား ရှုချင့်စဖွယ် အများတို့နှင့် ပြည့်စုံသောမဏ္ဍပ်တော်ကြီးကို ဆောက်လုပ်စေပြီး၍ ထိုမဏ္ဍပ်တော်ကြီး၌ (၅၀၀)သော ရဟန်းတော် ထေရ်အရှင်တို့ ကြည်လင်စွာ သီတင်းသုံးတော်မူဖို့ရာ သင့်တော်လျောက်ပတ် အပ်စပ်သောအခင်းတို့ကိုခင်း၍ လည်းကောင်း၊ တောင်မျက်နှာအဖို့ကို မှီလျက် မြောက်မျက်နှာသို့ ရှေ့ရှုသံဃာထေရ်၏နေရာတော်မြတ်ကို ခင်း၍လည်းကောင်း၊ မဏ္ဍပ်တော်ကြီး၏ အလယ်၌ အရှေ့သို့ မျက်နှာပြုလျက် ဘုန်းတော်သခင် ဘုရားရှင်၏ နေတော်မူခြင်းငှာ ထိုက်သော [ဓမ္မာသန] တရားဟောပလ္လင်ကို ခင်း၍ လည်းကောင်း၊ တရားဟောပလ္လင်တော်၌ ဆင်စွယ်ဖြင့် စီထားသောယပ်ကို ထား၍ လည်းကောင်း မိမိပြုလုပ်ဆောင်ရွက်ရမည့် အခြေခံဟူသမျှသည် ပြီးစီးအောင်မြင်ကြောင်း ရဟန်းတော်အပေါင်းအား လျှောက်ထားလေတော့၏။ ထိုမဏ္ဍပ်တော်ကြီး၌ အရှင်မဟာကဿပအမှူးရှိသော ရဟန်းတော် (၅၀၀)တို့သည်

ဘုရားမြတ်စွာ ဟောတော်မူအပ်သော သုံးတန်ပိဋက ဒေသနာတော် အဝဝတို့ကို ပေါင်းစုမသွေ ရွတ်တော်မူကြလေရာ (၇)လတိုင်မှ ပြီးမြောက်အောင်မြင်ခြင်းသို့ ရောက်လေတော့၏။ ပေါင်းစည်းရွတ်ရာ သင်္ဂါယနာတင်ပွဲသဘင်ကြီး နွှဲဆင်ပြီးသောအဆုံး၌ မဟာပထဝီ မြေကြီးသည် ကောင်းချီးပေးသကဲ့သို့ ထိုမှဤမှ ပြင်းစွာမသွေ တုန်လှုပ် လေတော့သတည်း။

ဝေဘာရပဗ္ဗတ ပဿေ သတ္တပဏ္ဏိဂုဟာဒွါရေ–အစရှိသော ပါရာဇိကဏ် အဋ္ဌကထာ ကျမ်းလာစကားကို အမှီပြု၍ အကျဉ်း အားဖြင့် ဖော်ပြအပ်ပါသည်။

## အကျဉ်းသိဖွယ်– လင်္ကာသွယ်

၁။ အစဦးစွာ၊ ထေရ်သံဃာတို့၊ ညီညာပေါင်းစု၊ စည်းဝေးပြု၍ သုံးလူ့မြတ်စွာ၊ ဒေသနာကို၊ ရွတ်ရာဌာန၊ ဝေဘာရ၊ ပါဒ တောင် ခြေမှာ။

၂။ ကဿပ မည်သီး၊ မထေရ်ကြီးကို၊ ဦးစီးနာယက၊ တင်မြှောက်ကြ၍၊ ပဥ္စသတာ၊ ထေရ်သံဃာတို့၊ ရွတ်ရာကာလ၊ ခုနစ်လ၊ တိုင်မှ ပြီးဆုံးပါ။

ယခုတွေ့ကြုံ မြင်ရပုံကား– ဝေဘာရ တောင်ခုလပ် တောင်မျက်နှာ အရပ်နံပါး၌ ကျောက်လိုဏ်ဂူတစ်ခုကို တွေ့မြင်ရ၏။ ဝေဘာရ တောင်ခြေအတွင်းဘက် တောင်မျက်နှာအရပ်၌လည်း အလျား သံ တောင် (၂၀)၊ အနံသံတောင်(၁၀)ရှိသော ကျောက်လိုဏ်ဂူ တစ်ခု ကိုလည်း တွေ့မြင်ရ၏။ ထိုလိုဏ်ဂူနှစ်ခုတို့တွင် အထက်လိုဏ်ဂူကို ပထမသင်္ဂါယနာတင်သောနေရာ ဟူ၍လည်းကောင်း၊ အောက် လိုဏ်ဂူကို ပထမသင်္ဂါယနာ တင်သောနေရာဟူ၍ လည်းကောင်း အမျိုးမျိုးအထွေထွေ ပြောဆိုလျက် အသိအမှတ်ပြုကြလေ၏။ အခြေအနေတည်နေပုံနှင့် သင်္ဂါယနာတင်ရာအချိန်အခါ၌ (၅၀၀)သော

ရဟန်းတော်များ သီတင်းသုံးနေထိုင်တော်မူဖို့ရာ အထက်၌ ကျမ်းဂန်အရ ဖော်ပြအပ်ပြီးသော မဏ္ဍပ်ဆောက်ပုံ အခြင်းအရာတို့ကို ထောက်ဆ၍ တောင်ခြေ၌ရှိသော လိုဏ်ဂူတံခါး၏ အနီးအရပ်ကို ပထမသင်္ဂါယနာတင်သောနေရာဟု မှတ်ယူသင့်၏။

အကြောင်းကား ကျောက်လိုဏ်ဂူကြီး၏ ရှေ့မျက်နှာသာ၌ ညီညွတ်သာယာပြေပြစ်သော မြေမျက်နှာပြင်ရပ်ကွက်ကို တွေ့မြင်ရသောကြောင့်တည်း။

ဝေဘာရတောင်၏ ယခုတည်နေပုံ အခြေအနေမှာကား ရေပူမြစ် (တပေါဒနဒီ)၏ အနောက်မျက်နှာမှစ၍ ရှည်လျားပြန့်ကျယ်လျက် တောင်ပေါ်သို့ တက်ဆင်းဖို့ရာ ကျောက်စောင်းတန်း လှေကားထစ်များ ပြုလုပ်ထားသည်ကို **တွေ့မြင်၏။** (ဂျိန်း)ကို ကိုးကွယ်သော ပုဂ္ဂိုလ်များက (ဂျိန်း)ရုပ်ပုံများ**နှင့်တကွ** ကျောက်ဖြင့်ပြီးသော အဆောက်အဦးများစွာတို့ကို ပြုလုပ်စီမံထားသည်ကိုလည်း တွေ့မြင်ရ၏။ ပိပ္ဖလိလိုဏ်ဂူတော်ကြီးမှတပါး ဗုဒ္ဓရှင်ပင် ဘုရားနှင့်စပ်သော အဆောက်အအုံကား လုံးဝမရှိပါ။

❑

## တပေါဒါရာမ် ရေပူကန်

ရာဇဂြိုဟ်မြို့တော်ကြီး၏ မြောက်ပေါက်အထွက်အနောက်ဘက်၌ (ဝေဘာရ)မည်သော တောင်၏ အောက်အပြင်၌နတ်ပြည်နှင့်တူသည် ဖြစ်၍ အညစ်အကြေးကင်းစင်ဝေးသော မြေမျက်နှာပြင်နှင့် လည်းကောင်း၊ အာရာမ်ဥယျာဉ်တို့နှင့်လည်းကောင်း ပြည့်စုံသော ယူဇနာ (၅၀၀)ရှိသော မြေ၌တည်ငြား ဘုမ္မာဌက နဂါးတို့၏နေရာ နဂါးဘုံသည် ရှိ၏။ ထိုနဂါးဘုံ၌ နဂါးတို့၏ ပျော်မြူးရာဌာနဝယ် ရေကန်ကြီးရှိ၏။ ထိုရေကန်ကြီးမှ ကျိုက်ကျိုက်ဆူဝေ ပူသောရေရှိသော တပေါဒ မည်သော မြစ်သည် စီးဆင်းလာခဲ့၏။ အဘယ့်ကြောင့် ကျိုက်ကျိုက်

ဆူဝေ ပူသောရေရှိသနည်းဟူမူကား ရာဇဂြိုဟ်မြို့တော်ကြီးကို ဝန်းရံ၍ ကြီးမားကျယ်ပြန့်သော ပြိတ္တာလောက ဘုံဌာနသည် တည်နေ၏။ ထိုပြိတ္တာလောကဘုံဌာန၌ ကြေးနီအိုး ငရဲကြီးနှစ်ခုတို့၏ အလယ်ကြားမှ (တပေါဒါ) မည်သော မြစ်သည် လာခဲ့၏။ ထို့ကြောင့် ကျိုက်ကျိုက် ဆူဝေ ရေရှိလေသတည်း။

ဝေဘာရ ပဗ္ဗတဿ ကိရဟေဋ္ဌာ ဘုမ္မဋ္ဌကနာဂါနံ ပဉ္စယောဇန သတိကံ နာဂဘဝနံ ဒေဝလောကသဒိသံ နိမ္မလေန တလေန အာရာမုယျာနေဟိစ သမန္နာဂတံ။ တတ္ထနာဂါနံကီဠနဋ္ဌာနေမဟာ ဥဒကရဟဒေါ။ တတော တပေါဒါနာမ နဒီ သန္ဒတိ ကုထိတာ ဥဏှောဒကာ။ ကသ္မာ ပနေသာ ဥဏှောဒကာ ရာဇဂဟံ ကိရ ပရိဝါရေတွာ မဟာပေတ လောကော တိဋ္ဌတိ။ တတ္ထဒွိန္နံ မဟာလောဟကုမ္ဘိနိရယာနံ အန္တရေန အယံ တပေါဒါ အာဂစ္ဆတိ။ တသ္မာ ကုထိတာ သန္ဒတိ–ဟူသော ဒေဝတာ သံယုတ် အဋ္ဌကထာ ကျမ်းလာစကားကို အမှီပြု၍ ဖော်ပြ အပ်ပါသည်။

## ကျမ်းဂန်အညီ–လင်္ကာစီ

၁။ ဝေဘာနာမာ၊ တောင်သေလာ၏၊ ဟေဋ္ဌာတခွင်၊ အောက်အပြင်၌၊ ဥယျာဉ်အာရာမ်၊ ပြည့်စုံဖန်သား၊ ဝင်းလျှံမောက်ကြွား၊ မြေနဂါးတို့၊ ပျော်ပါးဌာနာ၊ ရေကန်သာ၌၊ သညာတင့်စွာ၊ တပေါဒါမည်၊ မြစ်နဒီမင်း၊ စီးဖြာဆင်းသည်၊ သန့်ရှင်းရေတွေ ထင်ရှားတည်း။

၂။ ရာဇဂဟာ၊ ဝန်းရံကာ၍၊ မဟာပေတ၊ ဘုံဌာနသည်၊ မြဲစွာ တည်လျက်၊ ယင်းသည်လောက၊ ဘုံဌာန၌၊ နှစ်ဝငရဲ၊ အကြားထဲမှ၊ မြေသားပေါ်တက်၊ စီးဆင်းချက်ကြောင့်၊ မပျက်ပူပူ၊ ကျိုက်ကျိုက် ဆူသည်၊ မှတ်ယူကျမ်းဂန် အပြတည်း။

ယခုတွေ့ကြုံ မြင်ရပုံကား ဝေဘာရတောင်ခြေ၌ (အီတာလျံ) ကျောက်ပြားတို့နှင့် ပြုပြင်မွမ်းမံ ခြယ်လှယ်ထားသော ရေချိုးကန်

၃-ခုကို တွေ့မြင်ရ၏။ ဓာတ်နိမ့်သော ပုဂ္ဂိုလ်များ ချိုးသောကန်၊ ဓာတ်မြင့်သောပုဂ္ဂိုလ်များ ချိုးသောကန်ဟု နှစ်မျိုးနှစ်ထွေ ခွဲခြားထားလေ၏။ ဝေဘာရတောင်အတွင်းမှ စီးဆင်းကျလာသော ရေကို ကျောက်ဖြူတို့ကို (မြန်မာအသုံး စကျင်ကျောက်တုံးတို့ကို) နွားဦးခေါင်းသဏ္ဍာန် ပြုလုပ်ထား၍ နွား၏ခံတွင်း ပါးစပ်ပေါက်တွင်းမှ အဆက်မပြတ် တရစပ် စီးဆင်းကျလာသော ရေများကို တွေ့မြင်ရ၏။ ထိုရေပူကို ချိုးသောပုဂ္ဂိုလ်များ၌ ရောဂါဘယ ကင်းစင်ပသည်ဟု အယူရှိကြကုန်သောကြောင့် မြို့ကြီးမြို့ငယ် အသွယ်သွယ်အရပ်ရပ်မှ လူများစွာတို့သည် လာရောက်ကြလျက် ရေချိုးကြသည်ကိုလည်း တွေ့မြင်ရ၏။ ယခုအခါ ထိုရေကန်ကို (ရေပူကန်)ဟု ခေါ်ဝေါ် သမိုက်ကြလေသတည်း။

## ယခုအမြင်-လင်္ကာဆင်

ဝေဘာတောင်တွင်း၊ မြေအခင်းမှ၊ သက်ဆင်းကျလေ၊ ပူသောရေ၏ တည်နေဌာန၊ ရပ်ဒေသ၊ ခေါ်ကြ ရေပူကန်။

❑

# ပိပ္ဖလိဂူ တောင်စွန်းငူ

ဝေဘာရ တောင်အတက်စ ရေပူကန်တို့၏ အထက်ကျသော တောင်စွန်းအငူ၌ အရှင် "မဟာကဿပ"အမည်တော်ရသော ရဟန္တာမထေရ်မြတ်၏ သီတင်းသုံးတော်မူရာဖြစ်သော (ပိပ္ဖလိ)ခေါ် လိုဏ်ဂူတော်ကြီးကို ဖူးမြင်ရ၏။ ထိုလိုဏ်ဂူတော်၌ ဗုဒ္ဓရှင်တော်မြတ်သည်လည်း အခိုက်အတန့်အားဖြင့် သီတင်းသုံးတော်မူကြောင်းကို ကျမ်းဂန်တို့၌ မိန့်ဆိုကြလေသည်။

ပိပ္ဖလိလိုဏ်ဂူဟု ခေါ်ရကြောင်းကား လိုဏ်ဂူတော်တံခါး၏ အနီးအပါး၌ ညောင်ချဉ်တစ်ပင်ရှိ၏။ ထိုညောင်ချဉ်ပင်ကို အစွဲအမှီပြု၍ (ပိပ္ဖလိလိုဏ်ဂူဟု) အမည်နာမ ပညတ်ပေးအပ် ခေါ်ဝေါ်ကြလေသတည်း။

ပိပ္ဖလိ ဂုဟာယန္တိ တသဃကိရဂုဟာယ ဒွါရသမီပေ ဧကော ပိပ္ဖလိ ရုက္ခော အဟောသိ၊ တေနသာ ပိပ္ဖလိဂုဟာတိ ပညာယိတ္ထ–ဟူသော ဥဒါန်း အဋ္ဌကထာ ကျမ်းလာ စကားကို အမှီပြု၍ ဖော်ပြအပ်ပါသည်။

## ကျမ်းဂန်အညီ လင်္ကာစီ

လိုဏ်ဂူနီးတွင်၊ ညောင်ချဉ်ပင်ကို၊ စွဲတင်ပညတ်၊ အမည်တတ်၊ ခေါ်အပ် ပိပ္ဖလိ။

ယခုတွေ့ကြုံ ဖူးမြင်ရပုံကား–သယံဇာတ အလိုအလျောက်ဖြစ် ထွန်းနေသော ကျောက်တုံး ကျောက်ပြားအမျိုးမျိုး အစားစားတို့ကို အဆင့်ဆင့်စီလျက် အလျား အနံ သံတောင်(၁၀)ခန့် ပြုလုပ်၍ ထက် ဝန်းကျင် အနီးအရပ်မှ ကျောက်ပြားများ ခင်းထားသည်ကို ဖူးမြင် ရ၏။

## ယခုအမြင်– လင်္ကာဆင်

ဝေဘာတောင်ခြေ၊ အစဗွေ၌၊ ကျောက်တွေထပ်ထပ်၊ စီမံအပ် လိုဏ်မြတ် ပိပ္ဖလိ။

❑

# ဝါးတောခြံရံ၊ ဝေဠုဝန်

ရာဇဂြိုဟ်မြို့တော်ကြီး၏ မြောက်ပေါက်အထွက် အနောက်မြောက် မျက်နှာ ပြေပြစ်ညီညာ သာယာသော မြေအဖို့၌ ဗိမ္ဗိသာရ မင်းမြတ် သည် ရေစက်သွန်းချ လှူဒါန်းအပ်သော ဝေဠုဝန် ဥယျာဉ်တော အတွင်းဝယ် (၁၈)တောင်အမြင့်ဆောင်သော တံတိုင်းဖြင့် ကာရံအပ် သည် ဖြစ်၍ ဣဿရိယ စသည့်အပြား ဘုန်းခြောက်ပါးနှင့် ပြည့်စုံ တော်မူသော ရှင်ပင်ဘုရား သီတင်းသုံးတော်မူဖို့ရာ ကျောက်ပတ် ကြီးမြတ်သော (ဂန္ဓကုဋိ)ကျောင်းဆောင်တော်ဖြင့်လည်းကောင်း၊ တစ်ပါးသော ပြာသာဒ် ကျောင်းဆောင်တော် လိုဏ်ဂူမဏ္ဍပ် စင်္ကြံတံခါး မုခ် စသည်တို့ဖြင့်လည်းကောင်း တန်ဆာဆင်အပ်လျက် အပဋ္ဌ ဝါးတို့

ဖြင့် ခြံရံအပ်သော ညိုသောအရောင်ရှိသည်ဖြစ်၍ ရှုမြင်သသူများဖိုလ်လူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးမွေ့လျော်စေတတ်သော (ဝေဠုဝန်) ခေါ်ကျောင်းတိုက်ကြီးသည်ကား ထင်ရှားမသေ့ ရှိခဲ့ပေသတည်း။

ဝေဠုဝနန္တိ တသ္မိ ဝိဟာရေ ယသနာမံ၊ တံ ကိရ အဋ္ဌာရသ ဟတ္ထုဗ္ဗေဓေန ပါကာရေန ပရိက္ခိတ္တံ ဗုဒ္ဓသ ဘဂဝတော ဝသနာနုစ္ဆ ဝိကာယ မဟတိယာ ဂန္ဓကုဋိယာ အဥ္ဥဟိစ ပါသာဒ ကုဋိလေဏ မဏ္ဍပ စင်္ကမဒွါရ ကောဋ္ဌကာဒီဟိ ပဋိမဏ္ဍိတံ ဗဟိ ဝေဠူဟိ ပရိက္ခိတ္တံ အဟောသိ နီလောဘာသံ မနောရမံ၊ တေနဝေဠုဝနန္တိ ဝုစ္စတိ–ဟူသော ဥဒါန်းအဋ္ဌကထာ ကျမ်းလာစကားကို အမှီပြု၍ ဖော်ပြအပ်ပါသည်။

## ကျမ်းဂန်အညီ လင်္ကာစီ

တစ်ဆယ့်ရှစ်တောင်၊ အမြင့်ဆောင်သား၊ ကျောက်တောင်ပမာ၊ တံတိုင်းကာ၍၊ ဇိနာရွှေဘုန်း၊ သီတင်းသုံးဖို့၊ တင့်ဆုံးကျောင်းမြတ်၊ လိုဏ်ပြာသာဒ်နှင့်၊ မဏ္ဍပ်စင်္ကြံ၊ အစဖန်လျက်၊ ပြင်ရန်ညိုဝါး၊ စိုက်ပျိုးထားကြောင့်၊ အများသူတွေ၊ မွေ့လျော်စေ၊ သာပေ ဝေဠုဝန်။

ဝေဠုဟု ခေါ်ရကြောင်းကား ဝါးဥယျာဉ်တော အတွင်းဝယ်ဆောက်လုပ်ထားအပ်သော ကျောင်းတိုက်တော် ဖြစ်ခြင်းကြောင့် ဝါးဥယျာဉ်တောကို အစွဲ အမှီပြု၍ ဝေဠုဝန်ဟု ခေါ်ရလေသည်။

## အကျဉ်းသိဖွယ်၊ လင်္ကာသွယ်

ဝါးမျိုးစုံလင်၊ တောဥယျာဉ်ကို၊ မည်တင်ပညတ်၊ ခေါ်ဝေါ်အပ်ကျောင်းမြတ် ဝေဠုဝန်။

ယခု တွေ့ကြုံ မြင်ရပုံကား– ယခုအခါ ကျောင်းတိုက်တော်ကြီးအတွင်း၌ အဆောက်အအုံ အစိတ်အပိုင်းကိုမျှ မဖူးမြင်ရတော့ပါ၊ (ဝေပုလ္လ)တောင်ခြေအနီး ဆူးသံကြိုး ကာရံထားသော မြေကွက်လပ်ကို ဝေဠုဝန်ကျောင်းတိုက် အာရာမ်ဟူ၍ လည်းကောင်း၊ ထိုမြေ

ကွက်လပ်၏ မြောက်မျက်နှာအနီး၌ရှိသော မြေကွက်ကြီးကို ဝေဠု ကျောင်းတိုက် အာရာမ်ဟူ၍လည်းကောင်း အမျိုးမျိုးအထွေထွေ ပြောဆိုကြလေ၏။ ဖော်ပြခဲ့ပြီးသော မြေကွက်လပ်နှစ်ခုတို့တွင် (၁၈) တောင်အမြင့်ဆောင်သော တံတိုင်းဖြင့် ကာရံအပ်သည်ဟု ကျမ်းဂန်တို့၌ မိန့်ဆိုအပ်သည်၏အဖြစ်ကြောင့် ဆူးသံကြိုးကာရံထားသော မြေကွက်လပ်ထက် ပြန့်ကျယ်၍ မြို့ရိုးကြီးသဖွယ် မြင့်လှစွာသော မြေကျောက်နှစ်ထွေ ရောယှက်တည်နေသော အကာအရံဖြင့် ပိုင်းခြား သတ်မှတ်ထားအပ်သော မြေကွက်လပ်ကြီးကိုသာ ဝေဠုဝန် ကျောင်း တိုက် အာရာမ်ဟူ၍ မှတ်သားသင့်ကြောင်း ဆုံးဖြတ်မိခဲ့ပေသတည်း။

**ရှစ်လုံးအညီ၊ ဘွဲ့ကုံးစီ**

သုံးလူ့ခေါင်ထိပ်၊ ခမ္မိသရာ၊ စံတော်မူငြား၊ ကျောင်းများဝိဟာ၊ ယခုမြင်ချက်၊ မြေကွက်ကြီးသာ၊ ပျက်စီးရ၊ ခမ္မသဘာဝါ။

❑

## ခမ်းနားကြီးစွာ နာလန္ဒာ

ရာဇဂြိုဟ်မြို့တော်ကြီး၏ အရှေ့မြောက် ၈ မိုင်၊ ၄ ဖာလုံ ကွာ ဝေးသော အရပ်၌ (နာလန္ဒ) မည်သော မြို့ရှိ၏။ ထိုနာလန္ဒမည်သော မြို့ကို အစွဲအမှီပြု၍ ခေါ်ဝေါ်ပညတ်သမုတ်အပ်သော (နာလန္ဒ) ကျောင်းတိုက်တော်ကြီးကို ဖူးမြင်ရ၏။ ထိုနာလန္ဒကျောင်း တိုက်တော် ကြီး၏ ခမ်းနားကြီးကျယ်သော အဆောက်အအုံနှင့် ဆောက်လုပ်ထားပုံ အခြင်းအရာကို ဖော်ပြဦးအံ့။

နာလန္ဒကျောင်းတိုက်တွင်းရှိ (နာလန္ဒ)ခေါ် ကျောင်းတော်ကြီးသည် ကား အလျားသံတောင်(၁၃၀၀) တစ်ထောင့်သုံးရာခန့် ရှိ၏။ အနံ သံတောင် (၁၀၀) တစ်ရာခန့် ရှိ၏။ အပြင်ပန်းရံအုတ်ရိုးအထုကား သံတောင် (၁၀) တောင် ရှိ၏။ အတွင်းနံရံ အုတ်ရိုးအထုကား သံတောင် (၅)တောင်ရှိ၏။ အောက်ထပ် အုတ်မြေအပြင်မှ အပေါ်ထပ် အုတ် မြေပြင်အထိ များစွာသော အခန်းတိုက်ငယ်တို့ကို ဖွဲ့ထား၏။ အပေါ်

ထပ်အဆင့်သို့ တက်ဖို့ရာ စောင်းတန်းလှေကားထစ် (၁၈) ထစ် ရှိ၏။ အချို့သော ကျောင်းဆောင်တော်၌ကား အကွေ့အလိမ် ပြုလုပ်စီမံထားသောကြောင့် စောင်းတန်းလှေကားထစ် (၃၃) ထစ် ရှိ၏။ ကျောင်းဆောင်တော်များ၏ အတွင်း၌ပင် ရေတွင်းများ ရှိ၏။ ပုံသဏ္ဌာန်အားဖြင့် အချို့သောရေတွင်းကား အဝိုင်း၊ အချို့သော ရေတွင်းကား လေးထောင့် ဖြစ်၏။ အချို့သော ရေတွင်းကား အပေါ်ထပ်အဆင့်ရှိ၏။ အချို့သော ရေတွင်းကား အောက်ထပ်အဆင့် ရှိ၏။ စီးဆင်းကျလာသော ရေတို့ကို ရေထုတ်စရာ ပြွန်များ တပ်ဆင်လျက် ရေလှောင်တွင်းသို့ ကျဆင်းစေ၏။

အခြေခံ တိုင်ကြီးတို့သည်ကား အချို့သော ကျောင်းဆောင်တော်၌ အုတ်တိုင်ကြီးများဖြစ်၏။ အချို့သော ကျောင်းဆောင်တော်၌ သံတောင်(၂)တောင် ရှိသော ကျောက်တိုင်ကြီးများဖြစ်၏။ ထိုမှတစ်ပါး အသီးအခြား ဆောက်လုပ်ထားအပ်သော (ဂန္ဓကုဋီ) ကျောင်းဆောင်တော်ကြီးလည်းရှိ၏။ ထိုဂန္ဓကုဋီ ကျောင်းဆောင်တော်၌ ပလ္လင်တော်တည်ရာဌာနအထိ တက်ဆင်းဖို့ရာ (၇၃)ထစ်ရှိသော စောင်းတန်းလှေကားကြီးနှင့် အောက်ထပ်အပြင်သို့ တက်ဆင်းဖို့ရာ စောင်းတန်းလှေကားသည်လည်း ရှိသေး၏။ ထိုစောင်းတန်းလှေကားတို့ကား အဖြောင့်စောင်းတန်းလှေကားများမဟုတ်၊ ဆန်းကြယ်စွာ ပြုလုပ်စီမံထားအပ်သော စောင်းတန်းလှေကားများဖြစ်၏။ ဤသို့ ဆန်းကျယ်စွာ ဆောက်လုပ်ထားအပ်သော ကျောင်းဆောင်တော်ကြီးနှင့် ရဟန္တာ အရှင်မြတ်တို့၏ အရိုးတော်ဓာတ်တည်ရာ စေတီတော်မြတ် အဖြာဖြာ တို့ကို အထူးကြည်လင် ဦးတင်၍ ဖူးမြင်ကြရကုန်သော ရဟန်း ရှင်၊ လူ၊ ဟိန္ဒူဂူပေါ်ယယ် အသွယ်သွယ်တို့သည် ချီးမွမ်းအံ့ဩ ထောပနာ သံ တသောသောနှင့် အဟောဝတ ဩော်– ထူးကဲလှပါပေစွ တကားပ မျက်နှာကြည်လင် စိတ်ကောင်းဝင်လျက် ဘဝင်ဟဒယ အစဥ်လှလှဖြ ရွှင်ပျဝမ်းမြောက်ကုန်တော့သတည်း။

## အကျဉ်းသိဖွယ်– လင်္ကာသွယ်

ခမ်းနားကြီးကျယ်၊ ထုအထည်နှင့်၊ အံ့ဖွယ်ခန်းဆောင်၊ ပေါ်များ ပြောင်လျက်၊ သုံးဆောင်ရေတွင်း၊ မြေအခင်းလည်း၊ တလင်းပမာ၊ ညီညွတ်သာ၍၊ ဖူးလာသူပေါင်း၊ ပျော်ဖွယ်ကောင်း၊ ရှေးကျောင်း နာလန္ဒာ။

ဖော်ပြအပ်ခဲ့ပြီးသော (နာလန္ဒ) ကျောင်းတိုက်ကြီး တည်ဆောက်ပုံ များနှင့် ကောင်းမှုရှင် ဒါယကာ– ဒါယိကာမများကို ကျမ်းဂန်တို့၌ မတွေ့ဘူးပေ။ အရှင်သာရိပုတ္တရာ၏မယ်တော် ဒါယိကာမကြီး ဆောက်လုပ် လှူဒါန်းခဲ့သည်ဟုသာ အဆင့်ဆင့်ပြောကြားကုန်၏။

## ခမ်းနားပါဘိ သာဝတ္ထိ

ဒုက္ခသမုဒယ နိရောဓနှင့် မဂ္ဂတဖြာ လေးသစ္စာကို ဆရာမရှိ ကိုယ်တော်တိုင်သာ သိတော်မူတတ်သော ဗုဒ္ဓရှင်တော်ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ ဗုဒ္ဓရှင်တော်ဘုရားနှင့်တကွ အရိယာ သံဃာ၊ ပုထုဇဉ် သံဃာတော်တို့၏ ဂေါစရဂါမ် ဆွမ်းခံရွာ၏အဖြစ်ဖြင့် မှီခိုအားထားရာဖြစ်သော မြို့တော်သည်ကား အိမ်ခြေပေါင်းများစွာ သူဌေးသူကြွယ်ပေါင်းများစွာ သန့်ရှင်းစင်ကြယ်သော လူဝတ်ကြောင် အရိယာပုဂ္ဂိုလ်များစွာ၊ လူဝတ်ကြောင် ပုထုဇဉ်ပုဂ္ဂိုလ်များစွာတို့ ရှိကြ၍ (ကောသလ) မင်းမြတ်၏ ရွှေဘုံရွှေနန်း၊ ရွှေကြငှန်းတို့၏ တည်ရာ (အစိရဝတီ) မြစ်၏ အနောက်မျက်နှာ ဥယျာဉ်ပေါင်းများစွာတို့နှင့် ပြည့်စုံလျက် ကျယ်ပြန့်သာတောင်း ရှုခင်းကောင်းသော (သာဝတ္ထိ) မြို့တော်ကြီး ဖြစ်၏။

## ကျမ်းဂန်အညီ လင်္ကာစီ

အိမ်ပေါင်းပေါယယ်၊ များသူကြွယ်နှင့်၊ စင်ကြယ်သန့်ရှင်း၊ လူခပင်းပြင်၊ မင်းမင်းစံရာ၊ ရှုခင်းသာဘိ၊ သာဝတ္ထိဟု၊ ခေါ်ရကြောင်းကား၊ သဝတ္ထမည်သော ဈာန်ယာဉ်ပျော်မွေ့၊ ရှင်ရသေ့၏၊ နေလေ့ဌာနာ၊

အရပ်သာ၌ မြို့တော်တည်ထောင် ဖန်ဆင်းအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ လူတို့၏ အလုံးစုံသော အတွင်းအသုံးအဆောင်၊ အပအသုံးအဆောင်ဟု ဆိုအပ်သော ခပ်သိမ်းသော ဥစ္စာ၏ ရှိရာ ဖြစ်သောကြောင့်လည်းကောင်း သာဝတ္ထိဟုခေါ်ရလေသည်။

သာဝတ္ထိ ယန္တိဇဝံနာမကေ နဂရေ၊ တံဟိ သဝတ္ထာသနာမ ကလ္လသိနော၊ နိဝါသဋ္ဌာနေ၊ မာပိတတ္တာ **သာဝတ္ထီ** တိ ဝုစ္စတိ၊ ယထာကာ ကဏ္ဍီမာ ကဏ္ဍီတိ၊ ဧဝံ တာဝ အက္ခရစိန္တကာ၊ အဋ္ဌကထာ စရိယာပန ဘဏန္တိ၊ ယံကိဉ္စိ မနုဿာနံ ဥပဘောဂ ပရိဘောဂ သဗ္ဗမေတ္ထ အတ္ထီတိ **သာဝတ္ထီတိ** –ဟူသော ခုဒ္ဒကပါဠိ အဋ္ဌကထာ ကျမ်းလာစကားနှင့် ဥဒါန်းအဋ္ဌကထာ ကျမ်းလာစကားတို့ကို အမှီပြု၍ ဖော်ပြအပ်ပါသည်။

## ကျမ်းဂန်အညီ လင်္ကာစီ

သဝတ္ထမည်ရှိ၊ မြတ်ဣသိ၏၊ ပျော်ဘိနေရာ၊ အရပ်သာ၌၊ ကောင်းစွာဖန်ဆင်း၊ တည်ထောင်ခြင်းနှင့်၊ အတွင်းအပ၊ ဘောဂဥစ္စာ၊ ရှိလေရာကြောင့်၊ သညာသာဘိ၊ ပညတ္တိ၊ သာဝတ္ထိဟုခေါ်။

ယခုတွေ့ကြုံ မြင်ရပုံကား– ရှေးအတီတ ခါကာလ၌ သာယာစည်ပင် ပြန့်လွှင်ကျယ်ဝန်း ဂုဏ်ရောင်ထွန်းခဲ့သော သာဝတ္ထိမြို့တော်ကြီးသည်ကား လူနေအိမ်ခြေ ဆိတ်သုဉ်းလေ၍ တောဝနာကြီး ခြုံပိတ်ပေါင်းဆီးလျက် သားကြီးသားငယ် အသွယ်သွယ်တို့၏ ခိုအောင်းရာဌာနကြီးဖြစ်ခဲ့လေပြီတကား။ ခမ်းနားကြီးကျယ်သော မြို့ရိုးတံတိုင်းနှင့် ကောသလမင်း မလ္လိကာမိဖုရားတို့၏ စံနန်းတော်ဟု အသိအမှတ်ပြုထားအပ်သော ထူးပြားဆန်းကြယ် အုတ်တိုက်ကြီးနှစ်သွယ်နှင့် ရေတွင်းငယ်တစ်ခုကိုသာ တွေ့မြင်ရတော့၏။ ထိုမှတစ်ဖြာ မြို့တော်အတွင်း စံနန်းတော်ဆောင်သာ၌ ရပ်တည်လျက် အရှေ့မျက်နှာအရပ်သာကို မျှော်ကာမသွေ ရှုကြည့်လေသော် ရေလျှင်ပြေးပြေး

သဲဖွေးဖွေးနှင့် မျှော်တွေးသူပေါင်း လွမ်းစရာကောင်းလှသော (အစိရ ဝတီ) ခေါ် မြစ်ရေကြောင်းကို မျက်မှောက်ထင်ထင် ရှုမြင်ရပါတော့ သတည်း။

## ရှစ်လုံးအညီ ဘွဲ့ကုံးစီ

သာဝတ်မြို့ကြီး၊ အံ့ချီးဖွယ်ရာ၊ စည်ပင်သာလှ၊ ပြည့်ဝဖြာဖြာ၊ ယခုမြင်ရ၊ နန်းမနှစ်မြွာ၊ ကြွင်းသမျှ၊ တည်ထခြုံစီးသာ။

❑

# မြို့ရှေ့ရွှေဘုံ၊ ပုဗ္ဗာရုံ

(ဘဒ္ဒိယ)မြို့သူ ငယ်နာမည် (ဝိသာခါ)၊ ပဝတ္တိအခါ သာဝတ္ထိမြို့ နေ မိဂါရသူဌေးသည် အမိအရာ၌ အထားခံရသောကြောင့် (မိဂါရ မာတာ) ဟု အမည်တွင်၍ (၇)နှစ်အရွယ်ကပင် သောတာပန် ဖြစ်လေ ပြီးသော သီတင်းသည် ဒါယိကာမသည် အဖိုးများစွာ ထိုက်တန်သော (မဟာလ္လတာ)တန်ဆာကို စွန့်၍ (၉)ကုဋေသောငွေတို့ဖြင့် ဗုဒ္ဓရှင်တော် ဘုရားနှင့် ရဟန်းယောကျ်ားသံဃာတော်တို့ သီတင်းသုံးတော်မူဖို့ရာ လျှောက်ပတ်သော တစ်ပယ်အတိုင်းအရှည်ရှိသော မြေအဖို့၌ မြေပေါ် ဝယ် တိုက်ခန်းပေါင်း(၅၀၀) မြေအောက်ဝယ် တိုက်ခန်းပေါင်း (၅၀၀) တို့ဖြင့် တန်ဆာဆင်အပ်သော သာဝတ္ထိမြို့တော်ကြီး၏ အရှေ့မျက်နှာ (အစိရဝတီ) မြစ်နဒီ၏ကမ်းခြေအနီး၊ ပုဗ္ဗာရုံမည်သော ပြာသာဒ် ကျောင်းတော်ကြီးကို ဆောက်လုပ်စေတော့သတည်း။

ဤအရာဝယ် (တစ်ပယ် အတိုင်းအရှည်) ရှိသော မြေအဖို့ ဟူသော စကားရပ်၌ တစ်ပယ်ဟူသော စကား၏ အဓိပ္ပါယ်ကား–

ကရီသံ စတုရမ္ဗဏံ– ဟူသော အဘိဓာန်ဆရာ မိန့်ဆိုအပ်သည်နှင့် **အညီ လေးအမ္ဗဏ** မျိုးကြဲလောက်သော အရပ်သည် တစ်ပယ်မည်၏။ **တစ်ဆယ့်တစ်စိတ်သည်** တစ်အမ္ဗဏမည်၏။ စိတ်အားဖြင့် (၄၄)စိတ်

ရှိ၏။ လေးစိတ်သည် တစ်တင်းဖြစ်ရကား တင်းအားဖြင့် (၁၁)တင်းကျ အရပ်သည် တစ်ပယ်မည်၏။

သအတ္တနော မဟာလ္လတာ ပသာဒေန ဝိသာခေ့တွာ န၀ကော ဋိဟိ ဘဂဝတော ဘိက္ခု သံဃဿစ ၀သနတ္ထာယ ကရိသ မတ္တေ ဘူမိဘာဂေ ဥပရိ ဘူမိယံ ပဉ္စဂဗ္ဘသတာနိ ဟေဋ္ဌာ ဘူမိယံ ပဉ္စ ဂဗ္ဘသတာနီတိ ဂဗ္ဘသဟဿေဟိ ပဋိမဏ္ဍိတံ ပါသာဒံ ကာရေသိ- ဟူသော ဥဒါန်းအဋ္ဌကထာ ကျမ်းလာစကားကို အမှီပြု၍ ဖော်ပြ အပ်ပါသည်။

## ကျမ်းဂန်အညီ လင်္ကာစီ

-တပယ်ရှိလျှင်း၊ မြေအခင်း၌၊ ပြန့်သင်းနာမာ၊ ဝိသာခါသည်၊ ပသာဒေ၊ တန်ဆာလှကို၊ န၀ကဌေ၊ သပြာငွေဖြင့်၊ မာရ်ချေဇိနာ၊ စေသတ္ထာနှင့်၊ သံဃာအားလုံး၊ သီတင်းသုံးဖို့၊ ကောင်းဆုံးများမြောင်၊ ခန်းတစ်ထောင်ဖြင့်၊ ထွန်းပြောင်ဝင်းလျှပ်၊ ကျောင်းပြာသာဒ်ကို၊ တတ်အပ် မသွေ၊ ဆောက်လုပ်စေသည်၊ များထွေသာစုခေါ်ဖွယ်တည်း။

ပုဗ္ဗာရုံဟု ခေါ်ရကြောင်းကား- သာဝတ္ထိမြို့တော်၏ အရှေ့မြောက် မျက်နှာ၌ တည်ထားမွေ့လျော်ဖွယ်ရာ အာရာမ်ဖြစ်ခြင်းကြောင့် (ပုဗ္ဗာရုံ) ဟု ခေါ်ရလေသည်။

ဤအရာ၌- အချို့သောစာမူ၀ယ်၊ ပုပ္ဖါရာမဟု ရှိ၏။ ပုပ္ဖါရာမဟု ရှိသည့်အလိုကား- ပန်းတော၊ ပန်းရုံ၊ ပန်းဥယျာဉ် အာရာမ် ဖြစ်ခြင်း ကြောင့် ပုပ္ဖါရုံဟု ခေါ်ဝေါ်ပညတ်အပ်သည်။

များစွာသောစာမူတို့၌ ပုဗ္ဗာရာမဟု ရှိသည် ဖြစ်သောကြောင့် လည်းကောင်း၊ ပုဗ္ဗာရာမေတိ သာဝတ္ထိယာ ပါစီနဒိသာဘာဂေ ဟု ဥဒါန်း အဋ္ဌကထာကျမ်း၌ မိန့်ဆိုတော်မူခြင်းကြောင့်လည်းကောင်း၊ သာဝတ္ထိမြို့တော်၏ အရှေ့မျက်နှာ၌ တည်ထားသည်ကို တွေ့မြင်

ရသောကြောင့်လည်းကောင်း ပုဗ္ဗာရုံဟူသော အမည်ပညတ် သည်သာလျှင် အသင့် ယုတ္တိများစွာ ရှိပေ၏။

**ကျမ်းဂန်အညီ လင်္ကာစီ**

သာဝတ္ထိခေါ်၊ ရွှေမြို့တော်၏၊ ရှေ့မျှော်အရပ်၊ မြစ်ကမ်းစပ်၌၊ တည်လတ်တုံပါ၊ မွေ့လျော်ရာကြောင့်၊ ပုဗ္ဗာရုံဟု၊ သမုတ်ပြု၊ မှတ်ရှုမြဲကေန်။

**ယခုဖူးဖွယ်၊ မမြင်ကွယ်**

ဝိသာခါ မည်ရ ဒါယိကာမသည် တိုက်ခန်းပေါင်း(၁၀၀၀)တို့ဖြင့် မွေ့လျော်ဖွယ်ရာ ဆန်းကြယ်စွာ ဆောက်လုပ်လှူဒါန်းအပ်သော ပုဗ္ဗာရုံခေါ် ပြာသာဒ်ကျောင်းတော်ကြီးကား မခိုင်မြဲပေ။ ယိုင်လဲသွေလျက် အစီရဝတီ မြစ်နဒီတွင်း စုန်ကာဆင်းတော့သည်ဖြစ်သော ကြောင့် ယခုအခါ ဖူးမြင်ဖွယ်ရာ အဆောက်အအုံ အစိတ်အပိုင်းကိုမျှ မမြင်ရတော့ဘဲ ဌာနကိုသာ မှတ်တွေးလျက် ရပ်ဝေးကပင် မြတ်လေးစွာ ဦးတော်တင်၍ ဖူးမြော်မြင်ခဲ့ရပါတော့သတည်း။

**ဓမ္မသံဝေ ဖြစ်ဖွယ်ပေ**

ပြုပြင်သမျှ၊ သင်္ခါရကား၊
နိစ္စကေန်၊ မတည်မှန်ကြောင့်၊
သုံးတန်လောက၊ ဟူသမျှကား၊
ပျက်ရမြဲသာ၊ မလွဲပါတည်း။

❑

## ဇေတဝန်ကျောင်းရွှေဘုံ

သေဋ္ဌဇေဋ္ဌ အတုလဟု လူ့ဘုံမြတ်စွာ စိန္တေယျာသည် ဝါတော် (၂၀) ပြည့်ကြွယ်ပြီးနောက် ဝါတော်အများဆုံး သီတင်းသုံးတော်မူရာ ကျောင်းတိုက်တော်မဟာသည်ကား ဇေတဝန်ခေါ် ကျောင်းတိုက်တော်ကြီး ဖြစ်၏။

ဇေတဝန်ဟု ခေါ်ရကြောင်းကား- မိမိ၏ရန်သူဖြစ်သောသူအား အောင်မြင်သည်၏အဖြစ်ကြောင့်(ဇေတ) အမည်ရသော မင်းသား၏၊ တစ်နည်း- မင်းသည် မိမိ၏ရန်သူကို အောင်မြင်ရာအခါဝယ် မွေးဖွားသည်၏အဖြစ်ကြောင့် (ဇေတ) အမည်ရသော မင်းသား၏ ဥယျာဉ်မြေ၌ တည်ထောင်ဖန်ဆင်း ဆောက်လုပ်ထားခြင်းကြောင့် ဇေတဝန်ဟုခေါ်ရလေသည်။

## အကျဉ်းသိဖွယ် လင်္ကာသွယ်

ဇေတမင်းဆွေ၊ ဥယျာဉ်မြေကို၊ စွဲလေတံ့လပ်၊ မည်ပညတ်၊ ခေါ်အပ် ဇေတဝန်။

❑

## ကျောင်းတိုက်တည်ပုံ အလုံးစုံ

အနာထပိဏ် ကျော်ရှိန်းပြန့်ဟီး သူဌေးကြီးသည် ဇေတမင်းသား ပိုင်ဆိုင်သော (၈)ပယ်ရှိသော ဥယျာဉ်မြေကို ငွေ၏အစွန်းချင်း ထိစပ်အောင် ခင်းပေး၍ ဝယ်ယူလေရာ (၁၈)ကုဋေကုန်ကျ၏။ ထို(၁၈)ကုဋေသော ငွေတို့ဖြင့် ဝယ်ယူအပ်သော (၈)ပယ်ရှိသော ဥယျာဉ်မြေအဖို့၌ သီတင်းသုံးတော်မူရာ ကျောင်းတော်သာအဖြာဖြာနှင့် ပရိဝုဏ်-တံခါးမုခ်၊ ညီမူရာဇရပ်၊ မီးတင်းကုပ်၊ ကပ္ပိယကုဋိ၊ ဝစ္စကုဋိ၊ စင်္ကြံ၊ စင်္ကြံဇရပ်၊ ရေတွင်း၊ ရေတွင်းဇရပ်၊ ဇရုံးအိမ်၊ ဇရုံးအိမ်ဇရပ်၊ ရေကန်၊ မဏ္ဍပ် အရပ်ရပ်သော ကုသိုလ်ကောင်းမှု အစုစုတို့ကို သဒ္ဓါထက်သန်၊ သမ္မာဉာဏ်ဖြင့် ဝေဖန်ပြီးနောက် မဖောက်မသွေ ဆောက်လုပ်စေသတည်း။

အထခေါ အနာထပိဏ္ဍိကော ဂဟပတိ ဇေတဝနေ ဝိဟာရေ ကာရာပေသိ၊ ပရိဝေဏာနိ ကာရာပေသိ၊ ကောဋ္ဌကေ ကာရာပေသိ၊ ဥပဋ္ဌာန သာလာယော ကာရာပေသိ၊ အဂ္ဂိသာလာယော ကာရာပေသိ၊ ကပ္ပိယကုဋိယော ကာရာပေသိ၊ ဝစ္စကုဋိယော ကာရာပေသိ၊ စင်္ကမေ ကာရာပေသိ၊ စင်္ကမန သာလာယော

ကာရာပေသိ၊ ဥဒပါနေ ကာရာပေသိ၊ ဥဒပါန သာလာယော ကာရာပေသိ၊ ဇန္တာဃရေ ကာရာပေသိ၊ ဇန္တာဃရ သာလာယော ကာရာပေသိ၊ ပေါက္ခရဏီ ကာရာပေသိ၊ မဏ္ဍပေကာရာပေသိ– ဟူသော စူဠဝါ ပါဠိတော်မြတ်ကို အမှီပြု၍ ဖော်ပြအပ်ပါသည်။

**အကျဉ်းသိဖွယ် လင်္ကာသွယ်**

အနာထပိဏ်၊ ကျော်ရှိန်ပြန့်ဟီး၊ သူဌေးကြီးသည်၊ ဝယ်ပြီးနေရာ မြေခင်းသာ၌၊ များစွာဆောင်တွေ၊ ဆောက်လုပ်စေ၍၊ ဇိနေဗုဒ္ဓ၊ များသံဃအား၊ လှူထပေးပြု၊ မြတ်ကောင်းမှုကား၊ အထူကြီးကျယ်၊ ဝမ်းမြောက်ဖွယ်တည်း။

❑

## အဖိုးငွေပြတ် ကျောင်းလေးရပ်

ဇေတဝန်ခေါ် ကျောင်းတိုက်တော်ကြီးအတွင်း၌ ကရေရိ ကျောင်းဆောင်တော်၊ ကောသမ္ဗကျောင်းဆောင်တော်၊ ဂန္ဓကျောင်းဆောင်တော်၊ သဠလကျောင်းဆောင်တော်အားဖြင့် တန်ဖိုးငွေ (ကုန်ကျသောငွေ) ပြတ်သားထင်ရှားသော ကျောင်းဆောင်တော်ကြီး လေးဆောင်ရှိ၏။ ထိုကျောင်းဆောင်တော်ကြီးတို့ကား အုတ်ဖြင့် ပြီးသော အုတ်ကျောင်းဆောင်တော်ကြီးများ ဖြစ်သည်။ ကျောင်းဆောင်တော် အသီးသီးတို့တွင် သဠလကျောင်းဆောင်တော်ကြီးသည်ကား ကောသလမင်းမြတ်သည် ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းဆောင်တော်ကြီး ဖြစ်သည်။ ကရေရိကျောင်းဆောင်တော်၊ ဂန္ဓကျောင်းဆောင်တော်၊ ကောသမ္ဗကျောင်းဆောင်တော်တို့ကား အနာထပိဏ်သူဌေးသည် ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းဆောင်တော်များ ဖြစ်ကြသည်။ ကျောင်းဆောင်တော်တစ်ဆောင် တစ်ဆောင်လျှင် ငွေတစ်သိန်း တစ်သိန်း ကုန်ကျ၏။

အန္တော ဇေတဝနေ ကိရ ကရေရိ ကုဋိကောသမ္ဗကုဋိ ဂန္ဓကုဋိ

သင္ဃလာဂါရဇ္ဈိစတ္တာရိ မဟာဂေဟာနိ ကောကံ သတ သဟာသ ပရိစ္စာဂေန နိပ္ဖန္နံ၊ တေသု သင္ဃလာဂါရံ ရညာပသေနဒိနာ ကာရိတံ၊ သေသာနိ အနာထပိဏ္ဍိကေန ကာရိတာနိ-ဟူသော သုတ်မဟာဝါ အဋ္ဌကထာကျမ်းလာစကားကို အမှီပြု၍ ဖော်ပြအပ်ပါသည်။

## အကျဉ်းသိဖွယ် သံပေါက်သွယ်

၁။ သင္ဃလာဂါရ၊ ကောသမ္ဗနှင့် ဂန္ဓကုဋိ၊ ကရေရိ၊ တည်ရှိ ကျောင်းလေးဖြာ။

၂။ တစ်ကျောင်းတစ်ကျောင်း၊ ငွေအပေါင်း၊ ဆယ်သောင်း ကုန်ကျပါ။

၃။ မင်းကောသလ၊ သင္ဃလ၊ ဆောက်ထလေသည်သာ။

၄။ ဂန္ဓ, ကရေ၊ ကောသမ္ဗေ၊ ဆောက်လေသူဌေးသာ။

ကရေရိ ကုဋိဟု ခေါ်ရကြောင်းကား-ကရေရိ ဟူသော အမည်သည် ရေခံတက်ပင်၏အမည် ဖြစ်သည်။ ကုဋိ ဟူသော ပုဒ်သည်ကား သိတုဏှံကုဋတိ ဆိန္ဒတိတိ ကုဋိ ဟူသော ဝစနတ္ထအရ အချမ်းအပူကို ဖြတ်တတ်သည်၏အဖြစ်ကြောင့် ကုဋိမည်ရကား အဆောင်ဟောပုဒ်ဖြစ်သည်။ ကျောင်းဆောင်တော်ကြီး၏ တံခါးအနီးအပါး၌ ရေခံတက်ပင် တည်ရှိသည်၏အဖြစ်ကြောင့် ရေခံတက်ပင်ကို အစွဲအမှီပြု၍ ကရေရိကုဋိဟု ခေါ်ရလေသည်။

ကရေရိတိ ဝရဏ ရုက္ခသ နာမံ-ဟူသော သုတ်မဟာဝါ အဋ္ဌကထာ ကျမ်းလာစကားကို အမှီပြု၍ ဖော်ပြအပ်ပါသည်။

## ကျမ်းဂန်အညီ လင်္ကာစီ

ကျောင်းဆောင်တော်ကြီး၊ တံခါးနီး၌၊ အသီးဝေလျက်၊ ရေခံတက်ပင်၊ ရှိတုံလျှင်ကြောင့်၊ သစ်ပင်အရှိ၊ စွဲမှီမှည့်၊ ကရေရိဟုခေါ်။

ယခုတွေ့ကြုံ ဖူးမြင်ရပုံကား- တောင်မြောက်သံတောင် (၉၀)၊ အရှေ့အနောက် သံတောင် (၉၀) စီ ရှိ၍ တောင်မြောက် (၁၀) ခန်းစီ၊

အရှေ့အနောက် (၁၀) ခန်းစီဖြင့် အခန်းငယ်များ ဖွဲ့ထားလျက် ရှင်တော်ဘုရား အခိုက်အတန့်အားဖြင့် သီတင်းသုံးတော်မူ၍ ရဟန်းတော်တို့အား တရားမြွတ်ရတနာကို ဟောတော်မူရာဌာနဟု ယူဆသင့်သော အလယ်ခန်းမ အဆောင်တော်အမြင့်ကို အတွင်းပြု၍ အရပ်မျက်နှာပတ်ဝန်းကျင်၌ ရဟန်းတော်များ တရားမြွတ်ရတနာပန်းကို ပန်ဆင်တော်မူရာ ဌာနဟု ယူဆသင့်သော ကွက်လပ်ကြီး သုံးခုထားပြီးလျှင် ဆန်းကြယ်စွာ ဆောက်လုပ်ထားအပ်သော ကျောင်းဆောင်တော်ကြီးကို ဖူးမြင်ရ၏။

ကောသမ္ဗ ကုဋီဟု ခေါ်ရကြောင်းကား ကျောင်းဆောင်တော်ကြီး၏ တံခါးအနီးအပါး၌ ကြို့ပင် တည်ရှိသည်၏အဖြစ်ကြောင့် ကြို့ပင်ကို အစွဲအမှီပြု၍ ကောသမ္ဗကုဋီဟု ခေါ်ရလေသည်။

ယထာ ကောသမ္ဗရုက္ခဿ ဒွါရေ ဋ္ဌိတတ္တာ ကောသမ္ဗကုဋိကာတိ –ဟူသော သုတ်မဟာဝါ အဋ္ဌကထာ ကျမ်းလာစကားကို အမှီပြု၍ ဖော်ပြအပ်ပါသည်။

## ကျမ်းဂန်အညီ လင်္ကာစီ

ကျောင်းဆောင်တော်ကြီး၊ တံခါးနီး၌၊ ကြို့ပင်ကြီးစွာ၊ တည်တုံပါကြောင့်၊ ရုက္ခာစွဲထ၊ မည်နာမ၊ ကောသမ္ဗဟုခေါ်။

ယခုတွေ့ကြုံ ဖူးမြင်ရပုံကား အရှေ့အနောက် သံတောင် (၈၀)၊ တောင်မြောက် ဆင်ဝင်မုခ်ဝအထိ သံတောင် (၃၃) တောင်စီ ရှိသည်။ အလယ်မုခ်ဝ သံတောင် (၁၄) တောင် ရှိသည်။ အခိုက်အတန့်အားဖြင့် ရှင်တော်ဘုရား သီတင်းသုံးတော်မူရာဟု ယူဆသင့်သော ခန်းမတော်ကား သံတောင် ၁၅–တောင် ပတ်လည်ရှိသည်။ တိုက်ခန်းငယ်များလည်း ဖွဲ့ထားသည်။ ကျောင်းဆောင်တော်၏အတွင်းဝယ် အရှေ့တောင်ယွန်းယွန်း၌ အထု (၂) တောင့်တစ်ထွာ၊ ခွင်ကျ (၂) တောင် ရှိသော ရေတွင်းနှင့်တကွ ဆန်းကြယ်စွာ ဆောက်လုပ်ထားအပ်သော

ကျောင်းဆောင်တော်ကြီး၏ အရှေ့မျက်နှာအနီးအပါး၌ မြောက်မျက်နှာသို့ မျက်နှာပြုလျက် ဆောက်လုပ်ထားအပ်သော ဆင်ဝင်သုံးဘက်ရှိသော အဆောင်တော်နှစ်ဆောင်ကိုလည်း ဖူးမြင်ရသေး၏။

ဂန္ဓကုဋိဟု ခေါ်ရကြောင်းကား နတ်၌ဖြစ်သော နံ့သာအဖြာဖြာတို့ဖြင့် ထုံမွှန်းအပ်သော ကျောင်းဆောင်တော်ဖြစ်ခြင်းကြောင့် ဂန္ဓကုဋိဟု ခေါ်ရလေသည်။

**သတိပြုဖွယ်**

ရှင်တော်ဘုရားများ သီတင်းသုံးတော်မူရာဖြစ်သော အလုံးစုံသော ကျောင်းဆောင်တော် ဟူသမျှသည် ဂန္ဓကုဋိချည်းသာ မည်၏။

ဒိဗ္ဗဂန္ဓေဟိ ပရိဘာဝိတာ ကုဋိ၊ ဂန္ဓကုဋိဇိနဿ ဝါသဘူတံ ဘဝနံ ဂန္ဓကုဋိနာမ –ဟူသော အဘိဓာန်ဋီကာနှင့် အဘိဓာန်စာကိုယ် ကျမ်းလာစကားတို့ကို အမှီပြု၍ ဖော်ပြအပ်ပါသည်။

**ကျမ်းဂန်အညီ လင်္ကာစိ**

နတ်တို့ နံ့သာ၊ အဖြာဖြာဖြင့်၊ မကွာထုံအပ်၊ ယင်းသကတ်ကြောင့်၊ ရှင်မြတ်နိစ္စ၊ စံနေထ၊ ဂန္ဓကုဋိခေါ်။

ယခုတွေ့ကြုံ ဖူးမြင်ရပုံကား–အရှေ့အနောက် သံတောင် (၇၅) တောင်၊ တောင်မြောက် သံတောင် (၅၇) တောင် ရှိ၍ ကျောင်းဆောင်တော်ကြီး၏အတွင်း အနောက်တောင်ထောင့်အရပ်၌ ရှင်တော်မြတ်ဘုရား၏ ညောင်စောင်းတော်ကိုထားရာ သံတောင် (၅) တောင် ရှိသော အရပ်ဌာနာ အခန်းသာကို ဖူးမြင်ရ၏။

ဤအရာ၌ ညောင်စောင်းတော်ကို ထားရာအရပ် ညောင်စောင်းခြေတို့၏ တည်ရာအရပ်ကို ကျဉ်းမြောင်းလှသည်ဟု မယူဆသင့်။ ညောင်စောင်းထားရာ ညောင်စောင်းခြေတို့၏ တည်ရာဌာနသည်ကား လွန်လေကုန်ပြီးသော ရှင်တော်ဘုရားတို့၏ ညောင်စောင်းတော်များကိုလည်း ယခု ထင်ရှားရှိသော ညောင်စောင်းတော်ထားရာ အရပ်

ဦသော ထားအပ်ကုန်၏။ ညောင်စောင်းခြေ (၄) ခုတို့၏ တည်ရာအရပ် သည်ကား မစွန့်အပ်သော (အဝိဇဟိတဌာန) ဖြစ်၏။ ညောင်စောင်း တော်တို့၏ ကြီးသည်၏အဖြစ်၊ ငယ်သည်၏အဖြစ်သည် မရှိလေသော ကြောင့် ညောင်စောင်းတော်ထားရာအရပ်၏ ကြီးကျယ်သည်၏အဖြစ်၊ ငယ်သေးသည်၏အဖြစ်သည် ပမာဏမဟုတ်၊ ရှင်တော်ဘုရားတို့၏ အာနုဘော်တော်ကြောင့် ညောင်စောင်းတော်ထားရာ အရပ်သည်လည်း အခါခပ်သိမ်း ဟူသော အတိုင်းအရှည်ရှိသည်သာလျှင်တည်း။

ယသ္မိံ ဘူမိဘာဂေ ဣဒါနိ ဇေတဝန မဟာဝိဟာရော၊ တတ္ထ ယသ္မိံ ဌာနေ ပုရိမာနံ သဗ္ဗဗုဒ္ဓါနံ မဉ္စာ ပညတ္တာ။ တသ္မိံ ယေဝ ပဒေသေ အမှာကမ္ပိ ဘဂဝတော မဉ္စော ပညတ္တောတိ ကတွာ စတ္တာရိမဉ္စပါဒဋ္ဌာနာနိအဝိဇဟိတာ နေဝ ဟောန္တီတိဝုတ္တံ။ မဉ္စာနံ ပန မဟန္တခုဒ္ဒကာ ဘာဝနေ မဉ္စ ပညာပန ပဒေသဿ မဟန္တာ မဟန္တ တာ အပ္ပမာဏံ –ဟူသော သုတ်မဟာဝါဋီကာ ကျမ်းလာ စကားကို အမှီပြု၍ ဖော်ပြအပ်ပါသည်။

ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်း ညောင်စောင်းတော်တည်ရာ ဌာန၏ မြောက်မျက်နှာ (၂)တောင်ကွာ အရပ်၌ ရှင်တော်ဘုရား ရေ သုံးသပ်တော်မူရာဟု အသိအမှတ်ပြုအပ်သော သံတောင် (၅) တောင် ကျယ်သော အုတ်ဖြင့်ပြီးသော ရေကန်အဝိုင်းနှင့် ၎င်းရေကန်၏ အရှေ့ မျက်နှာ (၅)တောင်ကွာအရပ်၌ ရေသနုတ်သင်္ကန်းတော် လဲလှယ်တော် မူရာဟု အသိအမှတ်ပြုအပ်သော အုတ်ခုံတော်ကိုလည်း ဖူးမြင်ရ၏။

သဠလာဂါရဟု ခေါ်ရကြောင်းကား နတ်ထင်းသစ်သားများအပြား တို့ဖြင့် ဆောက်လုပ်အပ်သော ကျောင်းဆောင်တော်ဖြစ်ခြင်းကြောင့် သဠလာဂါရဟု ခေါ်ရလေသည်။

သဠလာဂါရန္တိ ဒေဝဒါရု ရက္ခေဟိ ကတဂေဟံ–ဟူသော သုတ်မဟာဝါဋီကာ ကျမ်းလာစကားကို အမှီပြု၍ ဖော်ပြအပ် ပါသည်။

## ကျမ်းဂန်အညီ လက်ာစီ

နတ်ထင်း သစ်သား၊ များအပြားဖြင့်၊ ဆောက်ငြားတံလပ်၊ ကြောင်းသကတ်ကြောင့်၊ ပညတ်နာမ၊ ယွင်းမခွ၊ သင္ဃလဟု ခေါ်။

ယခုတွေ့ကြုံ ဖူးမြင်ရပုံကား အရှေ့အနောက် သံတောင် (၁၀၄) တောင်၊ တောင်မြောက် (၉၆) တောင်ရှိ၍ တိုက်ခန်းငယ်ပေါင်း များစွာတို့ဖြင့် ဆန်းကြယ်စွာ ဆောက်လုပ်ထားသော ကျောင်းဆောင်တော်ကြီးကို ဖူးမြင်ရ၏။

ဖော်ပြခဲ့ပြီးသော ကျောင်းဆောင်တော်ကြီး လေးဆောင်တို့၏ တည်နေပုံကား ဂန္ဓကုဋိကျောင်းဆောင်တော်ကား တောင်၊ ကရေရိကျောင်းဆောင်တော်ကား အလယ်၊ သင္ဃလာဂါရ ကျောင်းဆောင်တော်ကား မြောက်၊ ဤပုံအားဖြင့် အတောင် (၅၀) ခန့်အကွာ၌ တည်နေကြ၏။ ကောသမ္ဗကုဋိ ကျောင်းဆောင်တော်ကြီးကား အနောက်တောင် ယွန်းယွန်း အစွန်း၌ တည်နေ၏။

ထိုမှတစ်ပါး ပုတိဂတ္တတိဿ အမည်ရှိသော ရဟန္တာအရှင်မြတ်၏ အရိုးတော်ဓာတ်တည်ရာ စေတီအင်္ဂုလိမာလ အမည်ရှိသော ရဟန္တာအရှင်မြတ်၏ အရိုးတော်ဓာတ်တည်ရာစေတီ စသော အရိုးတော်ဓာတ်တည်ရာ စေတီပေါင်းများစွာနှင့် အမည်၊ နာမ၊ ပညတ် မသိရသော အဆောင်တော်များ၊ ကရေရိကျောင်းဆောင်တော်နှင့် ဂန္ဓကုဋိကျောင်းဆောင်တော်တို့၏ အလယ်ကြား အရှေ့မျက်နှာ အနီးအပါး၌ တောင်မြောက် သံတောင် (၈၀)၊ အရှေ့အနောက် သံတောင် (၄၇) တောင်ရှိ၍ အလယ်၌ ပလ္လင်တော်ကြီးရှိသော မဏ္ဍပ်အဆောင်တော်များ၊ အရှေ့အနောက် (၄၈) တောင်၊ တောင်မြောက် (၄၈) တောင်ရှိသော အဆောင်တော်များ စသောအားဖြင့် အဆောင်တော်ပေါင်းများစွာတို့ကိုလည်း ဖူးမြင်ရသေး၏။ ထိုမှတစ်ပါး ရေတွင်းအပိုင်း (၂) တွင်း၊ (၈) တောင်ကျယ်သော ၈–မြောင့် ရေတွင်းကြီးနှင့် အာနန္ဒာ

ဗောဓိပင်၏ တောင်မျက်နှာ အတောင် (၂၀၀)ခန့်အကွာ၌ စကြံကျောင်း လမ်းဟု ထင်ရသော အနံ (၅)တောင် ရှိသော အလျားအရှည် ပြန့်တည် သော အုတ်လမ်းကြီးတို့ကိုလည်း တွေ့မြင်ရသေး၏။ ယင်းသို့ ဖော်ပြအပ်ခဲ့ပြီးသော ကျောင်းဆောင်တော်ကြီး ကျောင်းဆောင်တော် ငယ် အသွယ်သွယ်တို့နှင့် အံ့ချီးဖွယ်ရာ မဏ္ဍပ်နှင့် အဖြာဖြာ ဇရပ် အထပ်ထပ်ကောင်းမှု အစုစုတို့ကို ကြည့်ရှုဖူးမြင် ဦးတော်တင်သော အခါ ပီတိတွေ စိမ့်ဖြာလျက် ဝမ်းသာအားရ မြတ်ဗုဒ္ဓအရှင်ကို ချက်ချင်း လက်ငင်း ဖူးမြင်လိုသော စိတ်တွေ ယိုဖိတ်လာလေတော့သတည်း။

❑

## အာနန်ဗောဓိ ယခုရှိ

မှတ်ချက်

အောက်ပါစကားရပ်များကို ဇေတေန ကုမာရေန နဝကောဋိခနံ ဝိသဇ္ဇေတွာကာရိတံ နဝဒ္ဓါရကောဋ္ဌကံ -ဒုကနိပါတ် ပလာယိတ ဇာတ် အဋ္ဌကထာကျမ်းလာကို ဖော်ပြအပ်ပါသည်။

ဇေတဝန်ကျောင်းတိုက်တော်၏ အရှေ့မျက်နှာအရပ်၌ အလျား သံတောင် (၃၀)၊ အနံ သံတောင် (၁၅) တောင်ခန့်ရှိသော မုခ်ဦး ပြာသာဒ်တိုင်ကြီး နှစ်တိုင်ကို တွေ့မြင်ရ၏။ ၎င်းတိုင်ကြီးနှစ်တိုင်တို့၏ အကြား ပေ (၃၀၀) ခန့် ကွာခြား၏။ ယင်းတံခါးမုခ်ကို ဇေတ မင်းသား သည် ကိုးကုဋေသော ဥစ္စာကိုစွန့်၍ ပြုလုပ်ထားသော တံခါးမုခ်ကြီး ဖြစ်၏။ ယင်းသို့ ပေ (၃၀၀) ခန့် အကျယ်အပြန့်ရှိသော အုတ်ဖြင့်ပြီး သော လမ်းမှ အနောက်မျက်နှာအရပ်သို့ မျက်နှာမူလျက် ဇေတဝန် ကျောင်းတိုက်တော်တွင်းသို့ ဝင်သွားသော် လက်ဝဲဘက်၌ (အာနန္ဒ ဗောဓိ) ပင်မြတ်ကို ဦးစွာမဆွ ဖူးမြင်ရတော့၏။

ဤအရာ၌ တေရသနိပါတ် ကာလိင်္ဂဗောဓိဇာတ် အဋ္ဌကထာ ကျမ်း၌လာသော (အာနန္ဒဗောဓိ) ပင်မြတ် စိုက်ပျိုးပုံအခြင်းအရာကို

သဒ္ဓါတရား ပွားများကြွယ်ဝ သူတော်ကောင်း ပုဂ္ဂလတို့ကို မုချမသွေ သိပါစေခြင်းငှာ ဖော်ပြပါဦးအံ့။

ဆုံးမခြင်းငှာထိုက်သော ဝေနေယျပုဂ္ဂိုလ် များထိုထိုတို့ကို ချီးမြှောက်ခြင်းငှာ ရှေးဘုရားတို့ကဲ့သို့ ကောင်းသောလာခြင်း ရှိတော်မူသော မြတ်စွာဘုရားသည် တိုင်းတွင်းတစ်ခု တစ်နယ်ပြုအပ်သော ဇနပုဒ်အရပ်သို့ လှည့်လည်ကြွသွားတော်မူသည်ရှိသော် သာဝတ္ထိ မြို့သူ မြို့သားတို့သည် နံ့သာပန်း စသည်ကို လက်ဆွဲကုန်လျက် ဇေတဝန် ကျောင်းတိုက်တော်သို့ သွားကြကုန်သော် တစ်ပါးသော ပူဇော်အပ်ရာ အရပ်ကို မရကြကုန်၍ ဂန္ဓကုဋိကျောင်းတော်တံခါးဝ၌ ချထား၍ ပြန်သွားကြကုန်၏။ ထိုသာဝတ္ထိ မြို့သူမြို့သားတို့သည် မြတ်သော ဝမ်းမြောက်ခြင်း မဖြစ်ကြကုန်။ ထိုအကြောင်းကိုသိ၍ အနာထပိဏ် သူဌေးသည် ဇေတဝန်ကျောင်းတိုက်တော်သို့ လာရာအခါ၌ အရှင် 'အာနန္ဒာ'၏ ထံပါးသို့ သွား၍ "အရှင်ဘုရား၊ ဤကျောင်းတိုက်သည် မြတ်စွာဘုရား ဒေသစာရီ လှည့်လည်ကြွသွားလေသော် အကြောင်းမရှိ ဖြစ်ခဲ့၏။ လူတို့၏ နံ့သာပန်း စသည်ဖြင့် ပူဇော်အပ်ရာ မရှိတော့ပါ။ အရှင်ဘုရား တောင်းပန်ပါရစေ၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၍ တစ်ခုသော ပူဇော်ရာဌာန၏ အရှိအသေပြုအပ်သည်၏ အဖြစ်ကို သိတော်မူပါကုန်"ဟု တောင်းပန် လျှောက်ထားလေ၏။ အရှင်အာနန္ဒာသည် "ကောင်းပြီ"ဟု ဝန်ခံ၍ မြတ်စွာဘုရားကို မေးမြန်း လျှောက်ထားလေပြီ။ မေးမြန်းလျှောက်ထားပုံကား "မြတ်စွာဘုရား၊ ပူဇော်အပ်ရာ စေတီတို့သည် အဘယ်မျှ ရှိပါကုန်သနည်း"ဟု မေးမြန်း လျှောက်ထားလေ၏။ မြတ်စွာဘုရားက မိန့်တော်မူသည်မှာ "အာနန္ဒာ၊ သုံးပါးရှိကုန်၏"ဟု မိန့်တော်မူလေ၏။ "မြတ်စွာဘုရား၊ သုံးပါးတို့ ဟူသည် အဘယ်တို့ပါနည်း"ဟု လျှောက်ထားပြန်လေ၏။ "သာရီရိက စေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿကစေတီ တို့ပေတည်း"ဟု မိန့်တော်မူ

လေ၏။ "မြတ်စွာဘုရား၊ အရှင်ဘုရားတို့သည် ထင်ရှားရှိကုန်စဉ် ပင်လျှင် ထိုစေတီတို့ကို ပြုခြင်းငှာ တတ်ကောင်းပါသလော"ဟု လျှောက်ထားပြန်လေ၏။ ထိုအခါ မြတ်စွာဘုရားက "အာနန္ဒာ၊ သာရီရိက စေတီကို ပြုခြင်းငှာ မတတ်ကောင်း။ ထိုသာရီရိက စေတီကို ဘုရားတို့ ပရိနိဗ္ဗာန်ပြုပြီးရာအခါ၌ ပြုခြင်းငှာ တတ်ကောင်း၏။ ဥဒ္ဒိဿကစေတီနှင့် ပရိဘောဂစေတီ ဤနှစ်လီကိုကား ပြုခြင်းငှာ တတ်ကောင်း၏။ ဘုရားတို့သည် သုံးဆောင်အပ်သော မဟာဗောဓိပင် သည် ဘုရားတို့သည် ထင်ရှားရှိကုန်သော်လည်း စေတီ မည်သည်သာ တည်း"ဟု မိန့်တော်မူ၏။

"မြတ်စွာဘုရား၊ အရှင်ဘုရားတို့သည် ဖဲကြွကုန်သည်ရှိသော် ဇေတဝန်ကျောင်းတိုက်တော်သည် ကိုးကွယ်ရာမရှိ ဖြစ်ခဲ့ပါ၏။ များစွာသော လူအပေါင်းသည် ပူဇော်အပ်ရာအရပ်ကို မရပါ။ မဟာဗောဓိပင်မှ မျိုးစေ့ကိုဆောင်၍ ဇေတဝန်တံခါးအနီး၌ စိုက်ပါရစေ အရှင်ဘုရား" ဟု လျှောက်ထားလေ၏။ "ကောင်းပြီ အာနန္ဒာ၊ စိုက်ပျိုးပေတော့"ဟု မိန့်တော်မူလေ၏။ "ဤသို့စိုက်ပျိုးသည်ရှိသော် ဇေတဝန်ကျောင်းတိုက်တော်၌ ငါဘုရား အမြဲနေသကဲ့သို့ ဖြစ်လိမ့်မည်"ဟု မိန့်တော်မူလေ၏။ အရှင်အာနန္ဒာသည် အနာထပိဏ်သူဌေးအား လည်းကောင်း၊ ဝိသာခါ ဒါယိကာမကြီးအား လည်းကောင်း၊ ကောသလ မင်းအားလည်းကောင်း ပြောကြားလေ၏။ ဇေတဝန်ကျောင်းတိုက် တော် တံခါးအနီး ဗောဓိပင် ပျိုးရာဌာန၌ တွင်းကိုတူးစေ၍ အရှင် မောဂ္ဂလာန်မထေရ်ကို ပြောဆို လျှောက်ထားလေတော့၏။

ပြောဆိုလျှောက်ထားပုံကား "အရှင်ဘုရား၊ တပည့်တော်သည် ဇေတဝန်ကျောင်းတိုက်တံခါးအနီး၌ ဗောဓိပင် စိုက်ပျိုးပါမည်။ မဟာ ဗောဓိပင်မှ ဗောဓိသီးမှည့်ကို ဆောင်ယူတော်မူကုန်ဘုရား"ဟု လျှောက် ထားလေ၏။ အရှင်မောဂ္ဂလာန်ထေရ်သည် "ကောင်းပြီ"ဟု ဝန်ခံပြီး အဇ္ဈောပြင်ထက်ကောင်းကင်ဖြင့် ဗောဓိမဏ္ဍိုင်သို့ ကြွမြန်းတော်မူ၍

အညာမှ ကြွေကျသော ဗောဓိသီးမှည့်ကို မြေသို့မရောက်မီပင် သင်္ကန်းဖြင့် ခံ၍ ယူဆောင်ပြီး အရှင်အာနန္ဒာအား ပေးလေ၏။

အရှင်အာနန္ဒာထေရ်သည် ယနေ့ ဗောဓိပင်ကို စိုက်ပျိုးတော့မည်ဟု ကောသလမင်း စသည်တို့အား ပြောကြားလေ၏။ ကောသလမင်းသည် ညနေချမ်းအချိန် များစွာသော အခြံအရံဖြင့် အလုံးစုံသော အဆောက်အဦတို့ကို ယူစေ၍ လာလေ၏။ ထို့အတူ အနာထပိဏ်၊ ဝိသာခါ အစရှိသော လူအများသည် ရှင်အာနန္ဒာထေရ်သည် ဗောဓိပင် စိုက်ပျိုးရာဌာန၌ ရွှေဖျဉ်းအိုးကြီးကို ထား၍ အောက်၌ အပေါက်ပိုပြုစေ၍ နံ့သာညွန်ဖြင့် ပြည့်စေ၍ ဤဗောဓိသီးကို စိုက်ပျိုးလောဟု မင်းအား ပေးလေ၏။ မင်းမှတစ်ဆင့် အနာထပိဏ်သူဌေးကို ပေးအပ်လေ၏။ အနာထပိဏ်သူဌေးသည် နံ့သာညွန်ကိုထုတ်၍ ထိုအရပ်၌ ချထား၏။ ထိုဗောဓိသီးမှည့်သည် လက်မှလွတ်ကာမျှ၌ အလုံးစုံသော သူတို့ ကြည့်နေကြကုန်စဉ်ပင် ထွန်တုံးခေါင်းအတိုင်းအရှည်ရှိသော ဗောဓိပင်လုံးသည် အတောင် (၅၀) အမြင့်ရှိသည်ဖြစ်၍ ထပေါက်လေ၏။ အရပ်လေးမျက်နှာနှင့် အထက်အရပ်တို့၌ အတောင် (၅၀) ရှိသော ခက်မကြီးတို့သည် ထွက်လာကုန်၏။ ရွှေအိုး၊ ငွေအိုး (၁၈) လုံးတို့ကို နံ့သာရည်ဖြင့် ပြည့်စေ၍ ကြာညိုလက်တို့ဖြင့် တန်ဆာဆင်အပ်ကုန်သော ရေပြည့်အိုးတို့ကို မဟာဗောဓိပင်ကို ဝန်းရံ၍ အစဉ်အတိုင်း ထားလေ၏။ ရတနာ ၇–ပါးဖြင့်ပြီးသော ပွတ်တိုင်ကို ပြုစေ၏။ ရွှေနှင့် ရောသော သဲကို ကြဲဖြန့်စေ၏။ တံတိုင်းအကာအရံကို ပြုစေ၏။ ရတနာ ၇–ပါးဖြင့်ပြီးသော တံခါးမုခ်ကိုပြုစေ၏။ ထိုမဟာဗောဓိပင် အနီး၌ မြတ်စွာဘုရားသည် တစ်ညဥ့်ပတ်လုံး သမာပတ် ချမ်းသာဖြင့် သုံးဆောင်တော်မူ၏။ အရှင်အာနန္ဒာထေရ်သည် ကောသလမင်း စသည်တို့အား ပြောဆို၏။

ထိုဗောဓိပင်ကို အရှင်အာနန္ဒာထေရ်သည် စိုက်ပျိုးအပ်သည်၏ အဖြစ်ကြောင့် အာနန္ဒဗောဓိဟု ခေါ်ဝေါ်သမုတ်အပ်လေတော့သတည်း။

ဤကား ဓာတ်အဋ္ဌကထာကိုချုံး၍ အကျဉ်းဖော်ပြအပ်သော စကားတည်း။

## ကျမ်းဂန်အညီ လင်္ကာစီ

အာနန့်ထေရ်မြတ်၊ စိုက်ပျိုးအပ်ကြောင့်၊ ပညတ်နာမ၊ အာနန္ဒ၊ ဗောဓိသာ။

ယခုတွေ့ကြုံ ဖူးရပုံ–အာနန္ဒဗောဓိပင်မြတ်ကြီးသည်ကား သင်္ချိုင်းရ ဓမ္မကို မလွန်မြောက်နိုင်ခြင်းကြောင့် အိုမင်းကြီးရင့်ခြင်းသို့ ရောက်နေပြီဖြစ်၍ အထက်တက်သွား အကိုင်းအခက်များတို့သည် အရှေ့မျက်နှာအရပ်သို့သာ ညွတ်ကိုင်းလျက် ရှိသည်ကို ဖူးမြင်ရ၏။ ပင်လုံးပင်စည် အရင်း၌ အုတ်ဖြင့်ပြီးသော ပလ္လင်ဖြင့် ဝန်းရံထား၏။ ဗောဓိပင်မြတ်၏ အရှေ့မျက်နှာ၌ ကပ်လျက် အုတ်ရိုးအထု (၂) တောင်၊ အလျား (၃၂) တောင် တထွာ၊ အနံ (၁၂) တောင် ၃–ခန်းဖြင့် ဖွဲ့ထားသော မြေတွင်းတိုက်ကိုလည်း ဖူးမြင်ရ၏။

ထိုမှတစ်ပါး အာနန္ဒ ဗောဓိပင်မြတ်နှင့်အတူ ကောသမ္ဗက ကျောင်းဆောင်တော်၏ အရှေ့မျက်နှာအရပ်၌ လည်းကောင်း၊ တောင်မျက်နှာအနီးအရပ်၌ လည်းကောင်း၊ ဂန္ဓကျောင်းဆောင်တော်၏ အနောက်မျက်နှာအရပ်၌ လည်းကောင်း၊ ကရေရိ ကျောင်းဆောင်တော်၏ အနောက်မျက်နှာအရပ်၌ လည်းကောင်း၊ သဠလကျောင်းဆောင်တော်၏ မြောက်မျက်နှာအနီးအရပ်၌ လည်းကောင်း စိမ်းစိုရှင်လန်းသော ညောင်ဗုဒ္ဓဟေပင်ကြီးများကိုလည်း ဖူးမြင်ရသေး၏။

## ကျောင်းကုန်းတော်ပြင် ယခုမြင်

ရှစ်ပယ် ကျယ်ပြန့်၊ မြေခံသန့်၌၊ ချီးအံ့လောက်ဖွယ်၊ ကျောင်းသွယ်သွယ်နှင့်၊ ပေါ ရယ်ညောင်ရွှေ၊ အထွေထွေပြင်၊ ပြန့်ဝေကနိုင်၊ နန်းလုံးကြိုင်မျိုး၊ စိုးပိုင်မိုးနယ်၊ ဥဿျစ်သွယ်သား၊ ရစ်နွယ်ချုံစီး၊ ပျက်စီးယိုယွင်း၊ မြင်ရခြင်းသည်၊ ဝမ်းနည်းဖွယ်ရာ ပါတကား။

❑

## ကြာမျိုးစုံဖန်၊ ဇေတကန်

ဇေတဝန်ကျောင်းတိုက်တော်ကြီး၏ အရှေ့မျက်နှာမုခ်ဦး ပြာသာဒ်တိုင်ကြီးတို့၏ အရှေ့ဘက် အနီးအပါးကပ်လျက် ကြာမျိုးငါးပါးနှင့် ပြည့်စုံသော အလျား သံတောင် (၅၀) ခန့်၊ အနံ သံတောင် (၂၅) တောင်ခန့်ရှိသော ရေကန်ကြီးကို တွေ့မြင်ရ၏။ ထိုရေကန်ကြီးသည် လွန်လေပြီးရာ ရှေးအခါကာလသမယ၌ကား ကျယ်ပြန့်သော အုတ်ဖြင့် ပြီးသော ရေကန်ကြီးဖြစ်သည်ဟု တစ်ဆင့် စကားကြားရ၏။ ထို ရေကန်ကို ဇေတကန်ဟု ခေါ်ဝေါ်သမုတ်ကြ၏။

ဇေတကန်ဟု ခေါ်ရကြောင်းကား သတ္တဝါအများ မှီဝဲအားထားဖို့ရာ ဇေတ အမည်ရှိသော မင်းသားသည် တူးဖော်ထားအပ်သော ကန်ဖြစ်ခြင်းကြောင့် ဇေတကန်ဟု ခေါ်ရလေသည်။

### အကျဉ်းသိဖွယ် လင်္ကာသွယ်

ဇေတမင်းသား၊ တူးဖော်ထားကြောင့်၊ မင်းသားအမည်၊ စွဲမှတ်ရည်၊ အမည် ဇေတကန်။

❑

## ပင်မျိုးစုံနွော၊ သူကာဏ်းတော

သာဝတ္ထိခေါ် နေပြည်တော်ကြီး၏ တောင်မျက်နှာ၊ တစ်ဂါဝုတ် အကွာ ဇေတဝန်ကျောင်းတိုက်တော်ကြီး၏ အရှေ့မျက်နှာ မုခ်ဦး ပြာသာဒ်တိုင်ကြီးမှ အရှေ့မြောက်ယွန်းယွန်း ပေ (၁၀၀၀) ခန့် အရပ်၌ ဇီးဖြူ၊ ရှား၊ ရှောက်၊ ခွေးတောက်၊ သရက်၊ ပင်နွယ်ယှက်ရုံ၊ ပင်မျိုးစုံနှင့် ပြည့်စုံ၍ တစ်ကေခန့်မျှ ဝန်းဝိုင်းကျယ်ပြန့်သော တောငယ်ကလေး ရှိ၏။ ထိုတောငယ်ကလေးကို ယခုအခါ မိုက်တော ဟု ခေါ်ဝေါ်ကြ၏။ ဘုရားရှင်ဟောတော်မူအပ်သော သံယုတ်ပါဠိတော်မြတ်၌ကား (အန္ဓဝန) ဟု ဟောတော်မူ၏။

အန္ဓဝနဟု ခေါ်ရကြောင်းကား ကဿပ အမည်တော်ရှိသော

လောကထွတ်ထား ရှင်တော်ဘုရား၏ စေတီတော်၌ အမှုသစ် အကျိုးငှာ ဥစ္စာဘဏ္ဍာကို ဆောက်တည်စေပြီး၍ လာသော "ယသော ဓရ" အမည်တော်ရှိသော တရားဟောတော်မူတတ်သော အရိယာ ပုဂ္ဂိုလ်၏ မျက်လုံးတို့ကို ထုတ်ပယ်ပြီး၍ ထိုအရပ်၊ ထိုနေရာ၌ပင် မျက်လုံးပျက်စီးခြင်းသို့ ရောက်ကြကုန်သော ခိုးသူ (၅၀၀) တို့သည် ဝင်ရောက်ခိုအောင်းမှီနေရာ၏ အဖြစ်ကြောင့် ထိုအခါမှစ၍ အန္ဓဝန သူကာဏ်းတောဟု ခေါ်ရလေသည်။

ယခုအခါ၌ကား မိုက်တောဟု ခေါ်ကြလေသည်။ ထိုအန္ဓဝန သူကာဏ်းတော မိုက်တောသို့ ဆိတ်ငြိမ်ခြင်းကို အလိုရှိကြကုန်သော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့သည် ရှင်လန်း ဝမ်းမြောက် သာကြည်စွာ သွားရောက်ကြကုန်၏။

အန္ဓဝနန္တိ ကဿပ သမ္မာ သမ္ဗုဒ္ဓဿ စေတိယေ၊ နဝကမ္မတ္ထာယ ဓနံ သမာဒပေတွာ အာဂစ္ဆန္တဿ ယသောဓရေဿနာမ ဓမ္မ ဘာဏကဿ အရိယ ပုဂ္ဂလဿ အက္ခီနိ ဥပ္ပါဋေတွာ တတ္ထေဝ အက္ခိဘေဒ ပတ္တေဟိ ပဉ္စဟိ စောရသတေဟိ နိဂုတ္တတ္တာ တထော ပဉ္ဉာယ အန္ဓဝနန္တိသင်္ခဂတံ၊ တံကိရ သာဝတ္ထိတော ဒက္ခိဏ ပဿေ ဂါဝုတ မတ္တေ ဟောတိ– ဟူသော သံယုတ် အဋ္ဌကထာ ကျမ်းလာ စကားကို အမှီပြု၍ ဖော်ပြအပ်ပါသည်။

## ကျမ်းဂန်အညီ လင်္ကာစီ

မျက်လုံးပျက်ခြင်း၊ ရောက်ကုန်လျှင်းသား၊ မိုက်သင်းသူခိုး၊ ငါးရာစိုးတို့၊ ခိုကိုးနေရာ၊ ဖြစ်တုံပါကြောင့်၊ ထိုခါမှစ၊ မည်နာမ၊ အန္ဓဝန ခေါ်။

ဘိက္ခု ဘိက္ခုနီ၊ ဝိဝေကီတို့၊ သာကြည် ဝမ်းမြောက်၊ တရားပေါက်အောင်၊ သွားရောက်ပျော်ရာ၊ ခုအခါ၊ သညာမိုက်တောခေါ်။

❑

## ဘုရားစွပ်စွဲ၊ မိန်းမရဲ

ကိုယ်အားဆယ်တန် ဉာဏ်အားဆယ်ပါး ယင်းအပြားနှင့် ထင်ရှားမသွေ ပြည့်စုံတော်မူပေသော ဘုရားမြတ်စွာ စိဋ္ဌေယျာသည် သာဝတ္ထိပြည်မွန် အသရေလွန်သော ဇေတဝန်ခေါ် ရွှေကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသည်ရှိသော် နေရောင်အရှိန် မှေးမှိန်လေရာ ညနေချမ်းအခါဝယ် ပရိသတ်အလယ် တင့်တယ် ဖွယ်ရာ တရားမိုးအဖြာဖြာတို့ကို ရွာသွန်းဖြိုးတော်မူစဉ် တိတ္ထိအဖျင်း ငမိုက်သင်းတို့က သာဝတ္ထိမြို့နေ အရေအဆင်း တင့်တယ်ခြင်းနှင့် ရောင်ဝင်းလျှပ်ဖြာ (စိဥ္စမာဏဝိကာ) အမည်သာသော ယုဝတီမယ် မိန်းမလည်သည် ဘုန်းတော်သခင် ကိုးဂုဏ်ရှင်ကို ပြစ်တင်ကဲ့ရဲ့ အကျိုးမဲ့အောင် ပြုလောက်ဆောင်ကာ ဟန်မူရာဖြင့် ရွံရှာဖွယ်စစ် မစင်ညစ်ကို လက်ဖြင့်ကိုင်ကာ လဝန်းကို ဖျက်ဆီးအံ့သောငှာ လုံ့လ ပြုသကဲ့သို့ ပရိသတ်အလယ် မဖွယ်မရာ စွပ်စွဲကဲ့ရဲ့ရှာ၏။

ဘုရားမြတ်စွာ စိဋ္ဌေယျာသည် ဟောတော်မူဆဲ တရားပွဲကို တန့်ရပ်တော်မူ၍ ကေသရာဇာ ခြင်္သေ့မင်းသည် မြူးထူးစံပယ် ဟောက်သကဲ့သို့ ဟုတ်မှန်သည်၊ မဟုတ်မှန်သည် ထိုနှစ်လီကို သင်နှင့်ငါသာ သိကြရာ၏ဟု အပြန်အလှန် ပြောဆိုကြလေရာ ထိုအခါ၌ သိကြားမင်း ၏ နေရာဘုံသည် ပူသော အခြင်းအရာကို ပြ၏။ သိကြားမင်းစစ်၊ ဒေဝရာဇ်သည် အစစ်အမှန် ကေန်သိရန် ဆင်ခြင်ပြန်သော် မဟုတ်မမှန် လုပ်ကြံဇာတ်ထုပ် ပြုလုပ်သည်ကိုသိ၍ နတ်သားလေးယောက် ကြွက် ငယ်ပေါက်ဟန် ပြုလုပ်ဖန်လျက် သစ်သားဖွဲ့ချည် ကြိုးအလီလီတို့ကို တစ်ပြိုင်နက်တည်း ကိုက်ဖြတ်လှီးကြကုန်၏။ ကိုယ်ဝယ်လွှမ်းခြုံ အပေါ်ရုံကို လေဟုန်တိုက်လွင့် ကောင်းကင်သို့ ပင့်မြှောက်လေသော် ဟန်ပြပြုလုပ် သစ်သားရုပ်သည် စိဥ္စမာဏဝိကာ၏ ခြေဖမိုး၌ ကျလေ တော့၏။ ခြေဖျားတို့သည်လည်း ပြတ်ကုန်တော့၏။

ထိုသောအခါ လူများစွာတို့က တံတွေးထွေးလျက် တုတ်+လက်နက်+ ခဲ ကိုင်ကာဆွဲကုန်၍ ကျောင်းတိုက်တော်တွင်း မြေအခင်းမှ အတင်းဆွဲကာ ထုတ်ဆောင်ကြပါတော့၏။

ထိုသောအခါ သုံးလူ့ဘမြတ်စွာ၏ မျက်စိတော်ဖြင့် မြင်ကောင်းသောခရီးကို ကျော်လွန်လေရာ ချိန်အခါဝယ် မြေကြီးသည် နှစ်ဖြာကွဲ၍ ဟင်းလင်းပြင်အကြား အပေါက်ကို ပေးလင့်၏။ အောက်၌တည်ရှိ အဝီစိမှ ငရဲမီးလျှံသည် အဆက်မပြတ် တက်လပ်၍ အမိ၊ အဘတို့သည် ပေးအပ်သော ကမ္ဗလာနီကို ရုံသကဲ့သို့ ပြင်းပြင်းထန်ထန် မီးအလျှံဖြင့် ရစ်ပတ်ခြုံလျက် အဝီစိ၌ ဖြစ်ရလေ၏။

ဤကား ဓမ္မပဒအဋ္ဌကထာ လောကဝဂ္ဂ စိဉ္စမာဏဝိက ဝတ္ထုကို အမှီပြု၍ စကားပြေပြေစ် ကျစ်လျစ်ချောမောအောင် တန်ဆာဆင်လျက် အကျယ်မသွင်း အကျဉ်းအားဖြင့်သာ ဖော်ပြရခြင်း ဖြစ်ပါသည်။

## ရှစ်လုံးအညီ ဘွဲ့ကုံးစီ

၁။ စိဉ္စမာဏ၊ မိန်းမရဲလေ၊
ဗုဒ္ဓဘုရား၊ စွပ်စွဲထွေထွေ၊
မြေကြီးကွဲအက်၊ အောက်နရက်မြေ၊
ခချက်ချင်း၊ အတင်းလိုက်ရပေ။

၂။ မမှန်စွပ်စွဲ၊ အမြဲရှောင်လေ၊
ကောင်းကျိုးမရ၊ ဒုက္ခသာပွေ၊
အမှန်ရှုတတ်၊ လူမြတ်ကဝေ၊
သုဂတိ၊ လားဘိမြဲမသွေ။

ယခုတွေ့ကြုံ မြင်ရပုံကား- ဇေတဝန်ကျောင်းတိုက်တော်ကြီး၏ အရှေ့မျက်နှာ တောင်ဘက်မုခ်ဦးပြာသာဒ်တိုင်ကြီး၏ အနီးအပါး အရှေ့တောင်ထောင့်အရပ်၌ အလျား ပေ (၃၀၀) ခန့်၊ အနံ ပေ့ (၅၀) ခန့် ကျယ်ပြန့်သော ရေအိုင်ခွက်ကြီးကို ထင်ရှားစွာ တွေ့မြင်ရ၏။

ထိုရေအိုင်ခွက်ကြီးကို စိဋ္ဌမာဏဝိကာ မိန်းမညစ်ကို မြေမျိုရာဌာန ရေအိုင်ခွက်ကြီးဟု အသိအမှတ်ပြုကြလေသည်။ ထိုနေရာကို လယ်ယာစိုက်ပျိုးခြင်း၊ မျိုးကြဲခြင်း၊ တူးဆွခြင်း စသော အမှုမျိုးကို ပြုလုပ်ခြင်းမှ ရှောင်ကွင်းကြလေသည်။

❑

## ဘုရားပုတ်ခတ် ဒေဝဒတ်

ဒေဝဒတ်ယုတ် လူညစ်စုတ်သည် ကိုးလတိုင်တိုင် မခိုင်မမာ မကျန်းမာ၍ သေခါနီးကာလ သမယ၌ ဗုဒ္ဓရှင်တော် မြတ်မဟော်ကို ဖူးမြော်လိုသောကြောင့် ဘုရားသခင် ကိုးဂုဏ်ရှင်ကို ငါ့အားမသွေပြကြပါလေဟု တပည့်သာဝက အဝဝတို့ကို ပြောဆို အမိန့်ပေးလေ၏။ ထိုသို့ ပြောဆို အမိန့်ပေးလေရာအခါ၌ တပည့်သာဝက အဝဝတို့က ပြန်ကြားပြောဆိုသည်မှာ ဖူးမြော်ခြင်းငှာ စွမ်းနိုင်ခါ၌ မဖူးမမြင် အပြစ်တင်လျက် ရန်ဘက်အစစ် ကျင့်ကြီးကျင့်ခဲ့၏။ ယခုမှသော် ဗုဒ္ဓရှင်တော်မြတ်မဟော်သည် သီတင်းသုံးတော်မူရာ ဇေတဝန် ကျောင်းတိုက်သာသို့ ငါတို့တတွေ မပို့မဆောင်နိုင်ကြလေကုန်ဟု ငြင်းပယ်စကား ပြောဆိုကြားသော် တပည့်ငယ်ကြီး အသီးသီးတို့ မဖျက်ဆီးကြပါကုန်လင့်။

ဘုရားသခင် ကိုးဂုဏ်ရှင်အား ငါကပြစ်မှား ဆိုးသွမ်းငြားလည်း ဘုရားသခင် ကိုးဂုဏ်ရှင်က ငါ့အားရန်ညှိုး ဖွဲ့ရိုးမရှိ ပို့သာပို့ကြဘိလောဟု အဖန်ဖန်အခါခါ တောင်းပန်ရှာသော် တပည့်သာဝက အဝဝတို့က ညောင်စောင်းပေါ်တွင် ပွေ့ချီတင်လျက် ခပ်လျင်လျင် ထွက်ခဲ့ကြကုန်၏။ ယခုအခါ ရှိသေလေးမြတ် ဒေဝဒတ်သည် ငါးမာရ်အောင်မြင် ဘုရားရှင်ထံ ဖူးမြော်ရန်ဖို့ လာခဲ့၏ ဟူသော စကားရပ်ကို ဇေတဝန်ကျောင်းတိုက်တော်၌ သီတင်းသုံးနေ တပည့်အထွေထွေတို့က ဘုရားမြတ်အား လျှောက်ထားကြကုန်၏။ ထိုသို့ လျှောက်ထားလေသောအခါ သုံးလူ့ဘမြတ်စွာသည် မဆိတ်မနေ မိန့်ကြားတော်မူ

လေ၏။ ယခုထင်စွာ အတ္တဘောကိုယ်ခန္ဓာဖြင့် ငါဘုရားကို ဖူးမြော်ခြင်း ငှာ မရတော့လတ္တံ့ဟု တပည့်အများ သိထင်ရှားအောင် မိန့်ကြားတော် မူလေ၏။ ဘုန်းတော်သခင် ကျေးဇူးရှင်ဘုရား ဇေတဝန်ရေကန်အနီး သို့ ရောက်လာပါပြီဟု လျှောက်ထားပြန်လေလျှင် တပည့်သားကျော် ရဟန်းတော်တို့ ဇေတဝန်ကျောင်းတိုက်တော်တွင်းသို့ မချွတ်မယွင်း ရောက်လျှင်သော်လည်း ငါဘုရားကို မဖူးမြော်ရတော့လတ္တံ့ဟု တိတိ မသွေ မိန့်ကြားတော်မူပြန်လေ၏။

ဒေဝဒတ်ကို ပင့်ဆောင်လာသား ရဟန်းများတို့သည် ရေကန်၏ အနီး ညောင်စောင်းကို ချကုန်၍ ရေချိုးခြင်းငှာ ရေကန်အတွင်းသို့ သက်ဆင်းကြကုန်၏။ ဒေဝဒတ်သည်လည်း မသေတတ်သေးမီ ညောင် စောင်းမှ ထလျက် ခြေနှစ်ဖက်တို့ကို မြေ၌ထား၍ နေလေလျှင် ခြေ နှစ်ဖက်တို့သည် မြေအတွင်းသို့ ဝင်ဆင်းလေကုန်တော့သတည်း။

ထို့နောက် အစဉ်မပျက် ဖမျက်၊ ဒူး၊ ခါး၊ တပါးသားမြတ်၊ လည်ပင်းတိုင်အောင် ဝင်လပ်၍ မေးရိုးမြေ၌ ဝင်လေရာအခါ–

> ဣမေဟိ အဋ္ဌိဟိ တမဂ္ဂပုဂ္ဂလံ၊ ဒေဝါတိ ဒေဝံ နရဒမ္မ သာရထိံ။
>
> သမန္တစက္ခုံသတ ပုညလက္ခဏံကံ၊ ပါဏေဟိ ဗုဒ္ဓံသရဏံ ဂတော သ္မိ–ဟူသော ဂါထာကို ရွတ်ဆိုလျက် သရဏဂုံပန်း ဆင်မြန်း လေတော့သတည်း။
>
> ဤဂါထာကို နာပျော်ဖွယ်ရာ အနက်ပြန် ဖော်ပြပါဦးအံ့။

အဂ္ဂပုဂ္ဂလံ– သံသရာပြင်ကျယ် မြစ်ပင်လယ်၌ မီတွယ်မရ နစ် မြုပ်ကြသား များလှသောင်းပြောင်း ပုဂ္ဂိုလ်ပေါင်းထက် သိန်းသောင်း မက၊ ဝိသေသဖြင့် သာလှမသွေ မြတ်တော်မူပေထသော။ ဒေဝါတိ ဒေဝံ– မင်းဟု ခေါ်အပ် သမုနတ်နှင့် ဥပပတ်ခေါ် ထက်ရပ်ပျော်သား နတ်အများထက် ထင်ရှားလွန်ဘိ ဝိသုဒ္ဓိနတ် ဖြစ်တော်မူပေတတ်ထ

သော။ နရဒမ္မသာရထိ– လူ နတ်များစွာ သတ္တဝါကို ကောင်းရာသုဂတိ ရောက်စေဘိတို့ တိတိလင်းလင်း ဆုံးမခြင်း၌ မယှဉ်းမပြတ် ရထားထိန်းသဖွယ် ဖြစ်တော်မူပေထသော။ သမန္တစက္ခု– လုံးစုံသဗ္ဗ မြတ်ဓမ္မကို ဒသဃနသီလ ရှိတုံစွကြောင့် သမန္တစက္ခု ပုဒ်နှစ်ခုဖြင့် ပြုတ်တုရအပ် သဗ္ဗညုတဉာဏ်မြတ်ရှိတော်မူထသော။ သတပုည လက္ခဏ်ကံ– တစ်ပါးမက များပြားလှစွာ ဘုန်းလက္ခဏာနှင့် မကွာ ကုံလုံ ပြည့်စုံတော်မူသော။ တံဗုဒ္ဓံ– ဆိုအပ်ခဲ့ပြီး ဂုဏ်သီးသီးရှိ ကဝိ သူ့ချွန် အသရေလွန်သား ထိုမြတ်စွာဘုရားကို။ ဣမေဟိအဋ္ဌဟိ– ခန္ဓာကိုယ်ဝယ် စုပေါင်းတွယ်ထ ခက်မငါးဖြာ ဆိုင်ရာတည်လင့် သုံးရာသော ဤအရိုးတို့ဖြင့် လည်းကောင်း။ ဣမေဟိပါဏေဟိ–သတ္တဝါပေါင်း ရှင်ကြောင်း မပျက် ဤအသက်တို့ဖြင့် လည်းကောင်း။ သရဏံ– သံသရာရေးအပါယ်ဘေးကို နိစ္စေးမပြတ် ညှဉ်းဆဲတတ်ကြောင့် အမြတ်တနိုးအားကိုးဖွယ်ရာ အစစ်အမှန်ပါတကား ဟူ၍။ ဂတော– အသိဉာဏ်ယှဉ် သမ္ပဇဉ်ဖြင့် မျက်မြင်မဖောက် ကေန်ရောက်သည်။ အသ္မိ– မချတည်စွာ ဖြစ်ရပါတော့ပြီ ဘုရား။

**ဓမ္မသံဝေ ဖြစ်ဖွယ်ပေ ရှစ်လုံးအညီ ဘွဲ့ကုံးစီ**

ဒေဝဒတ်ယုတ်၊ ညစ်စုတ်လူလည်၊
ဗုဒ္ဓဘုရား၊ ပြစ်မှားသွယ်သွယ်။
ခလုတ်ထိမှ၊ အမိတနှယ်၊
မြေတွင်းမြုတ်၊ စောဗုဒ်ဆည်းကပ်တယ်။

❑

## ယမကမည် လွှမ်းစေတီ

အဂါရိယ အစပြသား မုနိများတွင် တွက်ကြုံဝင်ဘိ မုနိမုနိ အမည်တော်ရှိသော ဘုရားမြတ်စွာ မဟာပရမေ စောဘုန်းဝေသည် တိတ္ထိအဖျင်း အမိုက်သင်းတို့ကို နှိမ်နင်းတော်မူအံ့သောငှာ ရာဇဂြိုဟ်

ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းမြတ်လှအား တန်ခိုးပြာဋိဟာ ပြရာဌာန ရပ်ဒေသကို အောင်းကိန်းသာဘိ သာဝတ္ထိမြို့တော် ရှင်ပျော်ဖွယ်ရာ တောင်မျက်နှာတွင် ကဏ္ဍမည်သော ဥယျာဉ်စောင့်သည် စိုက်ပျိုးအပ်သော သရက်ပင်၏ အနီးအရပ်ကို တည့်မတ်စွာ ညွှန်းတော်မူ၏။

ထိုသို့ ညွှန်းတော်မူပြီးသည့်နောက် သာဝတ္ထိမြို့တော် တောင်တံခါး အနီးဝယ် အရှေ့အနောက် တောင်မြောက်လေးမျက်နှာ (၁၂)ယူဇနာစီ အဖြော့င့်အားဖြင့် (၂၄)ယူဇနာစီ ရှိသောပရိသတ်တို့၏ အလယ်၌ စင်္ကြံကြွတော်မူလျက် အံ့ချီးဖွယ်ရာ အစုံစုံသော တန်ခိုးပြာဋိဟာ တို့ကို ပြတော်မူ၏။ ပြတော်မူပုံကား အဘိညာဉ်၏ အခြေဖြစ်သော တေဇော ကသိုဏ်းလျှင် အာရုံရှိသော ရူပါဝစရကြိယာ စတုတ္ထဈာန်ကို ဝင်စားတော်မူ၍ အထက်ကိုယ်တော်တစ်ပိုင်းမှ မီးကိုဖြစ်စေ၏။ အာပေါ ကသိုဏ်းလျှင် အာရုံရှိသော ဈာန်ကိုဝင်စား၍ အောက်ကိုယ်တော် တစ်ပိုင်းမှ ရေကိုဖြစ်စေ၏။ အောက်ကိုယ်တော်ပိုင်းမှမီးကို ဖြစ်စေ၍ အထက်ကိုယ်တော်တစ်ပိုင်းမှ ရေကိုဖြစ်စေ၏။ ရှေ့ကိုယ်တော် တစ်ခြမ်းမှ မီးကို ဖြစ်စေ၍ နောက်ကိုယ်တော်တစ်ခြမ်းမှရေကို ဖြစ်စေ၏။ နောက်ကိုယ်တော်တစ်ခြမ်းမှ မီးကိုဖြစ်စေ၍ ရှေ့ကိုယ်တော် တစ်ခြမ်းမှ ရေကိုဖြစ်စေ၏။ လက်ယာကိုယ်တော်တစ်ခြမ်းမှ မီးကို ဖြစ်စေ၍ လက်ဝဲကိုယ်တော်တစ်ခြမ်းမှ ရေကိုဖြစ်စေ၏။ လက်ယာ နားတွင်းတော်မှ ရေကို ဖြစ်၏။ လက်ဝဲနားတွင်းမှ မီးကိုဖြစ်စေ၍ လက်ယာနားတွင်းမှ ရေကို ဖြစ်စေ၏။ လက်ယာမျက်လုံးတော်မှ မီးကိုဖြစ်စေ၍ လက်ဝဲမျက်လုံးတော်မှ ရေကိုဖြစ်စေ၏။ လက်ဝဲမျက်လုံး တော်မှ မီးကိုဖြစ်၍ လက်ယာမျက်လုံးတော်မှ ရေကိုဖြစ်စေ၏။

ဤသို့ စသောအားဖြင့် ဖူးမြင်လို့ မငြီးဖွယ် အလွန်တင့်တယ်စွာ အစုံအစုံသော တန်ခိုးပြာဋိဟာကို့ကို ပြတော်မူ၏။ အောင်ပွဲသခင် ဘုရားရှင်သည် အစုံအစုံသော တန်ခိုးပြာဋိဟာကို့ကို ပြတော်မူပြီး

သော် ရှေးအတီတလွန်လေပြီးသောအခါကာလ၌ ပွင့်တော်မူကြ ကုန်ပြီးသော လောကထွတ်ထား မြတ်ဘုရားတို့သည် အစုံအစုံသော တန်ခိုးပြာဋိဟာ အဖြာဖြာတို့ကို ပြတော်မူပြီးလျှင် အဘယ်အရပ် ဒေသ၌ ဝါကပ်တော်မူကြကုန်သနည်းဟု ဆင်ခြင်တော်မူသော် သိကြား မင်း စံရာ တာဝတိံသာ၌ ဝါကပ်တော်မူ၍ မယ်တော်ဖြစ်ဖူး နတ်အထူး အား အဘိဓမ္မာ ပိဋကကို ဟောတော်မူကုန်၏ဟု မြင်တော်မူ၍ လက်ယာခြေတော်သို့ ကြွချီ၍ ယုဂန္ဓိုရ်တောင်ထိပ်၌ ထားတော်မူ၍ လက်ဝဲခြေတော်ကို ကြွချီ၍ မြင်းမိုရ်တောင်ထိပ်၌ ထားတော်မူ၏။ ဤသို့ ယူဇနာခြောက်သန်း ရှစ်သိန်းသော ဌာန၌ ၃ ဖဝါး ၂ လှမ်း တို့သည် ဖြစ်ကုန်၏။

ဤအရာ၌ မြတ်စွာဘုရားသည် ခြေတော်ကို ဆန့်၍နင်းသည်ဟု မမှတ်အပ်။ မြတ်စွာဘုရား၏ခြေတော်တို့ကို ကြွချီရာအခါ၌ပင် ထို တောင်တို့ ခြေတော်ရင်းသို့ လာကုန်၍ ခံလင့်ကုန်၏။ မြတ်စွာ ဘုရားသည် နင်းပြီးရာအခါ၌ ထိုတောင်တို့သည် ထကုန်၏။ မိမိတို့၏ တည်ရာ ဌာန၌သာလျှင် တည်ကုန်တော့၏။

## အံ့သြဖွယ် ကောင်းပေစွ

သတ္ထာ ပါဒံ ပသာရေတွာ အဂ္ဂ မိတိ နသလ္လက္ခိတဗ္ဗံ၊ တဿ ဟိ ပါဒခိပနကာလေယေဝ တေပဗ္ဗတာ ပါဒ မူလာနိအာဂန္ဒာ သမ္ပဋိစ္ဆိံသု၊ သတ္ထာရာ အက္ကမနကာလေ တေပဗ္ဗတာ ဥဋ္ဌာယ သကဋ္ဌာနေယေဝ အဋ္ဌံသု။

ဓမ္မပဒ အဋ္ဌကထာ

သိကြားမင်းသည် မြတ်စွာဘုရားကို မြင်၍ ပဏ္ဍုကမ္ဗလာ ကျောက် ဖျာ၌ မြတ်စွာဘုရားသည် ဝါကပ်တော်မူလိုသည်ထင်၏။ များစွာသော နတ်တို့အား ကျေးဇူးများသည် ဖြစ်လတံ့။ ဤကျောက်ဖြာ၌ မြတ်စွာ ဘုရား သီတင်းသုံးတော်မူသော် တစ်ပါးကုန်သောနတ်တို့အား လက်ကို

လည်း တင်ထားခြင်းငှာ မတတ်နိုင်ကုန်လတံ့။ ဤပဏ္ဍုကမ္ဗလာ ကျောက်ဖျာသည် အလျားအားဖြင့် ယူဇနာ(၆၀)၊ အနံအားဖြင့် (၅၀)၊ အထုအားဖြင့် ယူဇနာ(၁၅)ရှိ၏။ မြတ်စွာဘုရားထိုင်တော်မူသော် အချည်းနှီးကဲ့သို့ ဖြစ်လတ္တံ့ဟု သိကြားမင်းသည် ကြံလေ၏။ မြတ်စွာ ဘုရားသည် သိကြားမင်း၏ အလိုကိုသိတော်မူ၍ မိမိ၏နှစ်ထပ်သင်္ကန်း ကြီးကို ကျောက်ဖျာတစ်ခုလုံးကို ဖုံးလွှမ်းစေလျက် ပစ်တော်မူလိုက်၏။ သိကြားမင်းက ဆက်၍ တစ်ဖန်ကြံစည်ပြန်၏။ သင်္ကန်းကြီးကိုကား ကျောက်ဖျာကို ဖုံးအုပ်မိစေလျက် ပစ်ချတော်မူ၏။ ကိုယ်တော်သည် ကား အနည်းငယ်အရပ်၌ ထိုင်နေတော်မူလိမ့်မည်ဟု ကြံစည်ပြန်၏။ မြတ်စွာဘုရားသည် သိကြားမင်း၏အလိုကို သိတော်မူ၍ နိမ့်သော အင်းပြင်ငယ်၌ ပံသုကူဆောင်သော မထေရ်ကြီးကဲ့သို့ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာကို သင်္ကန်း၏အတွင်း၌သာလျှင် ပြု၍ထိုင်နေတော်မူ၏။ အစုံ အစုံသော တန်ခိုး ပြာဋိဟာကို ပြတော်မူရာ များလှသောင်းပြောင်း လူအပေါင်းတို့မှာ မြတ်စွာဘုရားသည် လူ့ပြည်လောက ဘုံဌာနမှ သာလှနတ်ပြည် ကြွမြန်းချီသော် နေမင်း၊လမင်း ပျောက်ကွယ်ကင်း သကဲ့သို့ မမြင်ကြ၍ ရင်ဝလက်အုပ် ဦးခေါင်းငုံ့လျက် စုတ်သတ်သံမစဲ မျက်ရည်တွေရွှဲနှင့် ငိုပွဲကြီး ကျင်းပကြလေတော့သတည်း။

တိတ္ထိအဖျင်း၊ အမိုက်သင်းကို၊ နှိမ်နင်းလပ်ရာ၊ ပြာဋိဟာပြ၊ ယမကတည်း။

ယခုတွေ့ကြုံ ဖူးမြင်ရပုံကား– သာဝတ္ထိမြို့တော်၏ တောင်မျက်နှာ တံခါးမကြီး၏တောင်မျက်နှာ(၁)မိုင်ခန့် ဝေးကွာသော ပြေပြစ်ညီ ညွတ်သော မြေမျက်နှာပြင်ရှိရာအရပ်ကို ဦးစွာမဆွ တွေ့မြင်ရ၏။ ထိုပြေပြစ်ညီညွတ်သော မြေမျက်နှာဌာနဝယ် ပေ(၃၀၀)ခန့် အကျယ် အပြင်ရှိသော စေတီတော်ပျက်ကြီးကို ဖူးမြင်ရ၏။ အဝေးမှရှုမြင်ရသော အခါ တောင်ဥတစ်လုံးကလေးဟု မှတ်ထင်ရ၏။ ထိုစေတီတော်ပျက်

ကြီးကို သုံးလူ့ရှင်ပင် ကျွန်းထိပ်တင်သည့် များဖြင်ပေါယယ် တတ္တိဖျင်း အသွယ်သွယ်တို့အား အံ့ဖွယ်စရာ တန်ခိုးပြာဋိဟာတို့ကို ပြရာဌာန တည်ထားအပ်သော စေတီတော် ဖြစ်ခြင်းကြောင့် (ယမကစေတီ)တော် ဟု ခေါ်ဝေါ် သမုတ်ကြလေသည်။

တန်ခိုးပြာဋိဟာ ပြရာဌာနသည်ကား ဇေတဝန်ကျောင်းတိုက် ကြီး၏ တနင်္ဂနွေ အရပ်၌ တည်နေ၏။

**ရှစ်လုံးအညီ ဘွဲ့ကုံးစီ**

တိတ္ထိအဖျင်း၊ မိုက်သင်းဖြာဖြာ
အစုံရေမီး၊ ပြပြီးနိမ်ရာ၊
ကုန်းတော်ဌာန၊ တည်ကြလေရာ၊
ယမက၊ နာမမွေးထူပါ။

❑

## စက္ခုပါလ၊ ကုန်းသာစွ

သာဝတ္ထိ မြို့တော်ကြီးနှင့် ဇေတဝန် ကျောင်းတိုက်တော်ကြီးတို့၏ အနောက်မျက်နှာ(၂)မိုင်ခန့် ဝေးကွာသော (ဘဟရာအိချ်) ခေါ်သော ခရိုင်မြို့ကြီးသို့သွားရာ မော်တော်ကားလမ်းမကြီး၏ လက်ယာဘက် အနီး၌ အတောင်(၂၀၀)ခန့်ရှိသော စေတီတော်ပျက်ကြီးကို ဖူးမြင်ရ၏။ ထိုစေတီတော်ကြီး၏ တည်နေရာ ကုန်းမြေမြင့်၏ အရှေ့အနောက် မြောက်အရပ်တို့၌ (အစီရဝတီ)မြစ်ကြီးမှ ခွဲထွက်လာသော မြစ် လက်တက်တွင်းရှိ ရေတို့ဖြင့် ဝန်းရံနေလေရကား ရှုမြင်ရသူအပေါင်း သူတော်ကောင်းတို့၏ စိတ်နှလုံးကို ယူကျုံးနှစ်သက်စေနိုင်သော ကုန်းတော်ဖြစ်ကြောင်း ကြည်နူးရွှင်မြူး ချီးကျူးမိခဲ့ပေသတည်း။

ယခုအခါ ထိုစေတီကြီး၏ တည်နေရာကုန်းတော်မြတ်မဟာကို စက္ခုပါလ ထေရအကျော် ရဟန်းတော်၏ သီတင်းသုံးရာဌာန ဖြစ်ခြင်း ကြောင့် စက္ခုပါလ ကုန်းတော်ဟု ခေါ်ဝေါ်သမုတ်ကြလေသည်။

**ရှစ်လုံးအညီ– ဘွဲ့ကုံးစီ**

စက္ခုပါလ၊ ထေရအမော်၊
ကြည်နူးရွှင်မြူး၊ အထူးမွေ့လျော်၊
ကုန်းတော်တောရပ်၊ သွားလပ်လေသော်၊
စိတ်ဓာတ်ဖွေး၊ ချမ်းအေးရွှင်ပျော်ပျော်။

❑

## လက်ယာခြေချ သင်္ကဿ

သတ္တလောက၏ တစ်ဆူတည်းသာ ကိုးကွယ်ရာ အရှင်သခင် အကြီးအမှူး ဦးစီးဦးကိုင် ခရီးလမ်းညွှန်လမ်းပြ နာယက ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝါကျွတ်လေပြီဖြစ်၍ တာဝတိံသာ နတ်ပြည်၌ ပဝါရဏာပြုပြီး၍ သိကြားမင်းအား မိန့်ကြားတော်မူလေ၏။ သိကြားမင်းသည် လက်ယာရွှေစောင်းတန်း၊ လက်ဝဲငွေစောင်းတန်း အလယ်၌ ပတ္တမြားစောင်းတန်းအားဖြင့် သုံးသွယ်သော စောင်းတန်းတို့ကို ဖန်ဆင်းလေတော့၏။

စောင်းတန်းသုံးသွယ်တို့၏ ခြေတို့သည် သင်္ကဿမြို့တော်ကြီး၏ တံခါးအနီး၌ တည်ကုန်လေ၏။ စောင်းတန်းဦးတို့သည် မြင်းမိုရ်တော်ထိပ်၌ တည်လေကုန်၏။ ထိုစောင်းတန်းသုံးသွယ်တို့တွင် လက်ယာဘက်ရွှေစောင်းတန်းကား နတ်များအတွက်၊ လက်ဝဲဘက် ငွေစောင်းတန်းကား ဗြဟ္မာများအတွက်၊ အလယ်ချက်က ပတ္တမြား စောင်းတန်းကား မြတ်စွာဘုရားအတွက်ဖြစ်၏။ မြတ်စွာဘုရားသည် မြင်းမိုရ်တောင်ထိပ်၌ ရပ်တော်မူ၍ နတ်မြို့တော်မှ ဆင်းသက်သော ပြာဋိဟာပြလို၍ အထက်ကို ကြည့်တော်မူ၏။ ဗြဟ္မာပြည်တိုင်အောင် ဟင်းလင်းတစ်ပြင်တည်း၊ အောက်သို့ကြည့်တော်မူသော် အဝီစိတိုင်အောင် ဟင်းလင်း တစ်ပြင်တည်းဖြစ်၏။ တူရူဖြစ်သော အရပ်ထောင့်ဖြစ်သော အရပ်ကို ကြည့်တော်မူသည်ရှိသော် အသိန်းမကများစွာသော စကြဝဠာ

တို့သည် ဟင်းလင်းတစ်ပြင်တည်း ဖြစ်ကုန်၏။ လူတို့သည် နတ်တို့ကို မြင်ရကုန်၏။ နတ်တို့သည်လည်း လူတို့ကို မြင်ရကုန်၏။ ထိုနေ့၌ မြတ်စွာဘုရား၏ အသရေတော်ကို ကြည့်၍ (၃၆)ယူဇနာ အဝန်းရှိသော ပရိသတ်တွင် တစ်ယောက်သောသူမျှ ဘုရားအဖြစ်ကို မတောင်းသော သူ မည်သည်မရှိ။ နတ်တို့သည် ရွှေစောင်းတန်းဖြင့် ဆင်းကုန်၏။ ဗြဟ္မာတို့သည် ငွေစောင်းဖြင့် ဆင်းသက်ကုန်၏။ မြတ်စွာဘုရားသည် ပတ္တမြားစောင်းတန်းဖြင့် ဆင်းသက်တော်မူ၏။ ပဉ္စသိခနတ်သားသည် ဗေလုဝစောင်းကိုယူ၍ မြတ်စွာဘုရား၏ လက်ယာနံပါး၌ရပ်၍ စောင်း သံဖြင့် ပူဇော်ခြင်းကို ပြုလျက် ဆင်းသက်၏။ မာတလိနတ်သား သည် လက်ဝဲနံပါးမှရပ်၍ နတ်၌ဖြစ်သော နံ့သာ၊ ပန်းကုံး၊ ပန်းပွင့်ကို ယူ၍ ရှိခိုးလျက် ပူဇော်ခြင်းကိုပြု၍ ဆင်းသက်၏။ မဟာဗြဟ္မာသည် ထီးကိုမိုး၍ သုယာမနတ်သားသည် သားမြီးယပ်ကို ကိုင်ဆောင်၏။ မြတ်စွာဘုရားသည် ဤသို့သော အခြံအရံဖြင့် သက်ဆင်းကြွမြန်းတော် မူ၍ သင်္ကဿမည် မြို့ရွှေပြည်၏တံခါးအနီး၌ ရပ်တည်တော်မူပါ သတည်း။

ဖော်ပြအပ်ပြီးသော အကြောင်းဝတ္ထုကို ဓမ္မပဒ အဋ္ဌကထာ ဗုဒ္ဓဝဂ် ဒေဝေါရောဟဏဝတ္ထုကို အမှီပြု၍ အံ့သြဖွယ်ရာ၊ ကြည်ညိုဖွယ်ရာ အဖြာဖြာတို့ကို သိပါစေခြင်းငှာ ပါဠိမစွက် မြန်မာသက်သက်ဖြင့် အချက်ကျကျ အနက်လှအောင် လုံ့လဆောင်ကာ ဖော်ပြအပ်ပါ သတည်း။

## အကျဉ်းမိပွါယ် သိဖို့ရှယ်

သိကြားစံရာ၊ တာဝတိံသာမှ၊ သုံးဖြာစောင်းတန်း၊ အလယ်လမ်း ဖြင့်၊ ကြွမြန်းဆင်းရာ၊ သင်္ကဿာ။

သင်္ကဿဟု ခေါ်ရကြောင်းကား မြို့တော်ကြီးကို တည်ထောင် ဖန်ဆင်းရာအခါ၌ ဆီမီးအရောင် ထိန်ထိန်ပြောင်ဝင်း ထွန်းလင်း

တောက်ပလေခြင်းကြောင့်လည်းကောင်း၊ မဖောက်မပြန် ကောင်းမွန်လှစွာ ထွန် ယက် ရေး ခြစ်ရာ ဖြစ်ခြင်းကြောင့်လည်းကောင်း သင်္ကဿ ဟု ခေါ်ရလေသည်။

ယဿ မာပိတကာလေ ဒီပေါဒိပ္ပတိ တံ သင်္ကဿံ။ သမ္မာကသဏ္ဍိ ထွောတိဝါ သင်္ကဿံ–ဟူသော အဘိဓာန် ဋီကာကို အမှီပြု၍ ဖော်ပြအပ်ပါသည်။

**ကျမ်းဂန်အညီ လင်္ကာစီ**

မြို့ကိုတည်ရာ၊ ချိန်အခါဌ်၊ ထိန်ပြာပြောင်ဝင်း၊ မီးရောင်လင်းလျှပ်၊ ကြောင်းတစ်ရပ်နှင့်၊ ဆက်စပ်ကောင်းစွာ၊ ရေးခြစ်ရာကြောင့်၊ သညာသာလျှပ်၊ မည်ပညတ်၊ သင်္ကဿ ဟုခေါ်။

ယခုတွေ့ကြုံမြင်ရပုံကား– ဝေနေယျသတ္တဝါ ဗြဟ္မာနတ်လူ သုံးဘုံသူ အများတို့၏ စီးပွားချမ်းသာ မင်္ဂလာကို လွန်စွာမပြတ် တောင့်တတော်မူတတ်သော မြတ်စွာဘုန်းလူ သဗ္ဗညူသည် တာဝတိံသာ ခေါ် နတ်မြို့တော်မှ ဆင်းသက်ကြွမြန်းတော်မူ၍ လက်ယာခြေတော် ချထားရာဌာန၌ တည်ထားသော ပေ(၂၀၀)ခန့်ရှိသော စေတီပျက်ကြီးနှင့် အမြင့်၊ အလျား၊ အနံတူ (၁၀)တောင်ခန့်မျှရှိသော အုတ်တိုက်ကို ဖူးမြင်ရ၏။

ထိုမှတစ်ပါး ထိုစေတီနှင့် အုတ်တိုက်တို့အရှေ့မျက်နှာ အတောင် (၁၀၀)ခန့်အကွာ၌ ကျောက်တိုင် ကျောက်မိုးအောက်၌ (၂)တောင်ခန့် ကြာအိုးခံ၍ အပေါ်၌ မြောက်အရပ်သို့ မျက်နှာမူထားသော ကျောက်ဆင်ရုပ်ကို တွေ့မြင်ရ၏။ သင်္ကဿ မြို့တော်ကြီးကိုကား အစိတ်အပိုင်းကိုမျှ မတွေ့မမြင်ရတော့ဘဲ အုတ်ကျိုးအုတ်ဆွေးများစွာနှင့်တကွ (စံကစ) ဟု ခေါ်သော ရွာကလေးကိုသာ တွေ့မြင်ရပါတော့သတည်း။

**ဓမ္မသံဝေ ဖြစ်ဖွယ်ပေ**

သင်္ကဿမည်၊ မြို့ရွှေပြည်လည်း၊
နှစ်ရှည်ကြာစွာ၊ မတည်ပါကြောင့်၊

သင်္ခါရဟု၊ အစုစုကား၊
ဖောက်ပြုဖောက်လဲ၊ ချွတ်မလွဲပင်၊
ပျက်မြဲထင်၏။

❑

## နိဗ္ဗူစံရာ ကုသိနာ

၁။ ဝေဠုရွာမှာ၊ ဝါကပ်ခါ၊ ရောဂါဖြစ်ပေါ်သည်။
၂။ စာပါလမည်၊ တည်စေတီ၊ စွန့်ပြီအာယုပါ။
၃။ ထိုမှတလီ၊ ဝေသာလီ၊ ကြွပြီမြတ်ဗုဒ္ဓါ။

ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တမည် ဘုန်းခြောက်လီနှင့် ပြည့်စုံတော်မူသော ဝိဇယသဝဏ္ဏချောင်ဖူး အောင်ပွဲမှူးသခင် ဘုရားရှင်သည် (၄၅)ဝါ ရှည်ကြာသမျှ ကာလပတ်လုံး ရတနာရွှဲလုံး ပုလဲကုံးတို့ကို သီကုံးဘိသကဲ့သို့ အဆိုင်ဆိုင်သော ဒေသနာ အဖြာဖြာသော ဓမ္မစကတ်တို့ကို ထိုထိုမြို့ရွာ နိဂမာ၌ တည်နေကြား၊ ဝေနေယျ သတ္တဝါအများတို့အား ဟောကြားချေချွတ်တော်မူဆဲမှာပင် ဝေဠုဝရွာ၌ ဝါကပ်တော်မူသောအခါ ခက်ထန်ကြမ်းတမ်းသော ရောဂါ ဖြစ်ပေါ်လာတော့၏။ ထိုခက်ထန်သော ကြမ်းတမ်းသောရောဂါကို သမာပတ္တိဗလဖြင့် ခွာထားတော်မူ၍ စာပါလမည်သောစေတီ၌ သီတင်း သုံးတော်မူစဉ် အာယုသင်္ခါရကို စွန့်လွှတ်တော်မူ၏။ အာယုသင်္ခါရကို စွန့်လွှတ်၏ ဟူသည် သုံးလမျှသာလျှင် ဖလသမာပတ်ကို ဝင်စား၍ သုံးလမှ နောက်၌မဝင်စားတော့အံ့ ဟုစိတ်ကို ဖြစ်စေခြင်းပင်တည်း။ (အာယုသင်္ခါရကို စွန့်လွှတ်တော်မူသည်မှစ၍ ကြွရောက်လာကြသော ရဟန်းတော်များတို့သည် အရပ်တစ်ပါးသို့ မဖဲသွားတော့ပြီ။

အာယုသင်္ခါရကို စွန့်လွှတ်တော်မူပြီးနောက် ဝေသာလီ မြို့နယ်တွင်းရှိ မဟာဝုန်တောသို့ကြွမြန်းတော်မူ၏။ ထိုမှတစ်ဖန် ဘဏ္ဍု ဂါမ၊ ဟတ္ထိဂါမ၊ အမ္ဗဂါမ၊ ဇမ္ဗုဂါမ၊ ဘောဂနဂရဂါမ ရပ်ရွာဒေသ တို့သို့

အစဉ်အတိုင်း ကြွမြန်းတော်မူပြီးနောက် ယခုအခေါ်(ဖာဇေနဂရ) မာဂဓ ပါဠိဘာသာအားဖြင့် ပါဝါမြို့သို့ ကြွတော်မူ၍ ထိုပါဝါမြို့၌ ရွှေပန်းထိမ်သည်၏သားဖြစ်သော (စုန္ဒ)မည်သော သူ၏သရက်တောဝယ် သီတင်းသုံးတော်မူ၏။ စုန္ဒ မည်သောသူသည် မိမိ၏သရက်တော၌ မြတ်စွာဘုရားသီတင်းသုံးတော်မူကြောင်းကို သိရ၍ မိမိသရက်တော၌ပင် မြတ်စွာဘုရားအား လျှောက်ပတ်သော ဂန္ဓကုဋိကျောင်းဆောင်တော်ကိုလည်းကောင်း၊ ရဟန်းသံဃာ၏ နေ့၌ နေရာ၊ ညဉ့်၌ နေရာ၊ စည်းဝေးရာ ဇရပ်၊ ဂန္ဓကုဋိ မဏ္ဍပ်၊ စင်္ကြံ စသည်တို့ကိုလည်းကောင်း ပြည့်စုံစေပြီး၍ တံတိုင်းဖြင့် ကာရံအပ်သည် ဖြစ်၍ တံခါးမုခ်နှင့် ယှဉ်သောကျောင်းတိုက်ကြီးကိုပြု၍ ဘုရားအမှူးရှိသော သံဃာတော်အား လှူဒါန်း အပ်နှင်းလေ၏။ ထို့နောက် ဝက်သားပွန်းဆွမ်းကို ဆက်ကပ်လေ၏။

ထိုကျောင်းဒါယကာ၊ ဆွမ်း ဒါယကာသည်ကား ပုထုဇဉ်ပုဂ္ဂိုလ် မဟုတ်၊ သောတာပန်ဖြစ်ပြီးသော အရိယာ ပုဂ္ဂိုလ်တည်း။

ဝက်သားပွန်းဆွမ်းကို ဘုဉ်းပေးတော်မူပြီး လွန်ကဲပြင်းထန်သော ရောဂါ ဝေဒနာ ကပ်ရောက်သည်ဖြစ်၍ ယခုကုလားများအခေါ် (ကုစိနဂရ)မာဂဓ ပါဠိဘာသာအားဖြင့် ကုသိနာရာမည်သော မြို့ငယ် သို့ ကြွမြန်းတော်မူ၏။

(ကုသိနာရုံမြို့နှင့် ပါဝါမြို့ကား (၃)ဂါဝုတ် ဝေးကွာ၏။ ယခုအခါ အသုံးပြုသော မိုင်အားဖြင့် (၈)မိုင် ဝေးကွာ၏။)

ပါဝါမြို့နှင့် ကုသိနာရုံမြို့အကြား (၂၅)ပါးသော ဌာနတို့၌ ထိုင်နေတော်မူ၍ ကြီးစွာသော လုံ့လကို ပြုတော်မူလျက် ကြွတော်မူလာခဲ့ရာ နေဝင်ဆဲအချိန် မြတ်စွာဘုရားသည် ကုသိနာရုံမြို့ငယ်သို့ ရောက်လာတော်မူ၏။ ရေမွတ်သိပ်တော်မူသည်ဖြစ်၍ (ကကုဓာ)မြစ်ရေကို ဆက်ကပ်ရလေ၏။ ထို့ကြောင့် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တောဝယ် အစုံသော အင်ကြင်းပင်တို့၏အလယ်ကြား၌ မြောက်အရပ်မျက်နှာသို့

ဦးခေါင်းပြု၍ ခင်းထားအပ်သော ညောင်စောင်းပေါ်၌ လျောင်းတော်မူလျက် (အမတသိဝ) နိဗ္ဗာန်နန်းသို့ ကြွမြန်း စံပယ်တော်မူပါသတည်း။

ကုသိနာရုံဟု ခေါ်ရကြောင်းကား မြို့ကို ဖန်ဆင်းတည်ထောင်ရာအခါ၌ နိမိတ်ကို ကြည့်ကြကုန်သော ပုဏ္ဏားတို့သည် သမန်းမြက်လက်ဆွဲသောသူကို တွေ့ရမြင်ကြကုန်၍ ဖန်ဆင်း တည်ထောင်ကြကုန်သောကြောင့် ကုသိနာရုံဟု ခေါ်ရလေသည်။

ယဿ မာပိတကာလေ နိမိတ္တမောလော

ကေန္တာဝပြဟ္မာဏာ ကုသဟတ္ထံ နရံ

ပဿိတွာ မာပေန္တိ တံကုသိနာရံ- ဟူသော အဘိဓာန်ဋီကာကို အမှီပြု၍ ဖော်ပြအပ်ပါသည်။

**ကျမ်းဂန်အညီ လင်္ကာစီ**

မြို့ကိုတည်မည်၊ ကြံရွယ်စည်က၊ နိမိတ္တကို၊ ကြည့်ကြကုန်သား၊ မောင်ပုဏ္ဏားတို့၊ ထင်ရှားမပျက်၊ သမန်းမြက်ကို၊ ဆွဲလျက်ကိုင်သူ၊ မြင်တုံမူ၍၊ စိတ်တူညီညာ၊ ဖန်ဆင်းရာကြောင့်၊ သညာသာဘိ၊ ပညတ္တိ၊ ကုသိနာ ဟုခေါ်။

ယခုတွေ့ကြုံ ဖူးမြင်ရပုံကား ကုသိနာရုံမြို့ကား ရှေးအခါ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော ဖြစ်ခဲ့ဖူးသော ကျယ်ပြန့်သော မြေမျက်နှာပြင်၌ ဗုဒ္ဓရှင်တော်ဘုရားသည် မချိမဆန့် အသည်းအသန် မလှုပ်မရှား ဆင်းရဲသော ဒုက္ခဝေဒနာ ခံစားနေရတော်မူပုံကို ပုံတူပြုလုပ်ထားသော (၁၄) တောင် အလျားရှိသော ရုပ်ပုံတော်မြတ်နှင့် ဂန္ဓကုဋိတိုက်တော်ကို ဦးစွာပထမ ဖူးမြင်ရလေလျှင် မရွှင်မပြ၊ ရင်တမမနှင့် ဘဝင်ဟာဒယ မကြည်လင်တော့ဘဲ မျက်ရည်စို့၍ ဝမ်းနည်းသံပိုကဲပြီး ငိုပွဲနှင့် ပူဇော်ပွဲ ဒွန်တွဲရောထွေးလျက်သာ ဖူးမြင်ရပါတော့၏။

ထိုမှတစ်ပါး သတ္တဝါ ပေါ်ယယ် အသွယ်သွယ်တို့ကို ကရုဏာတရား ရှေ့သွားထားလျက် အမြဲမပြတ် ဆုံးမတော်မူတတ်သော

ရှင်စောမြတ်စွာ ဘဂဝါ၏ ပရိနိဗ္ဗာန်ပြုတော်မူရာ ရုပ်ဌာနန္ဒ တည်ထားသောစေတီတော်ကြီးနှင့် အုတ်ကျောင်းဆောင်တော်ကြီးများ၊ စေတီတော်ပျက်ကြီးများကိုလည်းဖူးမြင်ရ၏။ ထိုမှတစ်ထွေ ပရိနိဗ္ဗာန်ပြုတော်မူရာ အင်ကြင်းတောကုန်းမြေပြင် ပထဗျာဌ ရှေးဟောင်းအုတ်တိုက်ဇရပ်နှင့် ယခုခေတ်အခါ ဆောက်လုပ်ထားအပ်သော ကုသိနာရုံ မည်သော သိမ်တော်ကြီးများ အနည်းငယ်သော အင်ကြင်းပင်နှင့် သရက်၊ သပြေ တစ်ထွေဥဿျစ် ပြန့်မြင့်ဝေလွင် ယင်းတိုက်ပင်တွေ ဝိုင်းအုံတည်နေသည်ကိုလည်း တွေ့မြင်ရ၏။ ထိုမှတစ်သွယ် ရေကြည်တော် သုံးဆောင်ရာ ဌာနဝယ် အုတ်ကျောင်းဆောင်တော်နှင့် (၄)တောင် ခန့်ရှိသော ရုပ်ပွားတော်တစ်ဆူ၊ အုတ်ဖြင့်ပြီးသော အဆောင်တော်ကိုလည်း ဖူးမြင်ရသေး၏။ ကကုဓာမြစ်၊ တိရညဝတီမြစ်တို့သည်ကား မူလအခြေကပင် သေးငယ်သော မြစ်များဖြစ်ကြသည် အားလျော်စွာ ယခုအမှာမူကား လယ်သမားတို့၏ လုံ့လပယောဂကြောင့် ပျက်စီးတိမ်ကောခြင်းသို့ ရောက်ကြလေပြီ။

## ယခုအမြင်– လင်္ကာဆင်

ပရိနိဗ္ဗာန်၊ ပြောင်းကြွစံရာ၊ တောယံသာတွင်း၊ ကုန်းတလင်းဌ၊ ဘုန်းမင်းထွတ်ချာ၊ ဝေဒနာကို၊ သည်းစွာခံစား၊ မချိအားဟု၊ များပြားဝေနေ၊ အထွေထွေကို၊ သံဝေဇမ္မ၊ ဖြစ်စေကြဖို့၊ ဘုရားပုံတူ၊ မြတ်တစ်ဆူနှင့်၊ ဗိုလ်လူများစွာ၊ ကြည်သဒ္ဓါဖြင့်၊ ပူဇော်ပြုရန်၊ ပြုစီမံအပ်၊ စေတီမြတ်ပင်၊ လျောက်ပတ်အုတ်ကျောင်း၊ သစ်ပင်ပေါင်းယှက်၊ ရွှေကျေးငှက်တို့၊ တွန်ချက်မြူးသံ၊ တညံညံကို၊ ဖန်ဖန်ကြားရ၊ ဤသို့စသား၊ လွမ်းဖွယ်များလှ၊ အဝဝကြောင့်၊ ဖူးရကြားရ၊ မနသဿတို့၊ စိတ်ကမကြည်၊ ဖြေမဆည်နိုင်၊ ခွေကာယိုင်လဲ၊ လွမ်းမိုးသဲသည်၊ အံ့အဲ သာလှတော့ပေတည်း။

❑

## မီးသဂြိုဟ်ရာ– မကုဋ

မယဉ်ကျေးသော လူ နတ် တိရစ္ဆာန် အတန်တန်တို့ကို အဖန်ဖန် အခါခါ ယဉ်ကျေးအောင်သော ဆုံးမတော်မူတတ်သော မြတ်စွာ ဘုရား၏အလောင်းတော် သရီရရုပ်ကလာပ်ကို ကခြင်းတစ်ထွေ သီချင်း တခြား တီးမှုတ်ခြင်းအစားစား ပန်းနံ့သာအများအပြားတို့ဖြင့် အရိ အသေ အလေးအမြတ် မြတ်နိုးတနာ ပူဇော်ကြကုန်၍ မြို့၏ မြောက် တံခါးဖြင့် မြောက်အရပ်သို့ ပင့်ဆောင်၍လည်းကောင်း၊ မြောက်တံခါး ဖြင့် မြို့တွင်းသို့သွား၍လည်းကောင်း၊ မြို့လယ်ဖြင့် မြို့လယ်သို့ ပင့်ဆောင်၍လည်းကောင်း၊ အရှေ့တံခါးဖြင့် ထွက်၍ မြို့၏ အရှေ့ မျက်နှာ၌ (မကုဋ ဗန္ဓန) မည်သော မလ္လာမင်းတို့၏ တန်ဆာဆင်ရာ မင်္ဂလာဇရပ်၌ မလ္လာမင်းတို့ မင်္ဂလာပြုရာ အရပ်ဟု ခေါ်ဝေါ်ကြ၏။

မကုဋ ဗန္ဓနံနာမ မလ္လာနံ စေတိယဋ္ဌိ

မလ္လာရာဇူနံ ပသာဒန မင်္ဂလ သာလာယ ဧတံနာမံ။

သုတ်မဟာဝါအဋ္ဌကထာ၊ မြတ်စွာဘုရား၏ အလောင်းတော် သရီရကို ချထားကြကုန်၏။ ထို့နောက် ကုသိနာရုံမြို့သား မလ္လာမင်း အများတို့သည် မြတ်စွာဘုရား၏ အလောင်းတော် သရီရကို အသစ် စက်စက်ဖြစ်သော အဝတ်အထည်ဖြင့် ရစ်ပတ်ပြီး၍ ညက်စွာ ဖတ်အပ် ပြီးသော ဝါဂွမ်းဖြင့် ရစ်ပတ်ကြကုန်ပြန်၏။ ညက်စွာဖတ်အပ်ပြီးသော ဝါဂွမ်းဖြင့် ရစ်ပတ်ပြီး၍ အသစ်စက်စက်ဖြစ်သော အဝတ်အထည်ဖြင့် ရစ်ပတ်ကြကုန်ပြန်၏။ ဤသို့သော အခြင်းအရာဖြင့် (၅၀၀)သော အဝတ်အထည်တို့ဖြင့် မြတ်စွာဘုရား၏ အလောင်းတော် သရီရကို ရစ်ပတ်ပြီး၍ ရွှေဖြင့်ပြုလုပ်အပ်သော ဆီထည့်သော အိုးခင်း၌ထည့်၍ ရွှေဖြင့်ပြုအပ်သော တစ်ခုသောအိုးခင်းဖြင့် ဖုံးပိတ်လျက် အလုံးစုံသော နံ့သာတို့၏ ထင်းအစုအပုံကို ပြုပြီး၍ မြတ်စွာဘုရား၏ အလောင်း တော် သရီရကို ထင်းပုံပေါ်သို့ တင်ကြကုန်တော့၏။

ထင်းပုံပေါ်သို့ တင်ပြီးသည်မှ နောက်ကာလ၌ ပါဝါမြို့မှ ကုသိနာရုံ မြို့သို့ ကြွလာကြသော ရဟန်းတော်(၅၀၀)တို့သည် လည်းကောင်း၊ တပည့်အကြီး အရှင်မဟာကဿပသည်လည်းကောင်း၊ လက်အုပ်ချီမိုးလျက် သုံးကြိမ်သုံးပတ် လက်ယာရစ်လည်သည်ကို ပြုကြ၍ ဦးခိုက်ရှိခိုးပြီးသော် ထင်းပုံထင်းစုသည် အလိုလို မီးတောက်လေတော့၏။

ဤအရာ၌ ထင်းပုံထင်းစုသည် အလိုလိုမီးတောက်၏ ဟူသောစကားကို မီးတောက်လောင်စေခြင်းငှာ လုံ့လပြုသော တစ်စုံတစ်ယောက်သောသူကို မမြင်ရခြင်းကိုဆို၏။ နတ်တို့၏ အာနုဘော်ကြောင့် တစ်ပြိုင်နက်တည်း တောက်လောင်၏ဟု မှတ်ယူရမည်။ မီးပူဇော်ပြီးရာ နောက်အခါ၌ ရွှေပုလဲစသည်နှင့် တူကုန်သော ဓာတ်တော်တို့သည် ကြွင်းကုန်၏။ အသက်ရှည်သော ရှင်တော်ဘုရားတို့၏ အလောင်းတော်သရီရဓာတ်သည်ကား မပြိုမကွဲဘဲ တစ်ခုတည်းသော ရွှေတုံး ရွှေခဲနှင့် တူသည်သာလျှင် ဖြစ်၏။

ဂေါတမနွယ်ဖွား ရှင်တော်ဘုရားသည်ကား အသက်တော်တိုသောကြောင့် အဆုံးအမ သာသနာတော်သည် ခပ်သိမ်းသော အရပ်၌ မပျံ့နှံ့သေး။ ထို့ကြောင့် ပရိနိဗ္ဗာန်စံလွန်တော်မူလေပြီးသော် ငါဘုရား၏ မုန်ညင်းစေ့အတိုင်း အရှည်ရှိသော ဓာတ်တော်ကို ယူဆောင်၍ မိမိ၏ နေရာအရပ်၌စေတီကို ပြု၍ လုပ်ကျွေးပူဇော် ဖူးမြော်သောလူများစွာသည် ကောင်းသောသူတို့၏ ခံစားရာဖြစ်သော နတ်ပြည်လျှင်လည်း လျောင်းရာ ရှိသည်ဖြစ်စေသတည်းဟု ဓာတ်တော်တို့၏ ပြန့်ကျဲခြင်းကို အဓိဋ္ဌာန်တော်မူ၏။ စွယ်တော်လေးဆူ၊ညှပ်ရိုးတော်နှစ်ဆူ၊ သင်းကျစ်တော်တစ်ဆူ၊ ဤခုနစ်ပါးသော ဓာတ်တော်တို့သည် မပြိုကွဲ မပြန့်ကျဲကြကုန်။ ထိုမှကြွင်းသောဓာတ်တို့သည် ပြိုကွဲပြန့်ကျဲကုန်၏။ အစိတ်စိတ် အမြွာမြွာဖြစ်ကုန်၏ဟူလို။ ထိုဓာတ်တော်တို့တွင် သေးငယ်သော ဓာတ်တော်သည် မုန်ညင်းစေ့အတိုင်းအရှည်ရှိ၏။ ကြီးသော ဓာတ်တော်

သည် အလယ်၌ကျိုးသော ဆန်လုံးအတိုင်းအရှည် ရှိ၏။ အလွန်ကြီးသော ဓာတ်တော်သည် အလယ်၌ကျိုးသော ပဲနောက်စေ့အတိုင်းအရှည် ရှိ၏။

ယခုတွေ့ကြုံ ဖူးမြင်ရပုံကား– ကုသိနာရုံမြို့ ပရိနိဗ္ဗာန်ပြုရာ အင်ကြင်းတောဝနာမှ အရှေ့မျက်နှာအရပ်သို့ သွားသော် တစ်မိုင်ခန့်ဝေးကွာသော အရပ်သို့ ရောက်လေလျှင် ထက်ဝန်းကျင်အရပ်မှ လယ်တို့ဖြင့် ဝန်းရံလျက်ရှိသော ကုန်းမြေမြင့်နေရာကို တွေ့မြင်ရ၏။ ထိုကုန်းမြေမြင့်နေရာကို သုတ်မဟာဝါ ပါဠိတော်၌ မကုဋဗန္ဓန မလ္လာမင်းတို့၏ပူဇော်ရာအရပ်ဟု ဟောတော်မူ၏။ ထိုဌာန၌ မြတ်စွာဘုရား၏အလောင်းတော် သရီရ ရုပ်ကလာပ်ကို မီးပူဇော်ကြကုန်၏။ မြတ်စွာဘုရား၏အလောင်းတော် သရီရ ရုပ်ကလာပ်ကို မီးပူဇော်ရာ ဌာနဝယ် တည်ထားအပ်သော လုံးပတ်တော် အတောင်၁၇၀–ခန့်၊ အမြင့် ၁၅–တောင်ခန့်ရှိ၍ အလယ်၌ ချိုင့်ကြီးဖြစ်နေသောစေတီတော်ကြီးကို ဖူးမြင်ရ၏။ ထိုစေတီတော်ကြီး၏အနီးအပါးကပ်လျက် အုတ်ကျောင်းဆောင်တော်ပျက်များကိုလည်း ဖူးမြင်ရသေး၏။ ယခုအခါ ထိုစေတီတော်ကြီးနှင့် အုတ်ကျောင်းဆောင်တော်ကြီးတို့၏ တည်ရာဌာနကို ဓာတ်တော်ကုန်းဟု ခေါ်ဝေါ်သမုတ်ကြလေသည်။

## အကျဉ်းဆောင်ဖွယ် လင်္ကာသွယ်

တောဇောဓာတ်မီး၊ လောင်မြိုက်ပြီးရာ၊ ထိုနေရာ၌၊ ပူဇာအမှု၊ ရှင်စွာပြုဖို့၊ အထုကြီးစွ၊ စေတီယနှင့်၊ တဝကျောင်းတော်၊ ရှုဖူးမြော်ရာ၊ ဝမ်းသာပါလည်း၊ မြတ်စွာမုနိ၊ သက်တော်ရှိကို၊ ကြည်ဘိသဒ္ဓါ၊ ရှိတိုင်းသာဖြင့်၊ ရံခါလေမျှ၊ မဖူးရကြောင့်၊ ယုတ်လှအဖြစ်၊ ကိုယ့်သနစ်ကို၊ စိစစ်တွေးကာ၊ ဝမ်းနည်းရာသည်၊ ဘယ်ခါသော်မှ၊ ကြုံမည်နည်း။

❑

## မစွန့်အပ်ရာ ရပ်လေးဖြာ

ဟောမိညောင်ပင်နှင့် ရွှေပလ္လင်တို့၏ တည်ရာအရပ်သည် မစွန့်အပ်သော အရပ်ဖြစ်၏။ တစ်ခုသော အရပ်၌သာလျှင် ဖြစ်၏။ တစ်ပါးသောအရပ်၌ ဖြစ်လေ့မရှိသောကြောင့် မစွန့်အပ်သော 'အဝိဇဟိတဌာန'ဟု ခေါ်ဝေါ်အပ်သည်။ ဓမ္မစကြာတရားကို ဟောတော်မူရာ မိဂဒါဝုန် တောဝနာသည်လည်းကောင်း၊ သိကြားစံရာ ဝတိံသာမှ ဆင်းသက်ကြွမြန်းတော်မူသောအခါ သင်္ကဿမြို့တော်ကြီး၏တံခါးအနီး၌ အောက်ဆုံးဖြစ်သော စောင်းတန်းလှေကားထစ်၌ ရပ်၍ထားအပ်သော လက်ယာခြေတော်၏တည်ရာ အရပ်သည်လည်းကောင်း၊ ဇေတဝန်ကျောင်းတိုက်ဝယ် ဂန္ဓကုဋိ၌ လေးချောင်းကုန်သော ညောင်စောင်းခြေတည်ရာအရပ်တို့သည် လည်းကောင်း၊ ခပ်သိမ်းဥဿုံ အလုံးစုံသော ဘုန်းတော်သခင် မြတ်ရှင်ပင်ပေါင်း မစွန့်ကောင်း မစွန့်အပ်သော 'အဝိဇဟိတဌာန'များဖြစ်ကုန်၏။ တစ်ပါးသောအရပ်၌ ဖြစ်လေ့မရှိ တစ်ခုသောအရပ်၌သာလျှင် ဖြစ်၏။

ထိုမှတစ်ပါး ဇေတဝန်ခေါ် ကျောင်းတိုက်တော်ကြီး၏ တည်ရာအရပ်သည်လည်း မစွန့်အပ် မစွန့်ကောင်း။ ကျောင်းတိုက်တော်သည်ကား ငယ်သည်လည်း ရှိ၏။ ကြီးသည်လည်း ရှိ၏။ အငယ်အကြီးကား မြဲသည်မဟုတ်၊ အကြင်အခါ မြို့သည် အရှေ့အရပ်၌ ဖြစ်အံ့။ ထိုအခါ ကျောင်းတိုက်သည် အနောက်အရပ်၌ ဖြစ်၏။ အကြင်အခါ မြို့သည် တောင်အရပ်၌ ဖြစ်အံ့။ ထိုအခါ ကျောင်းတိုက်သည် မြောက်အရပ်၌ ဖြစ်၏။ အကြင်အခါ မြို့သည် အနောက်၌ဖြစ်အံ့။ ထိုအခါ ကျောင်းတိုက်သည် အရှေ့အရပ်၌ ဖြစ်၏။ အကြင်အခါမြို့သည် မြောက်အရပ်၌ ဖြစ်အံ့။ ထိုအခါ ကျောင်းတိုက်သည် တောင်အရပ်၌ ဖြစ်၏။ ဂေါတမနွယ်ဖွား ရှင်တော်ဘုရား၏လက်ထက်တော်၌ သာဝတ္ထိမြို့တော်သည် မြောက်အရပ်၌ ဖြစ်၏။ ဇေတဝန်ကျောင်းတိုက်တော်သည် တောင်

အရပ်၌ ဖြစ်၏။ မြို့တော်တည်ရာသာလျှင် ပြောင်း၍ ကျောင်းတိုက်တော် တည်ရာသည်ကား မပြောင်းမရွှေ့ပါ။ ထို့ကြောင့် ဇေတဝန်ခေါ် ကျောင်းတိုက်တော်ကြီး၏ တည်ရာအရပ်သည် မစွန့်အပ် မစွန့်ကောင်းသော 'အဝိဇဟိတဌာန' ဖြစ်၏။

အပရာနိစတ္တာရိ အဝိဇဟိတ ဌာနာနိနာမ ဟောန္တိ။ သဗ္ဗဗုဒ္ဓါနဉ္စိ ဗောဓိ ပလ္လင်္ကော အဝိဇဟိတော ဧကသ္မိံ ယေဝဌာနေဟောတိ။ ဓမ္မစက္ကပ္ပဝတ္တနံဣသိပတနေ မိဂဒါယေ အဝိဇဟိတ မေဝ ဟောတိ။ ဒေဝေါရောဟန ကာလေ သင်္ကဿနဂရဒွါရေ ပဌမ ဂဏ္ဍိကာ အဝိဇဟိတာဝဟောတိ။ ဇေတဝနေဂန္ဓကုဋိယာ စတ္တာရိ မဉ္စပါဒဌာနာနိ အဝိဇဟိတာနေဝ ဟောန္တိ— အစရှိသော သုတ် မဟာဝါ အဋ္ဌကထာ ကျမ်းလာစကားကို အမှီပြု၍ ဖော်ပြအပ်ပါ သည်။

**မှတ်လွယ်ဆောင်လွယ် လင်္ကာသွယ်**

ဗောဓိညောင်ရွှေ၊ ပလ္လင်ဗွေနှင့်၊
ငါးထွေဝဂ္ဂီ၊ တရားဆီကို၊
သာကြည်တိုက်ရာ၊ မိဂဒါပြင်၊
လက်ယာခြေချ၊ သင်္ကဿဟု၊
မဉ္စညောင်စောင်း၊ ခြေလေးချောင်းတည်၊
ကျောင်းကုဋီကား၊ ပြောင်းသည်မရှိ၊
တည်မြဲဘိကြောင့်၊ မုနိမြတ်စွာ–စိန္တေယျာတို့၊
ဘယ်ခါမလပ်၊ မစွန့်အပ်ဟု၊
ကျမ်းမြတ်အများ၊ မိန့်ဖော်ကြားသည်၊
နောက်သားလူတို့ သိရာသော်။

❑

## သံဝေဇနိယ၊ လေးဌာန

အလောင်းမြတ် ဗောဓိသတ်ကို မီးရှူးသန့်စင် ဖွားမြင်တော်မူရာ 'လုမ္ဗိနီ'မည်သော မင်္ဂလာအင်ကြင်း ဥယျာဉ်တော်အရပ်ဌာနသည်

လည်းကောင်း၊ အလုံးစုံသော တရားတို့ကို သိတော်မူတတ်သော သဗ္ဗ ညုတဉာဏ်တော်မြတ်ကိုရတော်မူရာ 'ဗုဒ္ဓဂယာ' မည်သော ဗောဓိပင်နှင့် ရွှေပလ္လင်တော် ပေါက်ရာတည်ရာ အရပ်ဌာနသည်လည်းကောင်း၊ ကုသိနာရုံမြို့၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်အတွင်း ပရိနိဗ္ဗာန်ပြု တော်မူရာ အရပ်သည်လည်းကောင်း၊ ဓမ္မစက္ကပဝတ္တန သုတ်တော်ကို ဟောတော်မူရာ 'မိဂဒါဝုန်' မည်သော တောအရပ်သည် လည်းကောင်း၊ ရှုမြင်ခြင်းငှာထိုက်သော 'ဒဿနီယဋ္ဌာန' သံဝေဂရခြင်းကို ဖြစ်စေတတ် သော 'သံဝေဇနိယဋ္ဌာန' များ ဖြစ်သည်ဟု သုတ်မဟာဝါ ပါဠိတော်၌ ရှင်တော်ဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါသည်။

ရတနာသုံးပါး၌ ယုံကြည်ခြင်း သဒ္ဓါတရားနှင့် ပြည့်စုံကြကုန်သော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ သီတင်းသည်ယောကျ်ား၊ သီတင်း သည် မိန်းမတို့သည် အထက်၌ ဖော်ပြထားသော လေးဌာနသို့ လာ ရောက်၍ စေတီတော်ကို ဖူးမြော်ရကြကုန်စဉ် လမ်းခရီးကြား၌ ခန္ဓာကြွေလျော စုတေခြင်း သဘောသို့ ရောက်ကြကုန်အံ့။ အန္တရာယ်မရှိ သဖြင့် နတ်ပြည်၌ တည်ကြကုန်လတ့်ဟု ဟောတော်မူသည်။ ဤအရာ ၌ သဒ္ဓါတရားနှင့် ပြည့်စုံကြကုန်သော သူတို့ဟူသည် ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသောသူတို့ကို မဆိုလို၊ ရတနာ သုံးပါးတို့၌ သက်ဝင်ယုံကြည်သော စိတ်ရှိသောသူများကို ဆိုလိုသည်။

ဗုဒ္ဓါဒီသု တီသု ဝတ္ထုသု ပသန္နစိတ္တဿ၊ နကမ္မဖလသဒ္ဓါမတ္တေန။ သုတ်မဟာဝါဋီကာ သံဝေဂေါနာမ သဟောတ္တပ္ပ ဉာဏံ-ဟု ဋီကာ ဆရာ မိန့်ဆိုအပ်သည်နှင့်အညီ ကြောက်ရွံ့ထိတ်လန့်အပ်သော ဩတ္တပ္ပ တရားနှင့်တကွ ဖြစ်သော အသိပညာဉာဏ်သည် သံဝေဂ မည်၏။ ထိုထိုအရာ၌ သတိပြု၍ သံဝေဂ သဘောကို သိကြကုန်ရာ၏။

❑

## ဗုဒ္ဓမြွက်ဖော် ပါဠိတော်

စတ္တာရိမာနိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယာနိ သံဝေဇနီယာနိဋ္ဌာနာနိ။ ကတမာနိ စတ္တာရိ ဣဓ တထာ ဂတော ဇာတောတိ အနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ၊ ဣဓ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ အာနန္ဒသဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံဋ္ဌာနံ။ ဣဓတထာ ဂတေန အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတန္တိ အာနန္ဒသဒ္ဓဿ ကုလ ပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။ ဣဓ တထာဂတော အနုပါဒိသေသာယ နိဗ္ဗာန ဓာတုယာ ပရိနိဗ္ဗုတောတိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။ ဣမာနိခေါ အာနန္ဒစတ္တာရိ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယာနိ သံဝေ ဇနီယာနိ ဌာနာနိ။

## ဆောင်လွယ် မှတ်လွယ် လင်္ကာသွယ်

ဖွားတော်မူရာ၊ ရပ်ဌာနာနှင့်၊ သစ္စာလေးလီ၊ ခိုင်နှင်းဆီကို၊ မမှီဆရာ၊ ကိုယ်တိုင်သာလျှင်၊ သိရာအရပ်၊ အမွန်မြတ်သား၊ စက်တရားကို၊ စိန်ဓားပမာ၊ ထူးပညာဖြင့်၊ ဦးစွာဟောအပ်၊ တောအရပ်ပြင်၊ ပြည်မြတ်နိဗ္ဗာန်၊ ဝင်ကြွစံရာ၊ ရပ်ဌာနာဟု၊ သင်္ချာပိုင်းခြား၊ ထိုလေးပါးကား၊ ကြီးမားသဒ္ဓါ၊ ပြည့်စုံပါကြား၊ မျိုးကောင်းသားတို့၊ ကြွသွားရှုထိုက်၊ သံဝေဆိုက်ရန်၊ ကြောင်းဌာနံဟု၊ မြတ်မွန်ဇိနာ၊ ဟောမြွက်ဖြာသည်၊ နောင်လာသူများ သိစေသား။

❑

## အကြွင်းဌာန၊ ညွှန်းဖော်ပြ

ဖော်ပြအပ်ခဲ့ပြီးသော လောကတန်ဆောင် မြတ်ဘုန်းခေါင်၏ သီတင်းသုံးတော်မူရာ ဌာနမှတစ်ပါး စားကြပါ သောက်ကြပါ အစရှိသော ဆယ်ပါးသော အသံတို့၏ ရှိရာ ဖြစ်သောကြောင့်လည်းကောင်း၊

ကြို့ပင်များစွာရှိရာ ဖြစ်သောကြောင့် လည်းကောင်း၊ ကောသမ္ဗီ မည်သော မြို့တော်ကြီးငယ် ဃောသိတာရုံ မည်သော ကျောင်းတော်၊ အိမ်ခြေလူနေ များပြားလေသည်ဖြစ်၍ သုံးကြိမ် သုံးခါ ချဲ့အပ်သည်၏ အဖြစ်ကြောင့် 'ဝေသာလီ'မည်သော မြို့တော်ကြီးဝယ် မဟာဝုန်တော၌ စုလစ်မွန်းချွန် တတ်အပ်သော ဇရပ်တော် တန်ဆာဆင်ခြင်း၏ ရှိရာဖြစ်သောကြောင့်'အာဠဝီ'မည်သော မြို့တော်ကြီးဝယ် အာဠဝကဘီလူး၏နေရာဗိမာန် ရန်သူကို အောင်ခြင်း၊ လောက၏အပိုင်းအခြားကို လွန်ခြင်း စသည်တို့၌ စွမ်းနိုင်သည်၏ အဖြစ်ကြောင့် လည်းကောင်း စပါးထည့်ရာကျီကို ယူတတ်ကုန်သည်၏အဖြစ်ကြောင့် လည်းကောင်း၊ ကုသိုလ်တရားကို မေးတတ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ 'သက္က'မည်သောတိုင်း၊ ကပိလဝတ် နေပြည်တော်ဝယ် နိဂြောဓာရုံ ကျောင်းတော်၊'ကောသလ'မည်သော တိုင်းဝယ် အမျိုးမျိုးသော တောအုပ် မကောင်းမှုကို တားမြစ်ဆို့ပိတ်တတ်သည်၏အဖြစ်ကြောင့် ကုရု အမည်ရသော မင်းသားတို့၏နေရာ ကုရုတိုင်းဝယ် ကမ္မာသဒမ္မ နိဂုံး ဘုရားလောင်းမြတ် ဒေဝဒတ်တို့ ရေးကပ်ကမ္ဘာ ဖြစ်စဉ်ခါက ဦးစွာရန်စ ဖြစ်ရာသည်၏ အဖြစ်ကြောင့် 'ဝေရဉ္ဇာ'မည်သောမြို့ဌာန အစရှိသောအားဖြင့် များလှစွာသော ရှင်တော်ဗုဒ္ဓ၏ သီတင်းသုံးတော်မူရာ ဌာနပေါင်းများစွာတို့တွင် အချို့သော မြို့, ရွာ, နိဂုံး ကျောင်းတိုက်တော် ဌာနတို့သည်ကား ပျက်စီးကြလေကုန်ပြီ ဖြစ်သောကြောင့် လည်းကောင်း၊ အသွားအလာ ကိစ္စ ခက်ခဲလှသောကြောင့်လည်းကောင်း၊ ယခုအခါ ပေါ်လွင်ထင်ရှားသော ဌာနများကို ဖော်ပြသဖြင့် ဗုဒ္ဓရှင်တော်ဘုရားကို ကြည်ညိုနိုင်လောက်ပြီ ဖြစ်သောကြောင့်လည်းကောင်း၊ အချို့သောဌာနများကို ကိုယ်တွေ့မျက်မြင် မတွေ့မမြင်ရသောကြောင့် လည်းကောင်း၊ (ဝိတ္ထာရိယမာနံ ပနအနန္တံ အပရိမာဏံ)ဟူသော အဋ္ဌကထာ မြတ်ဆရာတို့ မြွက်ဖော်ကြားအပ် စကားရပ်နှင့်အညီ ချဲ့အပ်

သည်ရှိသော (ဝါ) ကျယ်လွန်းသည်ရှိသော အဆုံးအပိုင်းအခြား မရှိ၊ အတိုင်းအရှည် မရှိနိုင်သောကြောင့်လည်းကောင်း၊ (ဥပေက္ခိယန္တိ သဗ္ဗာ နိသိဿ ခေဒဘယာ မယာ)ဟူသော သုဗောဓါ လင်္ကာရဆရာ မိန့်ဆို လုစ်ဖြာ စကားဝါစာနှင့်အညီ စာရှုသူအပေါင်း သူတော်ကောင်းတို့၏ ညောင်းညာပင်ပန်း ကိုယ်စိတ်နွမ်းစေခြင်းကို ပယ်လိုသော ကြောင့် လည်းကောင်း၊ ကြွင်းမဲ့ဥသုံ အလုံးစုံသော ဗုဒ္ဓဌာနဟူသမျှကို မတင် မပြတော့ဘဲ ဤတွင်မျှဖြင့် ရပ်ဆိုင်းတန့်၍ မှတ်ပိုင်းအကန့်ကို အစ သတ် ဖြတ်လိုက်ပါစေတော့သတည်း။

❑

## အပြီးအဆုံး စီကာကုံး
## နိဂုံးဤဂါထာ

မြမ္မရဋ္ဌေခေတ္တရာတိ၊ နာမကေစိတြမာပိတေ
သဒ္ဓမ္မဇောတိကေရမ္မေ၊ ဝသန္တေန သိရိဓရေ
သာသနတ္ထံတေနသာရိ၊ ကဝိနံ စိတ္တတောသနီ
နိဋ္ဌိတာ ရစိတာဝေသာ၊ ဗုဒ္ဓဌာန ပကာသနီ။

မြမ္မရဋ္ဌေ–ဗမာ ကရင် ကချင် ဂျင်းဖော ရှမ်းပါနှော့လျက် ပြန့်ပြောအသီးသီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၌။ ခေတ္တရာတိ နာမကေ– ခေတ္တရာဟု ခေါ်ဝေါ်ပြုကြ နာမပြန့်လှိုင် ပြည်ခရိုင် အမည်ရှိသော။ စိတြမာပိတေ– ဈေးရုံဆိုင်ကြီး အသီးသီးဖြင့် မြင့်ဟီး လွန်စီ မြို့ရွှေတည်၌။ ရမ္မေ– နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိသော။ သိရိဓရေ– ဗုဒ္ဓမြတ်စွာ သာသနာ၏ ရောင်ဝါအသရေ ဆောင်ပေထ သော။ သဒ္ဓမ္မ ဇောတိကေ–သူတော်ကောင်းတရား စည်ကားထွန်း ပြောင် နေတန်ဆောင်သို့ အမှောင်ပယ်ရှောင်း သဒ္ဓမ္မဇောတိကာရုံ ကျောင်း၌။ ဝသန္တေန– လေးပါးဣရိယာ သာယာရွှင်ပျော် နေထိုင် တော်မူသော တေန ပရိယတ္တိ သာသနာဟိတ မူလဓမ္မာစရိယနှင့်

ဆဌသံဂီတိ ပါဠိ ဝိသောဓကေ ဘွဲ့မည်ရသော ဆရာတော် ဦးသုမင်္ဂလ အမည်ရှိသော ထိုမထေရ်သည်။ သာသနတ္တံ– သာသနာအကျိုး ရည်မျှော်ကိုး၍ ပွားတိုးစေရာ များစွာ အကျိုးငှာ။ ရစိတာ– ရေးသားပြုပြင်စီရင်အပ်သော။ သာရီ–သာရနှစ်ဆီ ပြည့်စုံညီသား။ ကဝိနံ– လောကသံသာ နှစ်ဖြာမြော်မြင် ပညာရှင်တို့၏။ စိတ္တတောသနီ– စိတ်နှလုံးကိုရွှင်ပြုံး နှစ်သက်စေတတ်သော။ သော ဗုဒ္ဓဉာနပကာသနီ– ဗုဒ္ဓဉာန ပကာသနီ သညီခေါ်မှန်း လွန်တင့်ဆန်းသည့် ထိုကျမ်းစာသည်။ နိဋ္ဌိတာ– ပြီးဆုံး မသွေ ရောက်ရပါပေပြီ။

**ဤတွင် ဗုဒ္ဓဉာန ပကာသနီ**

**အပြီးသတ်ပါပြီ။**

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

ပဲခူးတိုင်း သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်
ဘုကြီးမဟာစည်သာသနာ့ရိပ်သာ တရားစခန်းများတွင်
ဟောကြားအပ်သော တရားပရိုက်နှင့် အလုပ်ပေးတရားတော်

## မဟာစည်ကန်တော့ချိုး

ဩကာသ ဩကာသ ဩကာသ၊ ကာယကံ ဝစီကံ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာဖြစ်ပါစေခြင်း အကျိုးငှာ ဘုရားရတနာ တရားရတနာ သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါး၊ ဆရာသမားတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

(ဆုပေးသူရှိက ဤနေရာတွင် ရပ်ထားပါ။ ဆုပေးသူမရှိက ဆက်ဆိုရန်)

ကန်တော့ရသော ကောင်းမှုကံ စေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး၊ အနာရောဂါမျိုး ကိုးဆယ့်ခြောက်ပါး၊ မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်သာဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို လျင်မြန်စွာ ရပါလို၏ အရှင်ဘုရား။

## ရှစ်ပါးသီလတောင်း (ပါဠိ–အနက်)

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(ဒုတိယမ္ပိ– တတိယမ္ပိ) အဟံ ဘန္တေ (ဆက်ဆိုပါ)

**ဘန္တေ**–အရှင်မြတ်ဘုရား။ **အဟံ**–တပည့်တော်သည်။ **တိသရဏေ န**–သရဏဂုံသုံးပါးနှင့်။ **သဟ**– တကွ။ **အဋ္ဌင်္ဂသမန္နာဂတံ**– အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော။ **ဥပေါသထသီလံ**–ဥပုသ်သီလဟု ဆိုအပ်သော။ **ဓမ္မံ**– ကျင့်ဝတ်သီလသိက္ခာပုဒ်တော်ကို။ **ယာစာမိ–** တောင်းပန်ပါ၏ အရှင်ဘုရား။ **ဘန္တေ**–အရှင်ဘုရား။ **မေ**–တပည့်တော်အား။ **အနုဂ္ဂဟံ**– ချီးမြှောက်ခြင်းကို။ **ကတွာ**– ပြု၍။ **သီလံ**– ရှစ်ပါးသီလကို။ **ဒေထ**– ပေးသနားတော်မူပါ အရှင်ဘုရား။

**ဒုတိယမ္ပိ**– နှစ်ကြိမ်မြောက်လည်း။

**တတိယမ္ပိ**– သုံးကြိမ်မြောက်လည်း၊---(ဆက်ဆိုလေ)

## ဘုရားရှိခိုးပါဠိအနက်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

(သုံးခေါက်ဆိုပါ)

**ဘဝတော–** ဘဝဂါဂုဏ်တော်ရှင် ဖြစ်တော်မူထသော။ **အရဟ တော**– အရဟံဂုဏ်တော်ရှင် ဖြစ်တော်မူထသော။ **သမ္မာသမ္ဗုဒ္ဓဿ**– သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ရှင် ဖြစ်တော်မူထသော။ **တဿဘဂဝတော**– ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာ ဘုရားရှင်အား။ **နမော**– ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင် ဘုရား။

## သစ္စပဋိဝေဓသရဏဂုံ ဆောက်တည်ရန် ပါဠိအနက်

စတုသစ္စပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

စတုသစ္စပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

စတုသစ္စပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(ဒုတိယမ္ပိ– တတိယမ္ပိ) စတုသစ္စပရိယန္တံ (ဆက်ဆိုပါ)

**ဘန္တေ**– အရှင်ဘုရား။ **အဟံ**– တပည့်တော်သည်။ **စတုသစ္စ**

**ပရိယန္တံ**– ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟု ဆိုအပ်သော သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထိုးထွင်း၍ သိမြင်သည့်တိုင်အောင်။ **ဗုဒ္ဓံ**– မြတ်စွာဘုရားကို။ **သရဏံ**– ကိုးကွယ်ရာဟူ၍။ **ဂစ္ဆာမိ**–ကိုးကွယ်ဆည်းကပ် သိမှတ်ပါ၏ ဘုရား။ **ဓမ္မံ**– မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကို။ **သရဏံ**– ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**– ကိုးကွယ်ဆည်းကပ် သိမှတ်ပါ၏ဘုရား။ **သံဃံ**– မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန် ပရမတ် အရိယာ သံဃာတော် အရှင်မြတ်နှင့်တကွ ယခုရှိတော်မူကြသော သမ္မုတိ သံဃာတော်အရှင်မြတ်အပေါင်းကို။ **သရဏံ**–ကိုးကွယ်ရာ ဟူ၍။ **ဂစ္ဆာမိ**– ကိုးကွယ်ဆည်းကပ် သိမှတ်ပါ၏ဘုရား။

(ဒုတိယမ္ပိ– တတိယမ္ပိ) ဆက်ဆိုလေ။

## သိက္ခာပုဒ်ရှစ်ပါး ဆောက်တည်ရန် ပါဠိ–မြန်မာ

၁။ **ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ**

သူ့အသက်လည်း မသတ်ဘဲ အမြဲရှောင်ကြဉ်မည်၊ ရှောင်ကြဉ်လို့ပဲ နိဗ္ဗာန်လည်း မလွဲရောက်လို၏။

၂။ **အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ**

သူ့ဥစ္စာလဲ မခိုးဘဲ အမြဲရှောင်ကြဉ်မည်၊ ရှောင်ကြဉ်လို့ပဲ နိဗ္ဗာန်လည်း မလွဲရောက်လို၏။

၃။ **အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ**

မေထုန်မှုလည်း မပြုဘဲ အမြဲရှောင်ကြဉ်မည်၊ ရှောင်ကြဉ်လို့ပဲ နိဗ္ဗာန်လည်း မလွဲရောက်လို၏။

၄။ **မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ**

မမှန်တာလဲ မပြောဘဲ အမြဲရှောင်ကြဉ်မည်၊ လိမ်ညာ၍လည်း မပြောဘဲ အမြဲရှောင်ကြဉ်မည်။ ရှောင်ကြဉ်လို့ပဲ နိဗ္ဗာန်လည်း မလွဲရောက်လို၏။

၅။ **သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ**
သေ (ထန်းရည်) အရက်လည်း မသောက်ဘဲ အမြဲရှောင်ကြဉ်မည်။ မူးယစ်ဆေးလည်း မသုံးဘဲ အမြဲရှောင်ကြဉ်မည်၊ ရှောင်ကြဉ်လို့ပဲ နိဗ္ဗာန်လည်း မလွဲရောက်လို၏။

၆။ **ဝိကာလဘောဇနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ**
နေ့လွဲစာလည်း မစားဘဲ အမြဲရှောင်ကြဉ်မည်၊ ရှောင်ကြဉ်လို့ပဲ နိဗ္ဗာန်လည်း မလွဲရောက်လို၏။

**နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရ ဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ**
ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းနှင့် ကြည့်ရှုနားထောင်ခြင်းလည်း မပြုဘဲ အမြဲရှောင်ကြဉ်မည်၊ ပန်းပန်ခြင်းနှင့် နံ့သာလိမ်းကျံ ပြုပြင်ရန်လည်း မပြုဘဲ အမြဲရှောင်ကြဉ်မည်၊ ရှောင်ကြဉ်လို့ပဲ နိဗ္ဗာန်လည်း မလွဲရောက်လို၏။

**ဥစ္စာသယန မဟာသယနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ**
မြင့်မြတ်နေရာ မနေပါဘဲ သူတော်နဲ့ အမြဲရှောင်ကြဉ်မည်၊ ရှောင်ကြဉ်လို့ပဲ နိဗ္ဗာန်လည်း မလွဲရောက်လို၏။
(ဤ၌ သူတော်နဲ့ဟူသည် သူတော်ကောင်းတို့၏ နည်းအတိုင်း အမြဲရှောင်ကြဉ်မည်ဟု ဆိုလိုပါသည်၊ ရှေးအသုံးက နည်းကိုနဲ့ဟု သုံးသည်။ ဤ၌လည်း နည်းကိုပင် နဲ့ဟု ကာရံကိုက်အောင် ရှေးအသုံးလိုက်၍ နဲ့ဟုသုံးလိုက်ခြင်းပင် ဖြစ်ပါသည်။)

**ကာမေသု မိစ္ဆာစာရာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ**
ကာမဂုဏ်လဲ မမှားဘဲ အမြဲရှောင်ကြဉ်မည်၊ သူ့အိမ်ရာလည်း မလွန်ဘဲ အမြဲရှောင်ကြဉ်မည်၊ ရှောင်ကြဉ်လို့ပဲ နိဗ္ဗာန်လည်း မလွဲရောက်လို၏။

**ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ**

ရွှေငွေ အသပြာ(ပိုက်ဆံများ)လည်း မကိုင်ဘဲ အမြဲရှောင်ကြဉ်မည်၊
ရှောင်ကြဉ်လို့ပဲ နိဗ္ဗာန်လည်း မလွဲရောက်လို၏။

## ပေါင်းရုံးဆုတောင်းရန် ပါဠိအနက်

ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။

**ဘန္တေ**– အရှင်မြတ်ဘုရား။ **မေ**– တပည့်တော်၏။ **ဣဒံပုညံ**– ဤသို့ ယနေ့ယခု လှူဒါန်းရသော ဒါနကောင်းမှု၊ ဆောက်တည်ရသော သီလကောင်းမှု၊ ပွားများရသော ဘာဝနာကောင်းမှု အစုစုသည်။ **အာသဝက္ခယာ ဝဟံ**–အာသဝေါတရားလေးပါးတို့၏ ကင်းရာ ကုန်ရာ ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ပေါက်ရောက်အောင် ဆောင်ရွက်နိုင်သည်။ **ဟောတု**– ဖြစ်ပါစေသတည်း။

ယခု ဆောက်တည်ပြီးသော သရဏဂုံသည် သစ္စာလေးပါးကို ထိုးထွင်း၍ သိမြင်သည့်တိုင်အောင် ဆောက်တည်သော သစ္စပဋိဝေဓ သရဏဂုံ ဖြစ်သည်။

သစ္စာလေးပါး သိခြင်းဟူသည်–

၁။ ပရိယတ်သိ – သင်ကြားနာကြားလို့ သိခြင်း၊

၂။ ပဋိယတ်သိ – ဝိပဿနာ ရှုမှတ် ပွားများလို့ သိခြင်း၊

၃။ ပဋိဝေဓသိ – မဂ်ဉာဏ်ရလို့ သိခြင်းဟု သုံးမျိုးရှိ၏။

**လင်္ကာဆို**– ပရိယတ်သိ၊ ပဋိပတ်သိနှင့်၊ ပဋိဝေဓ သိပါ၊ သိသုံးဖြာ၊ သစ္စာသိရမှာ။

**ပရိယတ်သိလင်္ကာ**– ဒုက္ခ, သမုဒယ၊ နိရောဓနှင့် မဂ္ဂတစ်ဖြာ၊ လေးသစ္စာ၊ ယောဂီသိရမှာ။

၁။ ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာတည်း။

၂။ သင်္ခါရတွင်၊ အကောင်းထင်၊ ခင်မင်သမုဒယ သစ္စာတည်း။

၃။ ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်တည်း။

၄။ ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ပေတည်း။

**ပဋိပတ်သိလက်ာ–** ပွား–သိ–ပယ်–ဆိုက်၊ လေးပါးကိုက်၊ အမြိုက် နိဗ္ဗာန်ဝင်။

၁။ ရှုမှတ်ပွားများတာ၊ မဂ္ဂသစ္စာပါ။

၂။ ရှုမှတ်ပွားများတဲ့အခါ၊ ဝေဒနာတွေဖြစ်နေတာ၊ ဒုက္ခသစ္စာပါ။

၃။ ဝေဒနာတွေ ဖြစ်နေတော့ နှစ်သက်မှု လိုချင်မှု ငြိမ်းနေတာ၊ သမုဒယသစ္စာ ပယ်တာပါ။

၄။ ဒုက္ခသမုဒယ ချုပ်ငြိမ်းနေတာ၊ နိရောဓသစ္စာပါ။

**ပဋိဝေဓသိလက်ာ–** ၁။ အရှုခံတရားက ဒုက္ခသစ္စာပါ၊
၂။ ရှုဉာဏ်များက မဂ္ဂသစ္စာ၊
၃။ ပယ်ပြီးတာက သမုဒယသစ္စာ၊
၄။ ချုပ်ငြိမ်းတာက နိရောဓသစ္စာ၊

အဲဒါ ပဋိဝေဓ သိတဲ့ သစ္စာလေးပါးပါ။

အဲဒါ အရိယာတို့ သိအပ်တဲ့ သစ္စာလေးပါးပါ။

**အရိယသစ္စာလေးပါးဟူသည်–** ၁။ ဒုက္ခအရိယသစ္စာ၊
၂။ သမုဒယအရိယသစ္စာ၊
၃။ နိရောဓအရိယသစ္စာ၊
၄။ မဂ္ဂအရိယသစ္စာ

ဟု လေးမျိုးမှတ်ထားပါ၊ သစ္စာလေးပါးကို ပဋိပတ်သိ သိအောင် ဝိပဿနာ ရှုမှတ်ပွားများ အားထုတ်ရမည်။

**ရှေးဦးစွာ ဗုဒ္ဓါနုဿတိဘာဝနာပွား၍ ဗုဒ္ဓကို ရှိခိုးရမည်။**

(၁) အရဟံ၊ (၂) သမ္မာသမ္ဗုဒ္ဓေါ၊ (၃) ဝိဇ္ဇာစရဏသမ္ပန္နော၊ (၄) သုဂတော၊ (၅) လောကဝိဒူ၊ (၆) အနုတ္တရောပုရိသဒမ္မသာရထိ၊ (၇) သတ္ထာဒေဝ မနုဿာနံ၊ (၈) ဗုဒ္ဓေါ၊ (၉) ဘဂဝါ၊

ဣတိ ဗုဒ္ဓဂုဏ သမ္ပန္နံ အဟံ ဝန္ဒာမိ။

**ထို့နောက် ဓမ္မနုဿတိဘာဝနာပွား၍ ဓမ္မကို ရှိခိုးရမည်။**

(၁) သွာက္ခာတော ဘဂဝတာဓမ္မော၊ (၂) သန္ဒိဋ္ဌိကော၊ (၃) အကာလိကော၊ (၄) ဧဟိပဿိကော၊ (၅) ဩပနေယျိကော၊ (၆) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

ဣတိ ဓမ္မဂုဏာ သမ္ပန္နံ အဟံ ဝန္ဒာမိ။

**ထို့နောက် သံဃာနုဿတိဘာဝနာပွား၍ သံဃာကို ရှိခိုးရမည်။**

(၁)သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ (၂)ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ (၃)ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ (၄)သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ (အကြောင်းဂုဏ်လေးပါးလို့ မှတ်ပါ) ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ ဧသဘဂဝတော သာဝကသံဃော၊(၅) အာဟုနေယျော၊ (၆) ပါဟုနေယျော၊ (၇) ဒက္ခိနေယျော၊ (၈) အဉ္ဇလိကရဏီယော၊ (၉) အနုတ္တရံ ပုညက္ခေတ္တံ လောကဿ၊ ဣတိ သံဃဂုဏာ သမ္ပန္နံ အဟံ ဝန္ဒာမိ။

## အတ္တ–ပိယ–မၛ္ဈတ္တ–ဝေရီ ပုဂ္ဂိုလ်လေးမျိုး မေတ္တာပွားရန်

**အတ္တကို မေတ္တာပွားရန်–** ငါသည် ရန်ကင်းပါစေ၊ စိုးရိမ်ခြင်းကင်းပါစေ၊ ဆင်းရဲခြင်းကင်းပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ပါစေ။

**ပိယကို မေတ္တာပွားရန်–** ချစ်ခင်အပ်သော ပိယပုဂ္ဂိုလ်တို့သည် ရန်ကင်းပါစေ၊ စိုးရိမ်ခြင်း ကင်းကြပါစေ၊ ဆင်းရဲခြင်းကင်းကြပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

**မၛ္ဈတ္တကို မေတ္တာပွားရန်–** မချစ်လွန်း မမုန်းလွန်းသော အလယ်

အလတ်၌ တည်သော မဇ္ဈတ္တပုဂ္ဂိုလ်တို့သည် ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်းကင်းကြပါစေ၊ ဆင်းရဲခြင်းကင်းကြပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

**ဝေရီကို မေတ္တာပွားရန်–** ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်တို့သည် ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်းကင်းကြပါစေ၊ ဆင်းရဲခြင်းကင်းကြပါစေ၊ မိမိ ကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

## ယုံကြည်ခံယူချက်

**အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိ ဇရာ ဗျာဓိ မရဏမှာ ပရိမုစ္စိဿာမိ။** (သုံးခေါက်ဆိုပါ)

ဤဝိပဿနာအကျင့်မြတ်ဖြင့် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားမှ ကင်းလွတ်ရတော့မည်။

## ခန္ဓာကိုယ်ကို ဘုရားလှူထားရန်

တပည့်တော်၏ ခန္ဓာကိုယ်ကို တရားရှုမှတ်နေသော နာရီအတွင်း မြတ်စွာဘုရားအား လှူဒါန်းပါ၏ အရှင်ဘုရား။
(သုံးခေါက်ဆိုပါ)

## နေရာရွေးထိုင်ရန်

၁။ ဆိတ်ငြိမ်ရာတွင်၊ ချဉ်းကပ်ဝင်၊ အလျင်ရှုကာပွား။
၂။ တောနှင့်သစ်ပင်၊ ကျောင်းခမ်းတွင်၊ အသင်ကြိုက်ရာသွား။

## ထိုင်ပုံထိုင်နည်း

၁။ တင်ပျဉ်ခွေကာ၊ ထိုင်နေပါ၊ ခါးမှာဖြောင့်အောင်ထား။
၂။ ကျုံ့ကျုံ့နေကာ၊ ထိုင်နေပါ၊ ခါးမှာဖြောင့်အောင်ထား။
၃။ ဝဲလက်ပေါ်တွင်၊ ယာလက်တင်၊ ရင်ခွင်ထက်မှာထား။

၄။ ဝဲလက်ပေါ်တွင်၊ ယာလက်တင်၊ တင်ပျဉ်ထက်မှာထား။
၅။ မလှုပ်ကလွန်၊ ငြိမ်ငြိမ်နေ၊ စိတ်တွေမလွင့်ပါး။
၆။ မျက်စိမှိတ်ကာ၊ ခေါင်းတည့်ပါ၊ ဝမ်းမှာစိတ်ကိုထား။
၇။ မျက်စိမှိတ်ကာ၊ ခေါင်းတည့်ပါ၊ စိတ်မှာ နှာဝထား။

## ရှုမှတ်ပုံ ရှုမှတ်နည်း

၁။ ဖောင်းတာပိန်တာ၊ စိတ်စိုက်ကာ၊ မှတ်ပါယောဂီများ။
၂။ ဝင်တာထွက်တာ၊ စိတ်စိုက်ကာ၊ မှတ်ပါယောဂီများ။
၃။ မနှေးမမြန်၊ ဖောင်းပိန်ဟန်၊ မှတ်ပြန်သတိထား။
၄။ မနှေးမမြန်၊ ဝင်ထွက်ဟန်၊ မှတ်ပြန်သတိထား။
၅။ စလယ်အဆုံး၊ သုံးပါးလုံး၊ သိမ်းကြုံးသိအောင်ပွား။
၆။ ဖောင်းရပ်ပိန်ရပ်၊ ငြိမ်မလှုပ်၊ ပျောက်ချုပ်သတိထား။
၇။ ဝင်ရပ်ထွက်ရပ်၊ ငြိမ်မလှုပ်၊ ပျောက်ချုပ်သတိထား။

## လမ်းစဉ်သုံးသွယ်တရားတော်

**မြုပ်လမ်း၊ မျောလမ်း၊ ဆန်လမ်းသုံးသွယ်၊**
**ဘယ်လမ်းစဉ်ကြိုက်၊ မေးလိုက်ပါတယ်။**

(က) မြုပ်လမ်းဆိုတာက– အကုသိုလ်ဆယ်ပါး၊ ဒုစရိုက်တရားပါ။

**အကုသိုလ်ဆယ်ပါးကား**

၁။ **ပါဏာတိပါတာ** – သူ့အသက်သတ်တာ မြုပ်လမ်းလို့ မှတ်ပါ။
၂။ **အဒိန္နဒါန** – သူ့ဥစ္စာကို ခိုးယူတာ မြုပ်လမ်းလို့ မှတ်ပါ။
၃။ **ကာမေသုမိစ္ဆာစာရ** – သူ့အိမ်ရာကို လွန်ကျူးတာ မြုပ်လမ်းလို့ မှတ်ပါ။

အဲဒါ ကာယကံ အကုသိုလ် ဒုစရိုက်သုံးပါးပါ။

၄။ **မုသာဝါဒ** – မမှန်တာကို ပြောတာ မြုပ်လမ်းလို့ မှတ်ပါ။

၅။ **ပိသုဏဝါစာ** – ကုန်းတိုက်သောစကားကို ပြောတာ မြုပ်လမ်းလို့မှတ်ပါ။

၆။ **ဖရုသဝါစာ** – ကြမ်းတမ်းသောစကားကို ပြောတာ မြုပ်လမ်းလို့ မှတ်ပါ။

၇။ **သမ္ဖပ္ပလာပဝါစာ** – အကျိုးမဲ့ကို ပြောတာ မြုပ်လမ်းလို့ မှတ်ပါ။

အဲဒါ ဝစီကံ အကုသိုလ် ဒုစရိုက်လေးပါးပါ။

၈။ **အဘိဇ္ဈာ** – သူ့စည်းစိမ်ကို ရလိုသမှု ရေးရှု ကြံစည်တာ မြုပ်လမ်းလို့ မှတ်ပါ။

၉။ **ဗျာပါဒ** – သူတစ်ပါးရဲ့အသက်နဲ့ စည်းစိမ်ကို ပျက်စီးစေလိုတာ မြုပ်လမ်းလို့ မှတ်ပါ။

၁၀။ **မိစ္ဆာဒိဋ္ဌိ** – မှားသောအယူရှိတာ မြုပ်လမ်းလို့ မှတ်ပါ။

အဲဒါ မနောကံ အကုသိုလ် ဒုစရိုက်သုံးပါးပါ။

(ခ) မျောလမ်းဆိုတာက– သုစရိုက်ကုသိုလ်ဆယ်ပါးနှင့် ပုညကြိယာများပါ။

**သုစရိုက်ကုသိုလ်ဆယ်ပါးကား**

၁။ **ပါဏာတိပါတဝိရတိ** – သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်တာ မျောလမ်းလို့ မှတ်ပါ။

၂။ **အဒိန္နာဒါနဝိရတိ** – သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်တာ မျောလမ်းလို့ မှတ်ပါ။

၃။ **ကာမေသုမိစ္ဆာစာရ** – သူ့အိမ်ရာကို လွန်ကျူးခြင်းမှရှောင်

**ဝိရတီ** ကြဉ်တာ မျောလမ်းလို့ မှတ်ပါ။

အဲဒါ ကာယကံ ကုသိုလ် သုစရိုက်သုံးပါးပါ။

၄။ **မုသာဝါဒဝိရတီ** – မမှန်တာကို ပြောခြင်းမှ ရှောင်ကြဉ်တာ မျောလမ်းလို့ မှတ်ပါ။

၅။ **ပိသုဏာဝါစာဝိရတီ** – ကုန်းတိုက်သောစကားကို ပြောခြင်းမှ ရှောင်ကြဉ်တာ မျောလမ်းလို့ မှတ်ပါ။

၆။ **ဖရုသဝါစာဝိရတီ** – ကြမ်းတမ်းသောစကားကို ပြောခြင်းမှ ရှောင်တာ မျောလမ်းလို့ မှတ်ပါ။

၇။ **သမ္ဖပ္ပလာပဝါစာဝိရတီ** – အကျိုးမဲ့ကို ပြောခြင်းမှ ရှောင်ကြဉ်တာ မျောလမ်းလို့ မှတ်ပါ။

အဲဒါ ဝစီကံ ကုသိုလ် သုစရိုက်လေးပါးပါ။

၈။ **အနဘိဇ္ဈာ** – သူ့စည်းစိမ်ကို ရလိုသမှု ရှေးရှုမကြံစည်တာ မျောလမ်းလို့ မှတ်ပါ။

၉။ **အဗျာပါဒ** – သူတစ်ပါးရဲ့အသက်နဲ့ စည်းစိမ်ကို မပျက်စီးစေလိုတာ မျောလမ်းလို့ မှတ်ပါ။

၁၀။ **သမ္မာဒိဋ္ဌိ** – မှန်သောအယူရှိတာ မျောလမ်းလို့ မှတ်ပါ။

အဲဒါ မနောကံကုသိုလ် သုစရိုက်သုံးပါးပါ။

❑

**ပုညကြိယာဆယ်ပါးကား**

၁။ **ဒါန** – လှူဒါန်းပေးကမ်း စွန့်ကြဲတာ မျောလမ်းလို့ မှတ်ပါ။

၂။ **သီလ** – ဆောက်တည်စောင့်ရှောက်တာ မျောလမ်း လို့ မှတ်ပါ။

၃။ **ဘာဝနာ** – သမထဘာဝနာ ပွားများတာ မျောလမ်း လို့ မှတ်ပါ။

၄။ **အပစာယန** – အရိုအသေပြုတာ မျောလမ်း လို့ မှတ်ပါ။

၅။ **ဝေယျာဝစ္စ** – ကောင်းသောအမှုကြီးငယ် ပြုလုပ်တာ မျောလမ်းလို့ မှတ်ပါ။

၆။ **ပတ္တိဒါန** – ရရှိတဲ့ကုသိုလ်အဖို့ကို အမျှပေးဝေတာ မျောလမ်း လို့ မှတ်ပါ။

၇။ **ပတ္တာနုမောဒန** – ဝမ်းမြောက်နှမော် သာဓုခေါ်တာ မျောလမ်း လို့ မှတ်ပါ။

၈။ **ဓမ္မဿဝန** – တရားနာတာ မျောလမ်းလို့ မှတ်ပါ။

၉။ **ဓမ္မဒေသနာ** – တရားဟောတာ မျောလမ်းလို့ မှတ်ပါ။

၁၀။ **ဒိဋ္ဌိဇုကမ္မ** – အယူဖြောင့်တာ မျောလမ်းလို့ မှတ်ပါ။

အဲဒါ ပုညကြိယာဆယ်ဖြာ မျောလမ်းလို့ မှတ်ပါ။

(ဂ) ဆန်လမ်းဆိုတာက ဝိပဿနာတရား ဉာဏ်ဆယ်ပါးပါ။

**ဝိပဿနာတရားကား**

ကာယ–ဝေဒနာ–စိတ္တ–ဓမ္မ–လေး၀ သတိပဋ္ဌာန်ဝိပဿနာပါ။

၁။ ကိုယ်ကာယကို ရှုမှတ်တာ ကာယာနုပဿနာပါ။

၂။ ဝေဒနာကို ရှုမှတ်တာ ဝေဒနာနုပဿနာပါ။

၃။ စိတ်ဖြစ်တိုင်းကို ရှုမှတ်တာ စိတ္တာနုပဿနာပါ။

၄။ သဘောတရားကို ရှုမှတ်တာ ဓမ္မာနုပဿနာပါ။

**(၁) ကိုယ်ကာယကို ရှုမှတ်ပုံကား**

**ယထာ ပါကဋ္ဌံ အဘိနိဝေသော**–ဟူသော ဒေသနာတော်အရ ခန္ဓာကိုယ်မှာ ထင်ရှားတဲ့ လေရှူတာ ရှိုက်တာ ရှိပါတယ်။

- နှာခေါင်းက လေရှူလိုက်တော့ ဝမ်းဗိုက်ဟာ ဖောင်းတက်လာတယ်။ အဲဒီလို ဖောင်းလာတာကို **'ဖောင်းတယ်လို့မှတ်'**
- နှာခေါင်းက လေရှူထုတ်လိုက်တော့ ဝမ်းဗိုက်ဟာ ပိန်ကျသွားတယ်။ ပိန်ကျသွားတာကို **'ပိန်တယ်လို့မှတ်'**
- လေရှူတိုင်း ရှိုက်တိုင်း ဝမ်းဗိုက်ဟာ ဖောင်းလိုက် ပိန်လိုက်နဲ့ ဖြစ်နေတယ်။ အဲဒီဖောင်းတာ ပိန်တာကိုပဲ **'ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်ပါ'**

အဲဒါ ကာယာနုပဿနာတဲ့၊

- ညာခြေထောက်လှမ်းလိုက်တော့ **'ညာလှမ်းတယ်လို့ မှတ်ပါ'**
- ဘယ်ခြေထောက်လှမ်းလိုက်တော့ **'ဘယ်လှမ်းတယ်လို့ မှတ်ပါ'**
- ခြေထောက်ကြွလိုက်တော့ **'ကြွတယ်လို့မှတ်ပါ'**
- နင်းချလိုက်တော့ **'ချတယ်လို့ မှတ်ပါ'**

အဲဒါ ကာယာနုပဿနာတဲ့။

## (၂) ဝေဒနာနုပဿနာရှုမှတ်ပုံကား

- တင်ပါးကပူလျှင် **'ပူတယ်လို့မှတ်'**၊ ခါးကကိုက်လျှင် **'ကိုက်တယ်လို့မှတ်'**၊ ခြေသလုံးက ကိုက်လျှင် **'ကိုက်တယ်လို့မှတ်'**၊ အောင့်လျှင် **'အောင့်တယ်လို့မှတ်'**

အဲဒါ ဝေဒနာနုပဿနာတဲ့။

## (၃) စိတ္တာနုပဿနာ ရှုမှတ်ပုံကား

- အိပ်ချင်လျှင် **'အိပ်ချင်တယ်လို့မှတ်'**၊ ထချင်လျှင် **'ထချင်တယ်လို့မှတ်'**၊ သွားချင်လျှင် **'သွားချင်တယ်လို့မှတ်'**၊ စားချင်လျှင် **'စားချင်တယ်လို့မှတ်'**

အဲဒါ စိတ္တာနုပဿနာတဲ့။

## (၄) ဓမ္မာနုပဿနာ ရှုမှတ်ပုံကား

၁။ မမြင်ရရာ ကိလေသာ သူ့ဟာသူ ငြိမ်းသည်။
(အနုသယကိလေသာ)

၂။ မြင်ရရာမှာ ကိလေသာ ကိန်းခါဖြစ်လာသည်။ (ပရိယုဋ္ဌာနကိလေသာ)

၃။ ကိန်းခါဖြစ်လာ ကိလေသာ လွန်ကျူးပါလာသည်။ (ဝိတိက္ကမကိလေသာ)

၄။ လွန်ကျူးပါလာ ကိလေသာ ရှုကာပယ်ရမည်။

## ရှုမှတ်ပယ်ပုံ

- မြင်စဉ်ဆတ်ဆတ် မြင်တယ်မှတ်၍ နှစ်ရပ်ရုပ်နာမ် ကွဲသိရန် မှတ်ဉာဏ်ယှဉ်၍ကြည့်။
- မြင်တာကိုပင် မြင်တယ်မှတ်တော့ အမြင်ခါတ်မှ ကိလေသာ ပြတ်တော့သည်။
- မြင်တာကိုပင် မြင်တယ်မှတ်တော့ ရှုမှတ်သိတဲ့ ဝိပဿနာဉာဏ် ဖြစ်သည်။

အရှုခံတရားက – ဒုက္ခသစ္စာ၊
ရှုဉာဏ်များက – မဂ္ဂသစ္စာ၊
ပယ်ပြီးတာက – သမုဒယသစ္စာ၊
ချုပ်ငြိမ်းတာက – နိရောဓသစ္စာ၊
အဲဒါ အရိယာတို့ သိအပ်တဲ့ သစ္စာလေးပါးပါ။
သစ္စာသိမြင် နိဗ္ဗာန်ခွင် ပြေးဝင်ဆိုက်ရောက်သည်။

၁။ မကြားရရာ ကိလေသာ သူ့ဟာသူ ငြိမ်းသည်။ (အနုသယကိလေသာ)

၂။ ကြားရရာမှာ ကိလေသာ ကိန်းခါဖြစ်လာသည်။ (ပရိယုဋ္ဌာနကိလေသာ)

၃။ ကိန်းခါဖြစ်လာ ကိလေသာ လွန်ကျူးပါလာသည်။ (ဝိတိက္ကမကိလေသာ)

၄။ လွန်ကျူးပါလာ ကိလေသာ ရှုကာပယ်ရမည်။

## ရှုမှတ်ပယ်ပုံ

- ကြားးစဉ်ဆတ်ဆတ် ကြားတယ်မှတ်၍ နှစ်ရပ်ရုပ်နာမ် ကွဲသိရန် မှတ်ဉာဏ်ယှဉ်၍ကြည့်။
- ကြားတာကိုပင် ကြားတယ်မှတ်တော့ အကြားခဏမှ ကိလေသာ ပြတ်တော့သည်။
- ကြားတာကိုပင် ကြားတယ်မှတ်တော့ ရှုမှတ်သိတဲ့ ဝိပဿနာ ဉာဏ် ဖြစ်သည်။

အရှုခံတရားက – ဒုက္ခသစ္စာ၊
ရှုဉာဏ်များက – မဂ္ဂသစ္စာ၊
ပယ်ပြီးတာက – သမုဒယသစ္စာ၊
ချုပ်ငြိမ်းတာက – နိရောဓသစ္စာ၊
အဲဒါ အရိယာတို့ သိအပ်တဲ့ သစ္စာလေးပါးပါ။
သစ္စာသိမြင် နိဗ္ဗာန်ခွင် ပြေးဝင်ဆိုက်ရောက်သည်။

၁။ မနံရရာ ကိလေသာ သူ့ဟာသူ ငြိမ်းသည်။
(အနုသယကိလေသာ)

၂။ နံရရာမှာ ကိလေသာ ကိန်းခါဖြစ်လာသည်။
(ပရိယုဋ္ဌာနကိလေသာ)

၃။ ကိန်းခါဖြစ်လာ ကိလေသာ လွန်ကျူးပါလာသည်။
(ဝိတိက္ကမကိလေသာ)

၄။ လွန်ကျူးပါလာ ကိလေသာ ရှုကာပယ်ရမည်။

## ရှုမှတ်ပယ်ပုံ

- နံစဉ်ဆတ်ဆတ် နံတယ်မှတ်၍ နှစ်ရပ်ရုပ်နာမ် ကွဲသိရန် မှတ်ဉာဏ်ယှဉ်၍ကြည့်။
- နံတာကိုပင် နံတယ်မှတ်တော့ အနံခဏမှ ကိလေသာ ပြတ်တော့သည်။

- နံတာကိုပင် နံတယ်မှတ်တော့ ရှုမှတ်သိတဲ့ ဝိပဿနာဉာဏ်ဖြစ်သည်။

အရှုခံတရားက - ဒုက္ခသစ္စာ၊
ရှုဉာဏ်များက - မဂ္ဂသစ္စာ၊
ပယ်ပြီးတာက - သမုဒယသစ္စာ၊
ချုပ်ငြိမ်းတာက - နိရောဓသစ္စာ၊
အဲဒါ အရိယာတို့ သိအပ်တဲ့ သစ္စာလေးပါးပါ။
သစ္စာသိမြင် နိဗ္ဗာန်ခွင် ပြေးဝင်ဆိုက်ရောက်သည်။

၁။ မစားရရာ ကိလေသာ သူ့ဟာသူ ငြိမ်းသည်။ (အနုသယကိလေသာ)
၂။ စားရရာမှာ ကိလေသာ ကိန်းခါဖြစ်လာသည်။ (ပရိယုဋ္ဌာနကိလေသာ)
၃။ ကိန်းခါဖြစ်လာ ကိလေသာ လွန်ကျူးပါလာသည်။ (ဝိတိက္ကမကိလေသာ)
၄။ လွန်ကျူးပါလာ ကိလေသာ ရှုကာပယ်ရမည်။

**ရှုမှတ်ပယ်ပုံ**

- စားစဉ်ဆတ်ဆတ် စားတယ်မှတ်၍ နှစ်ရပ်ရုပ်နာမ် ကွဲသိရန်မှတ်ဉာဏ်ယှဉ်၍ကြည့်။
- စားတာကိုပင် စားတယ်မှတ်တော့ အစားဓာတ်မှ ကိလေသာပြတ်တော့သည်။
- စားတာကိုပင် စားတယ်မှတ်တော့ ရှုမှတ်သိတဲ့ ဝိပဿနာဉာဏ်ဖြစ်သည်။

အရှုခံတရားက - ဒုက္ခသစ္စာ၊
ရှုဉာဏ်များက - မဂ္ဂသစ္စာ၊
ပယ်ပြီးတာက - သမုဒယသစ္စာ၊

ချုပ်ငြိမ်းတာက - နိရောဓသစ္စာ၊

အဲဒါ အရိယာတို့ သိအပ်တဲ့ သစ္စာလေးပါးပါ။

* သစ္စာသိမြင် နိဗ္ဗာန်ခွင် ပြေးဝင်ဆိုက်ရောက်သည်။

၁။ မထိရော ကိလေသာ သူ့ဟာသူ ငြိမ်းသည်။

၂။ ထိရောမှာ ကိလေသာ ကိန်းခါဖြစ်လာသည်။

၃။ ကိန်းခါဖြစ်လာ ကိလေသာ လွန်ကျူးပါလာသည်။

၄။ လွန်ကျူးပါလာ ကိလေသာ ရှုကာပယ်ရမည်။

## ရှုမှတ်ပယ်ပုံ

- ထိစဉ်ဆတ်ဆတ် ထိတယ်မှတ်၍ နှစ်ရပ်ရုပ်နာမ် ကွဲသိရန် မှတ်ဉာဏ်ယှဉ်၍ကြည့်။
- ထိတာကိုပင် ထိတယ်မှတ်တော့ အထိဓာတ်မှ ကိလေသာ ပြတ်တော့သည်။
- ထိတာကိုပင် ထိတယ်မှတ်တော့ ရှုမှတ်သိတဲ့ ဝိပဿနာဉာဏ် ဖြစ်သည်။

အရှုခံတရားက - ဒုက္ခသစ္စာ၊

ရှုဉာဏ်များက - မဂ္ဂသစ္စာ၊

ပယ်ပြီးတာက - သမုဒယသစ္စာ၊

ချုပ်ငြိမ်းတာက - နိရောဓသစ္စာ၊

အဲဒါ အရိယာတို့ သိအပ်တဲ့ သစ္စာလေးပါးပါ။

* သစ္စာသိမြင် နိဗ္ဗာန်ခွင် ပြေးဝင်ဆိုက်ရောက်သည်။

၁။ မကြံရော ကိလေသာ သူ့ဟာသူ ငြိမ်းသည်။

၂။ ကြံရောမှာ ကိလေသာ ကိန်းခါဖြစ်လာသည်။

၃။ ကိန်းခါဖြစ်လာ ကိလေသာ လွန်ကျူးပါလာသည်။

၄။ လွန်ကျူးပါလာ ကိလေသာ ရှုကာပယ်ရမည်။

## ရှုမှတ်ပယ်ပုံ

- ကြံစဉ်ဆတ်ဆတ် ကြံတယ်မှတ်၍ နှစ်ရပ်ရုပ်နာမ် ကွဲသိရန် မှတ်ဉာဏ်ယှဉ်၍ကြည့်။
- ကြံတာကိုပင် ကြံတယ်မှတ်တော့ အကြံခတ်မှ ကိလေသာ ပြတ်တော့သည်။
- ကြံတာကိုပင် ကြံတယ့်မှတ်တော့ ရှုမှတ်သိတဲ့ ဝိပဿနာဉာဏ် ဖြစ်သည်။

အရှုခံတရားက – ဒုက္ခသစ္စာ၊
ရှုဉာဏ်များက – မဂ္ဂသစ္စာ၊
ပယ်ပြီးတာက – သမုဒယသစ္စာ၊
ချုပ်ငြိမ်းတာက – နိရောဓသစ္စာ၊
အဲဒါ အရိယာတို့ သိအပ်တဲ့ သစ္စာလေးပါးပါ။

* သစ္စာသိမြင် နိဗ္ဗာန်ခွင် ပြေးဝင်ဆိုက်ရောက်သည်။

## နိဗ္ဗာန်ဟူသည်ကား

ရုပ်နာမ်ဖြစ်ပျက်၊ ပြတ်လျက်ငြိမ်းတာ၊ နိဗ္ဗာန်ပါ။
သင်္ခါရနိမိတ်၊ ကင်းဆိတ်ထင်တာ၊ နိဗ္ဗာန်ပါ။
ရွေ့လျောသေခြင်း၊ ကင်းရှင်းပေတာ၊ နိဗ္ဗာန်ပါ။

ကိလေသာသုံးပါး၊ သုံးပါးပယ်ခွာ၊ သုံးသိက္ခာ၊ ကျင့်ပါစဉ် တိုင်းထား။

၁။ အဓိသီလသိက္ခာဖြင့် ဝီတိက္ကမကိလေသာကို ပယ်ခွာသည်။ (တဒင်္ဂပဟာန်)
၂။ အဓိစိတ္တသိက္ခာဖြင့် ပရိယုဋ္ဌာနကိလေသာကို ပယ်ခွာသည်။ (ဝိက္ခမ္ဘနပဟာန်)
၃။ အဓိပညာသိက္ခာဖြင့် အနုသယကိလေသာကို ပယ်ခွာသည်။ (သမုစ္ဆေဒပဟာန်)

ထို့ကြောင့် သိက္ခာသုံးပါး ကျင့်သုံးပါ။ (ဝါ) ဝိပဿနာတရား ရှုမှတ်ပါ။

## ဝိသုဒ္ဓိ(၇)ပါး ဖြစ်စဉ်များ

၁။ ဆောက်တည်စောင့်ထိန်းထားတဲ့ သီလ မပျက်မပြယ် စင်ကြယ်နေလျှင် **သီလဝိသုဒ္ဓိ** ဖြစ်သည်။

၂။ ရှုမှတ်ရာတွင် နီဝရဏမဝင်ဘဲ မှတ်စိတ်များ စင်ကြယ်တည်ကြည်လျှင် **စိတ္တဝိသုဒ္ဓိ** ဖြစ်သည်။

၃။ ရှုမှတ်ရာတွင် နာမ်ရုပ်မြင်၍ ငါ,သူတစ်ပါး, ယောကျ်ား, မိန်းမ မဟုတ်ဟု သိမြင်နေလျှင် **ဒိဋ္ဌိဝိသုဒ္ဓိ** ဖြစ်သည်။

၄။ ရှုမှတ်ရာတွင် ကြောင်းကျိုးမြင်၍ ရှေ့နောက်ဘဝ ကြောင်းကျိုးမျှဟု သိမြင်နေလျှင် **ကင်္ခါဝိတရဏဝိသုဒ္ဓိ** ဖြစ်သည်။

* သီလစသည် သုဒ္ဓိလေးဖြာ ပြည့်စုံပါက စူဠသောတာပန်။
စူဠသောတာ ဖြစ်ဖို့ရာ ရှုမှတ်ပွားများပါ။
စူဠသောတာ ဖြစ်သည့်ခါ အပါယ်မလားပါ။
မဟာသောတာ ဖြစ်ဖို့ရာ မပြတ်မလပ် ရှုမှတ်ပွားများပါ။
မဟာသောတာ ဖြစ်သည့်ခါ မုချအပါယ်မလားပါ။

## သောတာပန်ဖြစ်ရန် အင်္ဂါလေးပါး

(၁) **ဗုဒ္ဓေ အဝစ္စပသန္နော**–
ဗုဒ္ဓစွမ်းရည် တွေ့မြင်ပြီ ယုံကြည်မြဲလှစွာ၊

(၂) **ဓမ္မေ အဝစ္စပသန္နော**–
ဓမ္မစွမ်းရည် တွေ့မြင်ပြီ ယုံကြည်မြဲလှစွာ၊

(၃) **သံဃေ အဝစ္စပသန္နော**–
သံဃစွမ်းရည် တွေ့မြင်ပြီ ယုံကြည်မြဲလှစွာ၊

(၄) **အရိယာ ကန္တ သမ္ပန္နော**–
အရိယာကန္တ ငါးသီလ လုံးဝပြည့်စုံရာ

မြတ်သောတာပန် တရားမှန် လေးတန်စုံလင်ရာ၊
ကိုယ့်ဉာဏ်အဆင့် ကိုယ်တိုင်ချင့် အသင့်ဆုံးဖြတ်ပါ။

**ရှုဋ္ဌသောတာပန်အင်္ဂါနှင့် တိုက်တွန်းချက်ဂါထာပါဠိအနက်**

ဝိသုဒ္ဓသီလစိတ္တေဟိ၊ ကင်္ခါဝိတရဏာဉာဏိကော။
ရှုဋ္ဌသောတာပန္နောနာမ၊ တဒတ္ထံ ဝါယာမေ တတော။

**ဝိသုဒ္ဓသီလစိတ္တေဟိ**–ညစ်ကြေးမတင် လွန်သန့်စင်သည့် လေးအင် သီလ သမထကြောင့် တောက်ပလျှံဖိတ် စင်ကြယ်သောစိတ်တို့နှင့် တကွ၊ **ကင်္ခါဝိတရဏာဉာဏိကော**–ဒိဋ္ဌိဝိစိကိစ္ဆာ ပယ်ခွာနိုင်ဘိ ဝိသုဒ္ဓိ ဉာဏ် အမြင်သန့်သော ယောဂီပုဂ္ဂိုလ်သည်၊ **ရှုဋ္ဌသောတာပန္နော နာမ**– သောတာပန်ဖြစ် ပုဂ္ဂိုလ်စစ်နှင့် စနစ်တူတန် ရှုဋ္ဌမှန်သည့် သောတာပန် ပုဂ္ဂိုလ် မည်တော့လေပြီ။ **တတော**–ထို့ကြောင့်၊ **တဒတ္ထံ**–ထိုရှုဋ္ဌသောတာ ဖြစ်စိမ့်ငှာလျှင်၊ ကင်္ခါလွန်မြောက် ဝိသုဒ္ဓိရောက်စေခြင်း အကျိုးငှာ၊ **ဝါယာမေ**– အချိန်ကောင်းဆဲ အားကုန်နွှဲ၍ တစ်ပွဲတစ်လမ်း လွန် ကြိုးပမ်းလျက် စမ်းသပ်အားထုတ်သင့်ပေတော့သတည်း။

၅။ ဩဘာသ ပီတိ စသည့်ဆယ်တန် လွန်မြောက်ပြန် မှတ်ရန် **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**၊

၆။ **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ**၊

## ဉာဏ်စဉ် ၁၆–ပါး

(၁) ရုပ်နာမ်နှစ်ဖြာ ကွဲသိတာ **နာမ–ရူပ ပရိစ္ဆေဒဉာဏ်**၊
(၂) ကြောင်းကျိုးနှစ်ဖြာ သိမ်းဆည်းတာ **ပစ္စယပရိဂ္ဂဟဉာဏ်**၊
(၃) လက္ခဏာယာဉ် သုံးသပ်လျှင် ခေါ်တွင် **သမ္မသနဉာဏ်**၊
(၄) ဖြစ်ပျက်နှစ်တန် အမြင်သန် မှတ်ရန် **ဥဒယဗ္ဗယဉာဏ်**၊
(၅) အပျက်ကိုသာ ရှုနေတာ မှတ်ပါ **ဘင်္ဂဉာဏ်**၊
(၆) ရှုမှတ်သည့်ခါ ပျက်ကြောက်လာ မှတ်ပါ **ဘယဉာဏ်**။

(၇) ရှုမှတ်သည့်ခါ ပြစ်မြင်လာ မှတ်ပါ **အာဒီနဝဉာဏ်၊**
(၈) ရှုမှတ်သည့်ခါ ငြီးငွေ့လာ မှတ်ပါ **နိဗ္ဗိဒါဉာဏ်၊**
(၉) ရုပ်နာမ်နှစ်ဖြာ လွတ်လိုတာ မှတ်ပါ **မုဉ္စိတုကမျတာဉာဏ်၊**
(၁၀) ဖြစ်ပျက်နှစ်တန် ဆင်ခြင်ပြန် မှတ်ရန် **ပဋိသင်္ခါဉာဏ်၊**
(၁၁) ရုပ်နာမ်အသင့် ရှုတုံလင့် မှတ်သင့် **သင်္ခါရုပေက္ခာဉာဏ်၊**
(၁၂) ရှေ့နောက်လျော်ကန် အမြင်သန် မှတ်ရန် **အနုလောမဉာဏ်၊**
(၁၃) ကာမနွယ်ဖြတ် အရိယာဇာတ် ဖြတ်လတ်အာရုံမှန် **ဂေါတြဘူဉာဏ်၊**

၇။ **ဉာဏဒဿနဝိသုဒ္ဓိ**

(၁၄) သစ္စာလေးတန် အသိမှန် မှတ်ရန် **မဂ္ဂဉာဏ်၊**
(၁၅) သစ္စာလေးတန် စွဲမြဲသန် မှတ်ရန် **ဖလဉာဏ်၊**
(၁၆) ပယ်ပြီးကိလေ ကြွင်းနှစ်ထွေ ဆင်ခြင်ပြန် မှတ်ရန် **ပစ္စဝေက္ခဏာဉာဏ်၊**

* ဉာဏ်စဉ်တစ်ဆယ့်ခြောက်၊ ကိုယ်မှာရောက်၊ မဂ်ပေါက်အမှန် မြတ်နိဗ္ဗာန်။
* ဉာဏ်စဉ်တစ်ဆယ့်ခြောက်၊ ဆန်လမ်းရောက်၊ လှမ်းဖို့အမှန်၊ မြတ်နိဗ္ဗာန်။
* မြုပ်လမ်း မျောလမ်း၊ လိုက်ကြပြန်တယ်၊ ရောက်ရန် ဒု–သု၊ ဂတိမှတ်ကွယ်၊
ဆန်လမ်းစဉ်လိုက်၊ ထက်နန်းရောက်မယ်၊ ကြိုက်ရာရွေး၊ မနှေး လိုက်ပါကွယ်။

## တိုက်တွန်းချက် ဂါထာပါဠိအနက်

သာသနံ အာလမ္ဗိတွာန၊ ပဌမံ ဒုတိယံ တထာ။
တတိယံ အာလမ္ဗေယျာထ၊ သုခေတွေ ဗုဒ္ဓသာသနေ။

**သုခေတ္တေ**–ရဟန္တာခေတ် အနာဂါမ်ခေတ်ရှိသေးသည်ဖြစ်၍ ခေတ်ကောင်းကြီး ကြုံပေထသော။ **ဗုဒ္ဓသာသနေ**–ဗုဒ္ဓမြတ်စွာ လျှံဝါထိန်ငြိး သာသနာတော်မြတ်ကြီး၌။ **ပထမံ**– ရှေးဦးစွာသော။ **သာသနံ**– အဓိသီလသိက္ခာ သာသနာတော်မြတ်ကြီးကို။ **အာလမ္ဗိတွာန**–တံကဲပမာ ဆွဲမှီရာပြုကြကုန်သည်ဖြစ်၍လည်းကောင်း။ **ဒုတိယံ**– အဓိစိတ္တသိက္ခာ သာသနာတော်မြတ်ကြီးကို။ **အာလမ္ဗိတွာန**–လည်းကောင်း။ **တထာ**–ထို့အတူ။ **တတိယံ**–သုံးခုမြောက်သော။ **သာသနံ**– အဓိပညာသိက္ခာ သာသနာတော်မြတ်ကြီးကို။ **အာလမ္ဗေယျာထ**–တံကဲပမာ ဆွဲမှီရာ ပြုလိုက်ကြကုန်ရာသတည်း။

သာဓု . . .သာဓု . . .သာဓု

ဘုရား၊ တရား၊ သံဃာအား ဒါန သီလ ဘာဝနာ
ဝိပဿနာအကျင့်မြတ်ဖြင့် ပူဇော်ကြရန်
ပါဠိအနက်

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

**ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ**–မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟု ဆိုအပ်သော ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ **ဗုဒ္ဓံ**–မြတ်စွာဘုရားကို၊ **ပူဇေမိ**–ပူဇော်ပါ၏ အရှင်ဘုရား။

**ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ**–ဖြင့်၊ **ဓမ္မံ**–မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်, ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကို၊ **ပူဇေမိ**–ဘုရား။

**ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ**–ဖြင့်၊ **သံဃံ**–မဂ္ဂဋ္ဌာန် လေးယောက်၊ ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော၊ ရှစ်ယောက်သော

အရိယာသံဃာတော် အရှင်မြတ်နှင့်တကွ ယခုရှိတော်မူကြသော သမ္မုတိ သံဃာတော်အရှင်မြတ်အပေါင်းကို။ **ပူဇေမိ**–ဘုရား။

## ဆုတောင်းပါဠိအနက်

"ဣဒံ မေ ပုညံ မဂ္ဂဖလဉာဏဿ ပစ္စယော ဟောတု

**ဘန္တေ**–အရှင်မြတ်ဘုရား။ **မေ**–တပည့်တော်၏။ **ဣဒံ ပုညံ**– ဤသို့ ယနေ့ယခု လှူဒါန်းရသော ဒါနကုသိုလ်, ဆောက်တည်ရသော သီလကုသိုလ်, ပွားများရသော ဘာဝနာကုသိုလ်သည်။ **မဂ္ဂဖလ ဉာဏဿ**– တပည့်တော်သည် တောင့်တအပ်သော မဂ်ဉာဏ် ဖိုလ် ဉာဏ်၏။ **ပစ္စယော**–ရကြောင်း၊ ရောက်ကြောင်း ကျေးဇူးပြုသော အကူအညီအကြောင်း အထောက်အပံ့သည်။ **ဟောတု**–ဖြစ်ပါစေ သတည်း။

## အမျှဝေရန် ပါဠိအနက်

"ဣမံ နော ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ"

**ဣမံနောပုညဘာဂံ**– ဤသို့ ယနေ့ယခု တပည့်တော်တို့ တစ်စု၏ ပြုစု ပွားများ နာကြားရသော ကောင်းမှုကုသိုလ်၏အဖို့အစုကို။ **သဗ္ဗသတ္တာနံ**–တရားအားထုတ်ဖော် တရားအားထုတ်ဖက်ဖြစ်ကြကုန် သော ယောဂီအပေါင်း သူတော်ကောင်းတို့နှင့်တကွ မိခင်ဖခင် ကျေးဇူး ရှင် တို့ကို အစထား၍ သုံးဆယ့်တစ်ဘုံ လုံးစုံများစွာ သတ္တဝါ အနန္တ မှန်သမျှတို့အား။ **ဒေမ**–ရစေယူစေ အမျှပေးဝေပါကုန်၏။ အမျှပေးဝေ ပါကုန်၏၊ အမျှပေးဝေပါကုန်၏၊ အမျှရကြ၍ ချမ်းသာကြပါစေသော်။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေသော်။ ကြောင့်ကြ ခပ်သိမ်း ကင်း ငြိမ်းကြပါစေသော်၊ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေသော်၊ စိတ် ချမ်းသာ ကိုယ်ချမ်းသာ ကိုယ်ကျန်းမာနှင့် နိဗ္ဗာန်ရောက်ကြောင်း အကျင့် ကောင်း ပဋိပတ်တို့ကို ကျင့်ကြံကြိုးစား ပွားများ အားထုတ်နိုင်ကြ ပါစေသော်။

## ဆုတောင်းအမျှဝေအကျဉ်း

ဤသို့ပြုရ မြတ်ပုညကြောင့် ချမ်းမြအေးကြည် ဘေးမဲ့မည်သည် ရွှေပြည်ထုတ်ချောက် လမ်းမကောက်ဘဲ ရောက်ရပါလို ထိုထိုဘဝ ကျင်လည်ရလည်း ဒုက္ခဘေးဒဏ် ရန်မာန်အပေါင်း မကောင်းဟူသမျှ မတွေ့ရဘဲ သဗ္ဗဉ္ဉုတ္ဆာ မင်္ဂလာကို ရွယ်ကာတတိုင်း ရစေသော်။

ယနေ့ယခု ပြုပြုသမျှ မြတ်ဘာဂကို မိဘဆရာ မျိုးသဟာနှင့် ကိုယ်မှာစောင့်ကြပ် ကိုယ်စောင့်နတ်က အရင်းစ၍ ရှိသမျှလုံးစုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျတို့ ရကြပါစေ ပေးငှဝေသည် များထွေသာဓု ခေါ်စေသော်။

အမျှ...အမျှ... အမျှ... ယူတော်မူကြပါကုန်လော့။

သာဓု...သာဓု...သာဓု (သုံးကြိမ်ရွတ်ပါ။)

## အရပ်ဆယ်မျက်နှာ မေတ္တာပို့ရန်

၁။ အရှေ့အရပ်ဒေသ နေကြသူတွေ၊ နတ်လူစသား များလှဝေနေ။
ချမ်းသာသုခ ရကြပါစေ၊ ဘေးမခ အေးမြကြပါစေ။

၂။ အရှေ့တောင်ဒေသ နေကြသူတွေ၊ နတ်လူစသား များလှဝေနေ။
ချမ်းသာသုခ ရကြပါစေ၊ ဘေးမခ အေးမြကြပါစေ။

၃။ တောင်အရပ်ဒေသ နေကြသူတွေ၊ နတ်လူစသား များလှဝေနေ။
ချမ်းသာသုခ ရကြပါစေ၊ ဘေးမခ အေးမြကြပါစေ။

၄။ အနောက်တောင်ဒေသ နေကြသူတွေ၊ နတ်လူစသား များလှဝေ
နေ။
ချမ်းသာသုခ ရကြပါစေ၊ ဘေးမခ အေးမြကြပါစေ။

၅။ အနောက်အရပ်ဒေသ နေကြသူတွေ၊ နတ်လူစသား များလှဝေ
နေ။
ချမ်းသာသုခ ရကြပါစေ၊ ဘေးမခ အေးမြကြပါစေ။

၆။ အနောက်မြောက်ဒေသ နေကြသူတွေ၊ နတ်လူစသား များလှဝေနေ။
ချမ်းသာသုခ ရကြပါစေ၊ ဘေးမခ အေးမြကြပါစေ။

၇။ မြောက်အရပ်ဒေသ နေကြသူတွေ၊ နတ်လူစသား များလှဝေနေ။
ချမ်းသာသုခ ရကြပါစေ၊ ဘေးမခ အေးမြကြပါစေ။

၈။ အရှေ့မြောက်ဒေသ နေကြသူတွေ၊ နတ်လူစသား များလှဝေနေ။
ချမ်းသာသုခ ရကြပါစေ၊ ဘေးမခ အေးမြကြပါစေ။

၉။ အထက်အရပ်ဒေသ နေကြသူတွေ၊ နတ်လူစသား များလှဝေနေ။
ချမ်းသာသုခ ရကြပါစေ၊ ဘေးမခ အေးမြကြပါစေ။

၁၀။ အောက်အရပ်ဒေသ နေကြသူတွေ၊ နတ်လူစသား များလှဝေနေ။
ချမ်းသာသုခ ရကြပါစေ၊ ဘေးမခ အေးမြကြပါစေ။

ပြည်ခရိုင် ပေါင်းတလည်မြို့
ကန်ဦး ပရိယတ္တိစာသင်တိုက်
ပဓာန နာယကဆရာတော်
ဦးဝိစိတ္တသာရ(ဓမ္မာစရိယ)
ပြုပြင်မွမ်းမံသည်။

## သာသနာရေးဝန်ကြီးဌာန အမှတ် (၁၆) ဘုရားဖူးအဖွဲ့
## ၁၆/၂၀၀၀ ဗုဒ္ဓဂါယာ ဘုရားဖူးအဖွဲ့
## ခရီးစဉ်မှတ်တမ်း

၁၃၆၁ ခု တပို့တွဲလပြည့်ကျော် ၅ ရက်(၂၄-၂-၂၀၀၀) ကြာသပတေးနေ့ နံနက် ၁ နာရီအချိန် သာသနာရေးဦးစီးဌာန ရုံးချုပ်အောက်ထပ် စည်းဝေးရာခန်းမသို့ သွားရောက်၍ အဖွဲ့ဝင်အားလုံး စုဝေးကြရပါသည်။

အဖွဲ့ဝင်များ- **ဒေါ်အောင်ကြည်** (၅၂ နှစ်)၊ အဖွဲ့ခေါင်းဆောင်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဌာန၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။ **မန္တလေးမြို့** ဘုရားကြီးတိုက်၊ သာသနဇောတိကအုဋ္ဌကျောင်း အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးသုမန(၇၉ နှစ်)၊ **ရှမ်းပြည်နယ်မြောက်ပိုင်း** လားရှိုးမြို့ မဟာဗောဓာရုံကျောင်း ဦးသီရိန္ဒ (၆၇ နှစ်)၊ မန်ကောင်းကျောင်း ဦးဓမ္မေသက(၅၀ နှစ်)၊ ဦးဘသင် (၇၂ နှစ်)၊ ဒေါ်ခင်ညွန့် (၇၀ နှစ်)။ **မွန်ပြည်နယ်** မုဒုံမြို့နယ် ထုံမန်ရွာ ထုံမန်တိုက်ကျောင်း ဦးဣန္ဒ(၇၀ နှစ်)။ **ပဲခူးတိုင်း** ပြည်ခရိုင် ပေါင်းတလည်မြို့ ကန်ဦး ပရိယတ္တိ စာသင်တိုက် ဦးဝိစိတ္တသာရ (၆၃ နှစ်)၊ ဝန်တင်ဆိပ်ရွာ မင်္ဂလာအေးကျောင်း ဦးဥတ္တရ (၅၈ နှစ်)။ **မန္တလေးတိုင်း** မြင်းခြံမြို့ ကိုးဆောင်တိုက် တိပိဋကတိုက်ကျောင်း ဦးကေသရ(၅၄ နှစ်)၊ **စစ်ကိုင်းတိုင်း** စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ကျစ္စာချောင် မဟာဝိဇယရုံသီ စာသင်တိုက် ဦးသဒ္ဓမ္မဓဇ(၅၄ နှစ်)။ **ရှမ်းပြည်နယ်တောင်ပိုင်း**

တောင်ကြီးမြို့ ချမ်းသာကုန်းရပ် ဘုရားကြီး အနောက်ကျောင်း ဦးသဒ္ဒန (၅၀ နှစ်)၊ ဒေါ်ကြည်လှိုင် (၇၁ နှစ်)၊ ဒေါ်ညွန့်ရီ(၆၁ နှစ်)၊ ဒေါ်ရှုတီ(၆၀ နှစ်)၊ ဒေါ်နွဲ့ရီ(၅၅ နှစ်)၊ ဒေါ်ခင်သစ်(၅၂ နှစ်)၊ ဒေါ်ခင်နု(၄၇ နှစ်)၊ ဒေါ်မြင့်မြင့်အေး(၄၁ နှစ်)၊ ဒေါ်ခင်ခင်မိုး(၄၀ နှစ်)၊ ဒေါ်နွဲ့နွဲ့အေး(၃၉ နှစ်)၊ ဒေါ်မြစိန်(၃၇ နှစ်)၊ ဒေါ်သန်းသန်းဌေး(၃၆ နှစ်)။ **ဧရာဝတီတိုင်း** ပုသိမ်မြို့ ဒေါ်အေးနွဲ့ (၅၆ နှစ်)။ **ရန်ကုန်တိုင်း** ရန်ကုန်မြို့ ဒေါ်စောရှင် (၇၄ နှစ်)၊ ဒေါ်သန်း (၆၇ နှစ်)၊ ဦးအုံးညွန့်(၆၇ နှစ်)၊ ဦးတင့်ရှိန်(၆၀ နှစ်)၊ ဦးစိန်မြင့်(၅၄ နှစ်)၊ ဒေါ်ခင်သိန်းမြင့် (၅၃ နှစ်)၊ ဒေါ်စန်းစန်းကြည် (၄၂ နှစ်)၊ ဦးလှမောင်ဦး(၄၀ နှစ်)၊ ဦးအောင်တင်ဦး(၃၉ နှစ်)၊ မရင်မာဦး(၈ နှစ်) တို့ ဖြစ်ပါသည်။

အဖွဲ့ဝင် ၃၄ ဦး စုံညီသောအခါ အဖွဲ့ခေါင်းဆောင် ဒေါ်အောင်ကြည် ဦးဆောင်၍ အသင့်ရောက်ရှိနေသော မော်တော်ယာဉ်များဖြင့် ခရီးသည်များ၊ ပစ္စည်းများ တင်ဆောင်ပြီး ကမ္ဘာအေးရုံးချုပ်မှ နံနက် ၂ နာရီ အချိန် မင်္ဂလာဒုံလေဆိပ်သို့ ထွက်ခွာခဲ့သည်။

နံနက် ၅ နာရီ ၄၅ မိနစ် အချိန် ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်မှ အိန္ဒိယလေကြောင်းခရီးစဉ်ဖြင့် ပြည်ပခရီး ထွက်ခွာခဲ့သည်။ မြန်မာစံတော်ချိန် ၇ နာရီခွဲအချိန် အိန္ဒိယနိုင်ငံ ဘင်္ဂလားပြည်နယ် မြို့တော် ကလကတ္တားလေဆိပ်သို့ ရောက်သည်။ လေယာဉ်ပျံသန်းချိန် ၁ နာရီနှင့် မိနစ် ၅၀ ကြာသည်။ လေဆိပ်တွင် အသင့်စောင့်ကြိုနေသော ဒေါ်သင်းသင်းစိန်မှ လေဆိပ်ဆိုင်ရာ ကိစ္စအားလုံး ဆောင်ရွက်ပေးပါသည်။

အိန္ဒိယစံတော်ချိန် နံနက် ၈ နာရီခွဲအချိန် ကလကတ္တားလေဆိပ်မှ ပြည်တွင်းလေကြောင်းခရီးစဉ်ဖြင့် ခရီးသည်များ ထွက်ခွာခဲ့သည်။ နံနက် ၉ နာရီခွဲအချိန် ဘီဟာပြည်နယ်မြို့တော် ပတ္တနား(ပါဋလိပုတ်မြို့) မြို့လေဆိပ်သို့ ရောက်သည်။ လေယာဉ်ပျံသန်းချိန် မိနစ် ၅၀ ကြာသည်။

လေဆိပ်တွင် ၁၃ ညအိပ် ခရီးစဉ်တစ်လျှောက်လုံး လိုက်ပါပို့ဆောင်မည့် ခရီးလမ်းညွှန် ကိုစံမြင့်၊ လက်ထောက် ကိုရှိဆူး၊ မော်တော်ယာဉ်ပိုင်ရှင် ဒရိုင်ဘာ ကွတ္တုဘာဘူ၊ စပယ်ယာ ဆန်ဒိုး တို့နှင့်အတူ အသင့်စောင့်ကြိုနေသော မော်တော်ယာဉ်ပေါ်သို့ မိမိတို့ လက်ဆွဲအိတ်နံပါတ်စဉ်အတိုင်း ထိုင်ခုံနံပါတ်တွင် နေထိုင်၍ နမောတဿ ၃ ကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး ပတ္တနားလေဆိပ်မှ ရာဇဂြိုဟ်သို့ ဘုရားဖူးခရီးစဉ် စတင်ခဲ့ပါသည်။ ကားပေါ်တွင် စီးနင်းလိုက်ပါရင်း ပဋ္ဌာန်း ၂၄ ပစ္စည်း ရွတ်ကြသည်။ အရပ်ဆယ်မျက်နှာ မေတ္တာပို့ကြသည်။ ကားပေါ်တွင် အသင့်ပါလာသော ဆွမ်းဘူးများဖြင့် လမ်းခရီးတွင် နေ့လယ်စာ သုံးဆောင်ကြသည်။ နေ့လယ် ၁ နာရီအချိန် ရာဇဂြိုဟ်သို့ ရောက်သည်။ နာလန္ဒာတက္ကသိုလ် အဟောင်းနှင့် နာလန္ဒာတက္ကသိုလ်အသစ်များသို့ သွားရောက်လေ့လာသည်။ တက္ကသိုလ်တွင် ပညာသင်ကြားနေသော မြန်မာရဟန်းတော်များ ၄၈ ပါး ရှိသည်ဟု သိရပါသည်။ ထို့နောက် ဂျပန်ပြည်မှ ပြုလုပ်တပ်ဆင်ထားသော လျှပ်စစ်စတီးကြိုး ကုလားထိုင်များဖြင့် ဂိဇ္ဈကုဋ်တောင်ပေါ်သို့ တက်ရောက်ခဲ့သည်။ ဂျပန်မှတည်ထားသော ငြိမ်းချမ်းရေးစေတီတော်ကြီး၊ ဘုရားရှင်ကျောင်းတော်ရာ၊ ဒေဝဒတ်ကျောက်မောင်းဆင်သော နေရာများသို့ လှည့်လည်ကြည့်ရှုရင်း တောင်ပေါ်မှ ခြေကျင်ဆင်းခဲ့သည်။ ညနေ ၅ နာရီအချိန် သက်တော် ၉၄ နှစ်ရှိ ဆရာတော်ကြီး ဦးဇယန္တ ကျောင်းသို့ ရောက်၊ ညအိပ်ရပ်နားသည်။ ဆရာတော်ကြီးကို မတွေ့ခဲ့ပါ။ မျက်စိကုသရန် ရန်ကုန်သို့ ခေတ္တကြွသွားသည်ဟု သိရပါသည်။

တပို့တွဲလဆုတ် ၆ ရက်(၂၅-၂-၂၀၀၀) သောကြာနေ့နံနက် ဦးဇယန္တ ကျောင်း၌ နံနက်စာ သုံးဆောင်ပြီး ဝေဘာရတောင်ပေါ်သို့ ခြေကျင်တက်ခဲ့သည်။ ဆရာတော်ကြီး နှစ်ပါးနှင့် အဘိုးအဘွားများ အထမ်းသမားဖြင့် တောင်ပေါ်တက်ခဲ့သည်။ အထမ်းသမားငှားခ

အသွားအပြန် ရူပီငွေ ၄၀၀ ပေးရသည်။ ကဿပ(ပိပ္ပလိ)လိုဏ်ဂူ၊ ပထမသင်္ဂါယနာတင်ရာ သတ္တပဏ္ဏိလိုဏ်ဂူ တို့တွင် သက်ဆိုင်ရာများ ရွတ်ဖတ်ပူဇော်၍ တောင်ပေါ်မှ ဆင်းခဲ့သည်။ ထို့နောက် ဝေဠုဝန် ကျောင်းတော်ရာ တစ်ဝိုက် လှည့်လည်ကြည့်ရှုပြီး သက်ဆိုင်ရာတို့ဖြင့် ရွတ်ဖတ်ပူဇော်သည်။ ထို့နောက် ကျောင်းပြန် နေ့လယ်စာ သုံးဆောင် ကြသည်။ နေ့လယ်စာ သုံးဆောင်ပြီး ရာဇဂြိုဟ်မှ မိုင် ၆၀ ဝေးသော ဗုဒ္ဓဂယာသို့ ခရီးဆက်ခဲ့သည်။ လမ်းခရီးတွင် အဇာတသတ်နန်းတော် ရာ၊ ဗိမ္ဗိသာရမင်းကြီး အကျဉ်းထားရာ၊ ရှင်မဟာမောဂ္ဂလာန် ခိုးသား ငါးရာ ရိုက်သောနေရာ ကျောက်တိုင်များ၊ ရှေးအခါက ရာဇဂြိုဟ်မှ သာဝတ္ထိသို့ ကုန်ရောင်းသွားသော လှည်းငါးရာတို့၏ လှည်းဘီးရာ၊ လှည်းလမ်းကြောင်းများကိုလည်း ဝင်ရောက်ကြည့်ရှုခဲ့သည်။ ညနေ ၅ နာရီအချိန် ဗုဒ္ဓဂယာသို့ ရောက်သည်။ မဟာဗောဓိစေတီတော်ကြီးကို ရှေးဦးစွာ သွားရောက်ဖူးမြော်သည်။ ထို့နောက် တည်းခိုရာ မြန်မာ ဘုန်းတော်ကြီး ဦးဉာဏိန္ဒကျောင်းသို့ ရောက်၊ ညအိပ်ရပ်နားကြသည်။

တပို့တွဲလဆုတ် ၇ ရက်(၂၆-၂-၂၀၀၀) စနေနေ့ နံနက်စောစော ထ၍ မဟာဗောဓိစေတီတော်ကြီးသို့ သွားရောက်၍ ဖူးမြော်ကြသည်။ ဖူးမြော်ပြီး ကျောင်းပြန်၊ နံနက်စာ သုံးဆောင်ကြသည်။ ၎င်းနောက် အဖွဲ့သားအားလုံး သာသနာရေးဝန်ကြီးဌာနမှ စီမံပေးလိုက်သော ရွှေကြာသင်္ကန်းတော်ကို ကိုင်ဆောင်ပြီး ပဌာန်း ၂၄ ပစ္စည်း ရွတ်ဆို လျက်၊ မဟာဗောဓိစေတီတော်ကြီးကို လက်ယာရစ်လှည့်၍ စေတီတော် ကြီး၏ နောက်ဘက်တွင် ကပ်လျက်တည်ရှိသော မဟာဗောဓိပင်အား ရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းသည်။ ဆရာတော်ဦးဣန္ဒမှ မဟာဗောဓိပင်အား ထိုင်းပိုးသင်္ကန်း တစ်စုံကိုလည်း ဆက်ကပ်လှူဒါန်း သည်။ ထို့နောက် မဟာဗောဓိပင်၏ အနောက်မြောက်မှစပြီး သတ္တဌာန နေရာတော်များကို လက်ယာရစ်လှည့်၍ ကြည့်ရှုဖူးမြော်သည်။ ဤ

နေ့မှစ၍ ခရီးစဉ်တစ်လျှောက်လုံး ဗီဒီယိုမှတ်တမ်း ရိုက်ကူးသည်။ ထို့နောက် ဂျပန်ဘုရားကြီး၊ ဂျပန်ဘုရားကျောင်း၊ တိဘက်ဘုရားကျောင်း၊ ထိုင်းဘုရားကျောင်းများသို့ သွားရောက်ဖူးမြော်ကြသည်။ ကျောင်းသို့ပြန်၊ ခေတ္တအနားယူပြီး နေ့လယ်စာ သုံးဆောင်ကြသည်။ နေ့လယ် ၂ နာရီအချိန် ဘုရားဖူးအဖွဲ့မှ အောင်တင်ဦးခေါ် ရှင်တေဇနိယအား သိက္ခာတင်ပေးသည်။ ၎င်းနောက် မော်တော်ယာဉ်ဖြင့် နေရဉ္ဇရာမြစ်ကူးတံတား ဖြတ်ကျော်၍ ကားရပ်ထားခဲ့ပြီး ခြေကျင်ခရီးဖြင့် သေနာနိဂုံး သုဇာတာ အိမ်နေရာကုန်းမြေ၊ သုဇာတာ ဂနာနို့ဆွမ်းကပ် နေရာ (ယခု ဆီးပင်နှင့် ကျောက်တုံး ရှိသည်)၊ သုဇာတာ သားဆုပန်သောနေရာ၊ ရသေ့ညီနောင် ရှင်တစ်ထောင်တို့နေသော ဥရုဝေလတောအုပ် မီးတင်းကုတ်နေရာ နဂါးတွင်း၊ အပြန်ခရီး ကားမစီးတော့ဘဲ ဆက်လက်လာခဲ့ရာ သုဒ္ဓိယ မောင်စင်ကြယ်(သောတ္ထိယ–မောင်ချမ်းသာ) မြက်ရိတ်ဆုပ် လှူဒါန်းသောနေရာ၊ ဟိန္ဒူရဟန်းမင်းကြီး မဟန့် ခြံဝင်းအတွင်းရှိ မင်းတုန်းမင်းကြီး၏ အုဌ်တိုက် ဇရပ်ကြီးနေရာ၊ မင်းတုန်းမင်းကြီး၏ ကျောက်စာများကို ဝင်ရောက်လေ့လာပြီး ကျောင်းပြန်ခဲ့ကြသည်။ ည ၇ နာရီအချိန် ဆရာတော် ဦးဉာဏိန္ဒအား ကန်တော့ကြပြီး ညအိပ် ရပ်နားသည်။

ခရီးစဉ်တစ်လျှောက် ဗီဒီယိုရိုက်ကူးရန်အတွက် ဗုဒ္ဓဂယာမှ ဗီဒီယိုကင်မရာမင်း ကာစရူအား ဘုရားဖူးအဖွဲ့မှ တစ်ဦးလျှင် အိန္ဒိယငွေ ၂၁၅ ရူပီ ပေး၍ ငှားရမ်း ခေါ်ယူခဲ့ရသည်။ ဤခရီးစဉ်တွင် ကိုစံမြင့်၏ လက်ထောက် ကျောက်တံခါးမြို့သား ကုလား ကိုကျော်အောင် တစ်ယောက် ထပ်တိုးလာသည်။

တပို့တွဲလဆုတ် ၈ ရက်(၂၇–၂–၂၀၀၀) တနင်္ဂနွေနေ့ နံနက်စောစော ထပြီး မဟာဗောဓိစေတီတော်ကြီးအား သွားရောက်ဖူးမြော်၍ ကျောင်းပြန်၊ နံနက်စာ သုံးဆောင်ကြသည်။ ထို့နောက် သီးသန့်အငှား

ကား ၂ စီးဖြင့် ဒုက္ခရစရိယတောင်သို့ သွားသည်။ တောင်ပေါ်ရှိ လိုဏ်ဂူတွင် ဒုက္ကရစရိယအကျင့် ကျင့်တော်မူသော အလောင်းတော်မြတ်ပုံတော်အား ရှိခိုးပူဇော်ကြပြီး လိုဏ်ဂူဝအနီးရှိ ရင်ပြင်၌ ရဟန်းတော်များ စီတန်းထိုင်နေလျက် ဘုရားဖူးအဖွဲ့ဝင်များ ကိုးပါးသီလ ဆောက်တည်ပြီး မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းကြသည်။ လားရှိုးဆရာတော် ဦးသီရိနန္ဒမှ ကိုးပါးသီလ ချီးမြှင့်ပြီး တရားပရိကမ် ချပေးသည်။ ဘုရားဖူးအဖွဲ့ဝင်အားလုံး ၁၅ မိနစ် တရားရှုမှတ်ကြပါသည်။ ထို့နောက် ကျောင်းသို့ပြန်၊ ခေတ္တအနားယူပြီး နေ့လယ်စာ သုံးဆောင်ကြသည်။ နေ့လယ် ၁ နာရီအချိန် ဘုရားဖူးအဖွဲ့မှ ရဟန်းတော် ၈ ပါး သုံးဘီးကားဖြင့် မဂဓတက္ကသိုလ်သို့ သွားရောက်လေ့လာကြသည်။ ၂ နာရီသာသာတွင် ပြန်ခဲ့ကြပြီး မဟာဗောဓိစေတီတော် အပေါ်ထပ်တက်၍ နာရီဝက် တရားရှုမှတ်သည်။ ထို့နောက် အပြင်တံတိုင်းအနီး အတွင်းဘက်မှ လက်ယာရစ် တစ်ပတ်လှည့်၍ ကျောင်းသို့ ပြန်ခဲ့ပြီး ညအိပ်ရပ်နားသည်။

(မှတ်ချက်–နာလန္ဒာတက္ကသိုလ်၊ မဂဓတက္ကသိုလ်၊ ဗာရာဏသီတက္ကသိုလ်တို့တွင် ပညာသင်ကြားနေကြသော မြန်မာရဟန်းတော်များအား ဘုရားဖူးအဖွဲ့ဝင် အားလုံးတို့က ပညာသင်စရိတ်အတွက် ရူပီငွေများ လှူဒါန်းကြပါသည်။)

တပို့တွဲလဆုတ် ၉ ရက်(၂၈–၂–၂၀၀၀)တနင်္လာနေ့ နံနက်စာသုံးဆောင်ပြီး ၆ နာရီ ၁၀ မိနစ်အချိန် ဗုဒ္ဓဂယာမှ ဗာရာဏသီသို့ ခရီးဆက်ခဲ့သည်။ လမ်းခရီးတွင် ကုန်တင်ကားကြီးများ ပိတ်ဆို့နေ၍ စီးတော်ယာဉ် ဖြည်းဖြည်းမောင်းနှင်ခဲ့ရသည်။ အသင့်ပါလာသော ဆွမ်းဘူးများဖြင့် နေ့လယ်စာ လမ်းခရီးတွင် သုံးဆောင်ကြသည်။ ညနေ ၅ နာရီအချိန် ဂင်္ဂါမြစ်ကူးတံတားကို ဖြတ်ကျော်၍ ဗာရာဏသီမြို့သို့ ရောက်သည်။ ဂင်္ဂါမြစ်ကူးတံတား၏ ထူးခြားချက်မှာ ရထားလမ်းက အောက်မှသွား၍ ကားလမ်းက အပေါ်မှသွားသော နှစ်ထပ်တံတား

ဖြစ်သည်။ ဂင်္ဂါမြစ်ကမ်းခြေတွင် ခေတ္တရပ်နား၍ ဗီဒီယိုရိုက်သည်။ ထို့နောက် ၆ နာရီအချိန် မိဂဒါဝုန် ဦးဝဏ္ဏာဓဇ ကျောင်းသို့ ရောက်၊ ညအိပ်ရပ်နားကြသည်။

တပို့တွဲလဆုတ် ၁၀ ရက်(၂၉-၂-၂၀၀၀) အင်္ဂါနေ့ နံနက်စာစားပြီး မော်တော်ယာဉ်ဖြင့် မိဂဒါဝုန်တောသွား၍ ဓမ္မရာဇိက(ဓမ္မစကြာ)စေတီ၊ ယခု စေတီမရှိတော့ပါ၊ ရင်ပြင်သာ ရှိတော့သည်။ ၎င်းရင်ပြင်တော်၌ အဖွဲ့သားအားလုံး ဓမ္မစကြာ စုပေါင်းရွတ်ဆို ပူဇော်ကြသည်။ ထို့နောက် နန္ဒိယသူကြွယ် ဆောက်လုပ်လှူဒါန်းသော နန္ဒိယကျောင်းတော်ရာ၊ ဓမ္မေခ(အနတ္တလက္ခဏ) စေတီတော် အနီးတွင် အဖွဲ့သားအားလုံး အနတ္တလက္ခဏသုတ် ရွတ်ဖတ်ပူဇော်ကြသည်။ စေတီတော်ကို နောက်ခံထား၍ အဖွဲ့သားအားလုံး ဓာတ်ပုံရိုက်ကြသည်။ ယခု ဤစာအုပ်တွင် ပါသောပုံ ဖြစ်သည်။ ၎င်းနောက် မြောက်ကန္ဒိစေတီနှင့် မိဂဒါဝုန်အနီးရှိ ရှေးဟောင်းဗုဒ္ဓပြတိုက် သွားရောက်ကြည့်ရှုသည်။ ၁၀ နာရီမှ ပြတိုက်ဖွင့်သည်။ ထို့နောက် ကျောင်းပြန်၊ နေ့လယ်စာ သုံးဆောင်ကြသည်။ နေ့လယ်စာ သုံးဆောင်ပြီး ဈေးဝယ်သွားကြသည်။ ရဟန်းတော်များ ဗာရာဏသီတက္ကသိုလ်သို့ လေ့လာရေးခရီး သွားကြသည်။ ညပိုင်း အဖွဲ့သားအားလုံး ဆရာတော်အား ကန်တော့ကြသည်။ ၎င်းနောက် အနီးအပါးရှိ ဆိုင်များတွင် ဈေးဝယ်ကြပြီး ညအိပ်ရပ်နားသည်။

တပို့တွဲလဆုတ် ၁၁ ရက်(၁-၃-၂၀၀၀) ဗုဒ္ဓဟူးနေ့ နံနက်စာ သုံးဆောင်ပြီး ၆ နာရီ ၂၀ မိနစ်အချိန် ဗာရာဏသီမြို့ မိဂဒါဝုန်မှ သာဝတ္ထိသို့ ခရီးဆက်ခဲ့သည်။ နံနက်ပိုင်း တစ်ချိန်လုံး မိုးအုံ့၍ ညနေပိုင်း မိုးဖွဲကျသည်။ လမ်းခရီးတွင် ကားလမ်းနှင့် ရထားလမ်း ၅ ခါ ဆုံသည်။ ရထားနှင့် ၃ ခါ ဆုံ၍ ကားရပ်နား၍ စောင့်ခဲ့ရသည်။ နေ့လယ်စာ လမ်းခရီးတွင် သုံးဆောင်ကြသည်။ နေ့လယ်စာစားပြီး အယုဒ္ဓယမြို့ (ယခင် သာကေတမြို့)နှင့် သရဘူမြစ်ကို ဖြတ်ကျော်ခဲ့ရသည်။ ညနေ

၄ နာရီအချိန် သာဝတ္ထိ မြန်မာဘုန်းတော်ကြီး ဦးသြဘာသ (ယခင် ဆရာတော် ဦးမဟိန္ဒ)ကျောင်းသို့ ရောက်သည်။ ရောက်လျှင်ရောက်ချင်း ဆရာတော်များ ဇေတဝန်ကျောင်းတော်ရာ တစ်ခုလုံးကို သွားရောက် ကြည့်ရှုလေ့လာဖူးမြော်ပြီး ညအိပ်ရပ်နားသည်။

တပို့တွဲလဆုတ် ၁၂ ရက်(၂-၃-၂၀၀၀)ကြာသပတေးနေ့ နံနက်စာ သုံးဆောင်ပြီး ကျောင်းဘုန်းကြီး ဦးသြဘာသ လိုက်ပါလျက် မော်တော် ယာဉ်ဖြင့် ကောသလမင်း နန်းတော်ရာ၊ သုဒတ္တစေတီ၊ အင်္ဂုလိမာလ စေတီ၊ တန်ခိုးပြာဋိဟာပြရာ သရက်ဖြူကုန်းစေတီ၊(ယခု ရှေးဟောင်း သုတေသနဌာနမှ တူးဖော်ရန် ပြင်ဆင်နေသည်) ဒေဝဒတ် မြေမျိုသော ရေကန်၊ စိဉ္စမာဏဝိကာ မြေမျိုသောရေကန်၊ ၎င်းနောက် ဇေတဝန် ကျောင်းတော်ရာ တစ်ခုလုံးနှင့် အာနန္ဒာဗောဓိပင်၊ ဘုရားရှင် အမြဲ သုံးဆောင်တော်မူသော ရေတွင်း၊ ၎င်းရေတွင်းမှ အမှတ်တရအဖြစ် ရေများ ယူဆောင်ခဲ့ကြသည်။ နောက်ဆုံး ဘုရားရှင် အမြဲ သီတင်းသုံး နေထိုင်တော်မူသော ဂန္ဓကုဋိတိုက်နေရာ၌ ဦးသြဘာသ ဦးဆောင် လျက် ဘုရားဖူးအဖွဲ့အားလုံး မင်္ဂလသုတ်၊ မေတ္တာသုတ်၊ ဓဇဂ္ဂသုတ်မှ ဘုရား တရား သံဃာ ဂုဏ်တော်များ ရွတ်ပွား၍ ပူဇော်ကြပြီး ကျောင်း သို့ ပြန်၊ နေ့လယ်စာ သုံးဆောင်ကြသည်။ ညနေပိုင်း ဇေတဝန်ကျောင်း တော်သို့ သွားရောက်ပူဇော်ပြီး ကျောင်းပြန်ကြသည်။ ညပိုင်းတွင် အဖွဲ့သားအားလုံး ဆရာတော်အား ကန်တော့ကြပြီး ညအိပ်ရပ်နား သည်။

တပို့တွဲလဆုတ် ၁၃ ရက်(၃-၃-၂၀၀၀) သောကြာနေ့ နံနက်စာ သုံးဆောင်ပြီး ၆ နာရီ ၄၀ မိနစ်အချိန် သာဝတ္ထိမှ နီပေါနိုင်ငံ လုမ္ဗနီသို့ ခရီးဆက်ခဲ့သည်။ လမ်းခရီးတွင် ကားလမ်းနှင့် ရထားလမ်း ၄ ခါ ဆုံသည်။ ရထားနှင့် ၂ ခါဆုံ၍ ကားရပ်နား၍ စောင့်ခဲ့ရသည်။ လမ်း ခရီးတွင် နေ့လယ်စာ သုံးဆောင်ကြသည်။ ၁၂ နာရီ ၁၅ မိနစ်အချိန်

နီပေါနိုင်ငံသို့ ရောက်သည်။ ပြည်ဝင်ဗီဇာ ပြနေစဉ် ခေတ္တခဏ စောင့်ရသည်။ နေ့လယ် ၁နာရီခွဲအချိန် ကားလမ်းအနီး လက်ဝဲဘက်ချိုးဝင်၍ ရှေးဟောင်းဗုဒ္ဓပြတိုက်ကို ဝင်ရောက်ကြည့်ရှုလေ့လာခဲ့သည်။ နေ့လယ် ၂ နာရီခွဲအချိန် လုမ္ဗိနီဒေသ မြန်မာရွှေကျောင်းတော်ကြီးသို့ ရောက်၊ ခေတ္တအနားယူပြီး ညနေ ၃ နာရီခွဲအချိန် အလှည့်ကျ ကျောင်းဘုန်းကြီး ဦးဓမ္မာနန္ဒာဘိဝံသ လိုက်ပါလျက် မော်တော်ယာဉ်ဖြင့် ဘုရားအလောင်းတော် ဖွားမြင်ရာ လုမ္ဗိနီနယ်မြေသို့ သွားရောက်ပြီး အဂ္ဂေါဟ မသ္မိ လောကဿ စသော အလောင်းတော်၏ ကြွေးဝါးသံ စသည်တို့ဖြင့် ရွတ်ပွား ပူဇော်ကြသည်။ ယခု ရှေးဟောင်းသုတေသနဌာနမှ အလောင်းတော် ဖွားမြင်သော နေရာကို တူးဖော်ပြီး သုတေသန ပြုလုပ်နေချိန် ဖြစ်၍ အထဲမဝင်ခဲ့ရပါ။ ဘေးမှ ကြည့်ရှုပြီး ပူဇော်ခဲ့ရသည်။ ၎င်းနောက် သားဆေးကန်နှင့် အခြားသိကောင်းဖွယ်ရာများကို ကြည့်ရှုလေ့လာပြီး ကျောင်းသို့ပြန်၊ ညအိပ်ရပ်နားသည်။

တပို့တွဲလဆုတ် ၁၄ ရက် (၄–၃–၂၀၀၀)စနေနေ့ နံနက်စာ သုံးဆောင်ပြီး အဖွဲ့သားအားလုံး အလှည့်ကျဆရာတော် ဦးဓမ္မာနန္ဒာဘိဝံသအား ကန်တော့ကြသည်။ ၎င်းနောက် သိမ်ကျောင်းတော်နှင့် လောကစူဠာမဏိ စေတီတော်ကြီးအား သွားရောက်ဖူးမြော်ကြသည်။ စေတီတော်ကြီးအနီးရှိ သမီးချစ် ဒေါ်သုဓမ္မဝတီကျောင်းသို့လည်း ရောက်ခဲ့သည်။ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ၁၀ ရက် တရားစခန်းတွင် စကားပြန်လုပ်ရန် ကိစ္စရှိနေ၍ သမီးချစ်နှင့် ခေတ္တသာ တွေ့ခဲ့ရသည်။ ၎င်းနောက် ကျောင်းပြန်၊ နေ့လယ်စာ သုံးဆောင်ကြသည်။ ၁၁ နာရီ ၁၅ မိနစ်အချိန် နီပေါနိုင်ငံ မြန်မာရွှေကျောင်းတော်ကြီးမှ အိန္ဒိယနိုင်ငံ ရူပီပြည်နယ် ကုသိနာရုံသို့ ခရီးဆက်ခဲ့သည်။ ၁၂ နာရီခွဲအချိန် အိန္ဒိယနိုင်ငံသို့ ရောက်သည်။ လမ်းခရီးတွင် ကားလမ်းနှင့် ရထားလမ်း ၃ ခါဆုံသည်။ ဒုတိယ ရထားလမ်း

သည့် ကားလမ်းအောက်မှ သွားသည်။ ခရီးလမ်းတစ်လျှောက်တွင် အင်ကြင်းတောများ၊ မျှောက်များ၊ ဆည်မြောင်း တာတမံနှင့် ကြံခင်း၊ ဂျုံခင်းများ တွေ့ခဲ့ရသည်။ ညနေ ၄ နာရီအချိန် ကုသိနာရုံ မြန်မာ ဘုန်းတော်ကြီး ဦးဉာဏိသရ ကျောင်းသို့ ရောက်သည်။ ရောက်လျှင် ရောက်ချင်း မဟာပရိနိဗ္ဗာန စေတီတော်ကြီးနှင့် မဟာပရိနိဗ္ဗာန ရုပ်ပွား တော်ကြီးအား သွားရောက်ဖူးမြော်ပြီး ညအိပ်ရပ်နားကြသည်။

တပေါင်းလဆန်း ၁ ရက်(၅-၃-၂၀၀၀) တနင်္ဂနွေနေ့ နံနက်စာ သုံးဆောင်ပြီး ၆ နာရီခွဲအချိန်တွင် ကျောင်းဘုန်းကြီး ဦးဉာဏိသရ လိုက်ပါ၍ အဖွဲ့သားအားလုံး ရွှေကြာသင်္ကန်းတော်ကို ကိုင်ဆောင် လျက် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး ပဋ္ဌာန်း ပစ္စ ယုဒ္ဒေသ သံပြိုင်ရွတ်ဆို၍ ရုပ်ပွားတော်ရှိရာသို့ သယ်ဆောင်ခဲ့ပြီး မဟာ ပရိနိဗ္ဗာန ရုပ်ပွားတော်ကြီးအား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း သည်။ အဖွဲ့ဝင်ဆရာတော် ဦးဣန္ဒမှလည်း နှစ်ထပ်သင်္ကန်းကြီး တစ်ထည် ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဦးဉာဏိသရ ဦးဆောင်၍ အနိစ္စာဝတသင်္ခါရာ၊ ဟန္ဒဒါနိဘိက္ခဝေ၊ သဗ္ဗေဝ နိက္ခိပိ ဿန္တိ စသော မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်လာ ဂါထာတို့ဖြင့် ရွတ်ပွားပူဇော်ကြသည်။ ထို့နောက် ကျောင်းသို့ပြန်၊ နံနက် ၈ နာရီခွဲ အချိန် မော်တော်ယာဉ်ဖြင့် မကုဋဗန္ဓနစေတီ၊ အင်္ဂါရစေတီ၊ ဓာတ်တော် ဝေရာ ဌာနများသို့ သွားရောက်ဖူးမြော်ကြသည်။ ထို့နောက် ထိုင်းဘုရား ကျောင်းနှင့် ဘုရားရှင် ရေကြည်တော် သောက်သုံးတော်မူသော နေရာ များသို့ သွားရောက်ဖူးမြော်ပြီး ကျောင်းသို့ပြန်၊ ခေတ္တအနားယူ၊ နေ့လယ် စာ သုံးဆောင်ကြသည်။ နေ့လယ်ပိုင်းတွင် ကိုယ်ပိုင်အချိန်များဖြစ်၍ အချို့ ကုသိနာရုံမြို့တွင်းသို့ သုံးဘီးကားငှား၍ ဈေးဝယ်သွားကြသည်။ အချို့ ရုပ်ပွားတော်ကြီး သွားရောက်ဖူးမြော်ကြသည်။ ည ၇ နာရီအချိန် အဖွဲ့သားအားလုံး ဆရာတော်ဦးဉာဏိသရအား ကန်တော့ကြသည်။

ဆရာတော်က ရုပ်ပွားတော်ကြီးမှ စွန့်ထားသော ထိုင်းသင်္ကန်းအဟောင်း ကို ပိုင်းဖြတ်၍ တစ်ဖြတ်စီ ဝေငှပေးသည်။ ထို့နောက် ညအိပ်ရပ်နား ကြသည်။ ဤတွင် သံဝေဇနီယ လေးဌာန ဗုဒ္ဓဂါယာ ဘုရားဖူးခရီးစဉ် ပြီးဆုံးပြီဖြစ်၍ အပြန်ခရီးစဉ်ကို ဆက်လက်ရေးသားတင်ပြပါမည်။

## အပြန်ခရီးစဉ် မှတ်တမ်း

တပေါင်းလဆန်း ၂ ရက်(၆–၃–၂၀၀၀) တနင်္လာနေ့ နံနက်စာ သုံးဆောင်ပြီး ၆ နာရီ ၁၀ မိနစ်အချိန် ကုသိနာရုံ မြန်မာဘုန်းကြီး ကျောင်းမှ ပတ္တနားမြို့(ပါတလိပုတ်မြို့)သို့ ခရီးဆက်ခဲ့သည်။ လမ်းခရီး တွင် ကားစီးရေ တစ်ရာကျော် နှစ်ရာခန့် ရှိမည်ဟု ခန့်မှန်းရသော ကုန်တင်မော်တော်ယာဉ် ကားတန်းကြီးနှင့် အမည်မသိ မြစ်ကူးတံတား ကြီးတစ်ခုကို ဖြတ်ကျော်ခဲ့ရသည်။ ကားလမ်းနှင့် ရထားလမ်း ၂ ခါ တွေ့ဆုံသည်။ ဒုတိယရထားလမ်းမှာ ကားလမ်းအောက်မှ သွားသည်။ လိုက်ချီးခေါ် တရုတ်ဆီးသီးခြံများ၊ ဆည်မြောင်းများ တွေ့ခဲ့ရသည်။ နေ့လယ်စာကို လမ်းခရီး တစ်နေရာတွင် သုံးဆောင်ကြသည်။ နေ့လယ် တစ်နာရီအချိန်တွင် ဝေသာလီမြို့ဟောင်းနေရာ၊ ဒုတိယသင်္ဂါယနာ တင်ရာ ဝါလိကာရုံ ကျောင်းတော်နေရာ၊ မူလပကတိ အနေအထား အတိုင်း ရှိသော ခြင်္သေ့ရုပ် လေးစီးပါသော အသောက ကျောက်စာတိုင်၊ လိစ္ဆဝီမင်းသားတို့ ဝေစုရသော ဓာတ်တော်စေတီ၊ တွင်းအနက် ငါး တောင် ခန့်မှန်းခြေရှိသော အမ္ဗပါလိရေတွင်း (ရေအနည်းငယ်သာ ရှိသည်)၊ ဂျပန်ပြည်မှ တည်ထားကိုးကွယ်သော ဖွား, ပွင့်,ဟော,စံ– သံဝေဇနီယ လေးဌာန ရုပ်ပွားတော် လေးဆူပါရှိသော ကမ္ဘာ့ငြိမ်းချမ်း ရေး စေတီတော်ကြီးသို့ ရောက်ခဲ့သည်။ ညနေ ၃ နာရီ ၁၅ မိနစ်အချိန် ပူတီမြို့ လမ်းခြေမှ အရှည် သုံးမိုင်ခွဲရှိ မဟာတ္တမဂန္ဒီ ဂင်္ဂါမြစ်ကူးတံတား ကြီးကို ဖြတ်ကျော်ခဲ့သည်။ တံတားအလယ်လောက်တွင် ခေတ္တရပ်နား၍

ဗိဒ်ဒီယိုရိုက်ခဲ့သည်။ ၃ နာရီခွဲအချိန် ပတ္တနားမြို့သို့ ရောက်သည်။ တတိယသင်္ဂါယနာတင်ရာ တိုင်အလုံးပေါင်း ၈၀ ကျော်ရှိ အသောကာရုံ ကျောင်းတော်ရာ ရေကန်၊ ယခု ရေလယ်တွင် ကျောက်ကျောင်းတိုင် တစ်တိုင်သာ ရှိတော့သည်။ အသောက ကျောက်တိုင်ပြတိုက်၊ သံဃာတော်များ ဆေးကုပေးသော ဆေးခန်းနေရာ ရေကန်များသို့ လှည့်လည် ကြည့်ရှုခဲ့သည်။ ဝေသာလီမြို့ဟောင်း၊ ကောသမ္ဗီမြို့ဟောင်း၊ ပတ္တနားမြို့တို့၌ အသောကမင်းကြီး၏ ခြင်္သေ့ရုပ်လေးစီးပါသော ကျောက်စာတိုင်များ မူလပကတိအတိုင်း ရှိသည်ဟု သိရပါသည်။ ၄ နာရီအချိန် ပတ္တနားမြို့ မြန်မာဘုန်းတော်ကြီး ဦးဓမ္မာစာရ ကျောင်းသို့ ရောက်၊ ညအိပ်ရပ်နား ကြသည်။

တပေါင်းလဆန်း ၃ ရက်(၇–၃–၂၀၀၀) အင်္ဂါနေ့ နံနက်စာ သုံးဆောင်ပြီး အဖွဲ့သားအားလုံး ဆရာတော်အား ကန်တော့ကြသည်။ ၎င်းနောက် မြို့ထဲသွား၊ ဈေးဝယ်ကြပြီး ကျောင်းပြန် နေ့လယ်စာ သုံး ဆောင်ကြသည်။ ညနေ ၅ နာရီ ၄၅ မိနစ်အချိန် ပတ္တနားဘုန်းတော်ကြီး ကျောင်းမှ လေဆိပ်သို့ ထွက်ခွာခဲ့သည်။ ခရီးစဉ်အားလုံး ပြီးဆုံးပြီဖြစ်၍ စီးတော်ယာဉ် မော်တော်ကားကြီးနှင့် ခရီးလမ်းညွှန် ကိုစံမြင့်တို့အဖွဲ့အား လက်ဆွဲနှုတ်ဆက်ကြ၊ လက်ပြကြနှင့် ခရီးသည်အားလုံး လေဆိပ်ခန်းမ သို့ ဝမ်းနည်းစွာ ဝင်သွားကြလေသည်။ ကိုစံမြင့်တို့အဖွဲ့လည်း လေယာဉ် ထွက်သည်တိုင်အောင် စောင့်နေကြသည်။ ည ၉ နာရီတိတိ အချိန်တွင် ပတ္တနားလေဆိပ်မှ ကလကတ္တားသို့ ထွက်ခွာခဲ့သည်။ လေယာဉ်ပျံသန်းချိန် ၄၅ မိနစ် ကြာသည်။ လေဆိပ်တွင် ဒေါ်သင်းသင်း စိန်နှင့် ဒေါ်မာယာတို့ အသင့်စောင့်ကြိုနေကြသည်။ ဒေါ်မာယာ ဦးဆောင်၍ လေဆိပ်မှ မော်တော်ယာဉ်ဖြင့် လေဆိပ်ဟိုတယ်သို့ လာခဲ့ သည်။ ၆ ထပ် မြောက်တွင် တည်းခို၍ ညအိပ်ရပ်နားသည်။

တပေါင်းလဆန်း ၄ ရက်(၈–၃–၂၀၀၀) ဗုဒ္ဓဟူးနေ့ နံနက်စာကို ဟိုတယ်အောက်ထပ် ဧည့်ခန်းမတွင် ကြိုက်နှစ်သက်ရာ မှာယူ၍ သုံးဆောင်ကြသည်။ နံနက်စာသုံးဆောင်ပြီး ၆ နာရီ မိနစ် ၄၀ အချိန်တွင် ဒေါ်မာယာ ဦးဆောင်၍ မော်တော်ယာဉ်ဖြင့် လေဆိပ်ဟိုတယ်မှ လူဦးရေ ၂၈ သန်း နေထိုင်သော ကလကတ္တားမြို့သစ်ကို ဖြတ်ကျော်၍ ကလကတ္တားမြို့ဟောင်း လူနေအိမ်ခြေနှင့် တစ်စပ်တည်းရှိသော မြန်မာဘုန်းတော်ကြီးများဖြစ်သော ဦးနန္ဒမာလာ၊ ဦးသီရိန္ဒတို့ နေသော သုံးထပ်တိုက် အပေါ်ဆုံးအထပ်သို့ ၇ နာရီခွဲအချိန် ရောက်သည်။ လက်ဖက်ရည် မုန့်များဖြင့် ဧည့်ခံကြသည်။ ဘုရားဖူးအဖွဲ့များ ခန်းနေ ဆရာတော်များအား လှူဖွယ် ဝတ္ထုငွေများဖြင့် ကန်တော့ကြသည်။ ကျောင်းထိုင်ဆရာတော်များ ခရီးထွက်နေ၍ မတွေ့ခဲ့ပါ။ ၈ နာရီ ၂၀ မိနစ်အချိန် ၎င်းကျောင်းမှ ထွက်ခဲ့ပြီး သံလိုက်ဖြင့် ဆွဲထားသော သံမဏိကြိုး ၁၁၈ ချောင်းရှိ ကြိုးတံတားကို ဖြတ်ကျော်ခဲ့သည်။ ကြိုးတံတားဖြတ်ကျော်ခ ရူပီ ၄၀ ပေးရသည်။ ၎င်းနောက် ရက္ခဗေဒ ဥယျာဉ်သို့ ရောက်သည်။ ကားဝင်ခ ရူပီ ၁၀ ပေးရသည်။ တစ်ပင်လျှင် အကိုင်း ၁၇ ခုရှိသော ထန်းပင်နှစ်ပင်၊ နှစ်ပေါင်း ၂၄၀ သက်တမ်းရှိသော ညောင်ပင်ကြီး၊ အရွက်သုံးမျိုးထွက်သော အရူးပင်၊ လှည်းဘီးပမာဏ ရှိသော ကြာရွက်ကြီး၊ ယခု မရှိတော့ပါ။ ရေကန်သာ ရှိတော့သည်။ ဥယျာဉ်မှ အထွက် လမ်းခရီးတွင် ပထမဆုံး နိုဗယ်ဆုရှင် စာရေးဆရာကြီး ရာဘင်ဒရာနတ်တဂိုးပြတိုက်၊ ဗစ်တိုရီးယား(ဝိတိုရိယ) ဘုရင်မကြီး ပြတိုက်တို့ကို ကားပေါ်မှ မြင်ခဲ့ရသည်။ အထဲမဝင်ရပါ။ ဈေးကြီးသို့ ဝင်ရောက်၍ ဈေးဝယ်ကြသည်။ ၁၁ နာရီခွဲအချိန် ဟိုတယ်သို့ ပြန်ရောက်၊ နေ့လယ်စာသုံးဆောင်ပြီး အနားယူကြသည်။ ညနေ ၃ နာရီ ၁၀ မိနစ်အချိန် မော်တော်ယာဉ်ဖြင့် ဒေါ်မာယာ ဦးဆောင်၍ လေဆိပ်သို့ လာခဲ့သည်။ ဒေါ်သင်းသင်းစိန် လေဆိပ်မှ စောင့်နေသည်။

၆ နာရီတိတိ အချိန် အိန္ဒိယနိုင်ငံ ကလကတ္တားလေဆိပ် ပြည်ပထွက်ခွာဆောင်မှ အိန္ဒိယလေကြောင်းခရီးစဉ်ဖြင့် မြန်မာနိုင်ငံ ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်သို့ အိန္ဒိယစံတော်ချိန် ည ၇ နာရီ ၂၅ မိနစ်၊ မြန်မာစံတော်ချိန် ည ၈ နာရီ ၂၅ မိနစ်အချိန် ဆိုက်ရောက်ပါသည်။ ဤတွင် ဘုရားဖူးခရီးစဉ်အားလုံး ပြီးဆုံးပြီဖြစ်၍ ခရီးသည်အားလုံး မော်တော်ယာဉ်ဖြင့် မိမိတို့တည်းခိုရာ မိမိတို့အိမ်ဂေဟာသို့ အသီးအသီး ထွက်ခွာသွားကြပါသတည်း။ ဤခရီးစဉ်မှတ်တမ်းဖြင့် အမှတ် ၁၆ ဘုရားဖူးအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းတင်ပါ၏။ နှုတ်ခွန်းဆက်သလိုက်ပါ၏။

အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြ၍ လိုရာဆန္ဒ ပြည့်ဝကြပါစေ။

မှတ်တမ်းရေးသားသူ
**ဘုရားဖူးခရီးသည် ဦးဝိစိတ္တသာရ**
ကန်ဦး ပရိယတ္တိစာသင်တိုက်၊
ပေါင်းတလည်မြို့၊ ပြည်ခရိုင်၊ ပဲခူးတိုင်း။

အမှတ် ၂၁၉၉၂
ရက်စွဲ ............

ဘုရားဖူးခရီးသည် အားလုံးအား တစ်အုပ်စီ လှူဒါန်းပါမည်။ (ဘုရားဖူး သွားနိုင်ရန် ခရီးစရိတ် ထောက်ပံ့လှူဒါန်းကြသူတို့အား ကျေးဇူးဆပ်သော အနေဖြင့် ဓမ္မဒါန လက်ဆောင်တစ်အုပ်စီ လှူဒါန်းပါမည်။)

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးသော ကမ္ဘာအေး ပုဗ္ဗဝိဒေဟကျောင်းဆောင်မှ သင်တန်းမှူး ဆရာတော် ဦးဝါယမသာရ၊ ဦးကေလာသတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

အလှူရှင်အမည် ____________________

နေရပ် ____________________

____________________

အလှူငွေ ____________________

ဤစာအုပ်ကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ရေ၊ မီး

ဓမ္မဒါန ငွေပဒေသာပင် အလှူရှင်များအတွက် ကျမ်းပြုဆရာတော်၏တပည့်

ဆရာတော် ဦးဝိစိတ္တာသာရ

(ပေါင်းတလည်မြို့၊ ကန်ဦးကျောင်းဆရာတော်)က

ဓမ္မဒါနပြုလုပ်လှူဒါန်းပါသည်။